ငွေမိုးယံစာပေ

www.burmeseclassic.com

# ယနိ

...ပဉ္စလက်နှင့်ပရဆန်းကြွယ်ဂမ္ဘီရဝတ္ထုတိုများ

BURMESE CLASSIC




ဆရာကြီးအရိန္ဒမာ

ရွှေယမင်းဦး

ဘသက်ဆွေ

မင်းပုည

အောင်ကျော်စွာ

ဇလွန်ကျော်ဦး

ဓနုတ်ပတိအောင်ဇော်

သုနန္ဒာဆွေ(ယမြေရှိ)


www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၁၄၉၀၁၀၈

အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၁၇၂၀၂၀၈

စီစဉ်သူ – ကိုဖြိုး

ထုတ်ဝေခြင်း – ပထမအကြိမ်၊
၂၀၀၈ခုနှစ်၊ ဧပြီလ

အုပ်ရေ – ၁၀၀၀

တန်ဖိုး – ၁၀၀၀ ကျပ်

မျက်နှာဖုံးပန်းချီ – ရဲမာန်

ထုတ်ဝေသူ – သင်းသင်းမွန် (သင်းစာပေ)
အမှတ်(၁၀)၊ ရတနာမြိုင်လမ်း၊
ကမာရွတ်။

ပုံနှိပ်သူ – ဦးကျော်စိန်
(ကျောက်စိမ်းပုံနှိပ်တိုက်)
၁၇၁/ ၃၃ လမ်း(အထက်)၊
ရန်ကုန်မြို့။

ဖြန့်ချိရေး – စိန်မိုးယံ စာပေ

www.burmeseclassic.com

www.burmeseclassic.com

# ဆရာကြီးအိမ်ရှေ့မှာ
# ရှူရှူးရှူဆင်းတစ်ခေါက်
# အကြောင်း



www.burmeseclassic.com

www.burmeseclassic.com

# ဆရာကြီးသိရှိမှာ

## လူထုလူဆန်းကာစ်ယောက်အကြောင်း

တစ်ခါတစ်ခါတွင်
ပြန်လည်၍ပြောပြလျှင်
မယုံကြည်နိုင်လောက်အောင်ကို
ထူးထွေဆန်းပြားသော
ဖြစ်ရပ်များသည်
လူ့လောကတွင်
အမှန်တကယ်ပင်
ဖြစ်ပျက်တတ်၏
ရင်သပ်ရှုမောဖွယ်
အံ့ဩကြရ၏။

www.burmeseclassic.com

www.burmeseclassic.com

# သရကြီးသရိုနှမ

## လူထူးလူဆန်းတစ်ယောက်အကြောင်း

တစ်ခါတစ်ခါတွင်
ပြန်လည်၍ပြောပြလျှင်
မယုံကြည်နိုင်လောက်အောင်ကို
ထူးထွေဆန်းပြားသော
ဖြစ်ရပ်များသည်
လူ့လောကတွင်
အမှန်တကယ်ပင်
ဖြစ်ပျက်တတ်၏
ရင်သပ်ရှုမော
အံ့ဩကြရ၏။

www.burmeseclassic.com

www.burmeseclassic.com



အကျွန်ုပ်သည် အဖော်မွန်ခေါ်တောင်ဖေး လက်ကိုင်တုတ်လေးကို အဖော်ပြုကာ တပည့်ဖြစ်သူ စောဘိလူးနှင့်အတူ မြန်မာနိုင်ငံအထက်အောက်အနှံ့ ကျေးလက်တောရွာ တောတောင်မြိုင်ယံ အနှံ့အပြားသို့ ဂန္ဓာရီခရီးလှည့်လည်ရင်း မကွေးတိုင်း ပွင့်ဖြူမြို့နယ် ဇီးကိုင်းရွာကလေးသို့ ရောက်ရှိသွားခဲ့လေ၏။

ဇီးကိုင်းရွာကလေးသို့ ရောက်ရှိခိုက်တွင် သက်ကြီးရွယ်အိုလူကြီးသူမတို့၏ ပြောကြားချက်များအရ လူထူးလူဆန်းကြီး ဦးဆန်းအကြောင်းကို ကျွန်ုပ်တို့ ကြားသိခဲ့ရ၏။

BURMESE CLASSIC

ထိုလူကြီးသူမတို့၏ ပြောပြ၍သိရှိခဲ့ရသော ဦးဆန်း၏အဖြစ်အပျက်များမှာ ထူးခြားဆန်းကျယ်ဆန်းကြယ် အံ့ဩဖွယ်ကောင်းလွန်းလှသောကြောင့် အကျွန်ုပ်တို့သည် မှတ်စုပဒေသာစာအုပ်တွင် ရေးသားပြီးမှတ်တမ်းတင်ထားခဲ့သည်။ ယင်းသို့ "မှတ်စုပဒေသာ" စာအုပ်တွင် ရေးမှတ်ထားသည့် မှုရင်းအတိုင်း တင်ပြပါအံ့။

လွန်လေခဲ့သော နှစ်ပေါင်း (၈၀) ကျော်ကာလက ဖြစ်၏။

မကွေးတိုင်း ပွင့်ဖြူမြို့နယ် ဇီးကိုင်းရွာကလေးသည် မောင်ဆန်း၏ ဇာတိချက်ကြွေ မွေးရပ်မြေပင်ဖြစ်သည်။ မိဘများမှာ မိရိုးဖလာ လယ်ယာကိုင်းကျွန်း လုပ်ကိုင်ကြသူများပင် ဖြစ်ကြ၏။

မောင်ဆန်း (၅) နှစ်သားအရွယ်ကဖြစ်လေ၏။

အချိန်ကာလမှာ စပါး၊ ပဲ၊ ပြောင်းစသည်တို့ကို ရိတ်သိမ်းပြီးချိန် နွေဦးပေါက် တပေါင်းလသမယတွင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံတွင် နာမည်ကျော် ရွှေစက်တော် ဗုဒ္ဓပူဇနိယ ပူဇော်ပွဲသို့ မောင်ဆန်းတို့ မွေးချင်းဆွေမျိုးတစ်စု ဘုရားဖူးသွားကြသည်။ ထိုစဉ်သမယက ယခုမျက်မှောက်ခေတ်ကာလကဲ့သို့ ကားများ မပေါ်များသေး။ နွားလှည်းများဖြင့်သာ ညအိပ်ညဉ့်နေသွားလာကြရ လေ၏။

မန်းစက်တော်ရာသို့ ရောက်လေလျှင် မန်းချောင်းသဲပြင်တွင် လှည်းများ ဝိုင်းဖွဲ့ကာ စိတ်အေးလက်အေးဖြင့် နေကြရသည်။ နွားလှည်းတန်းကြီးများမှာ တမျှော်တခေါ်ရှည်လျားလှသည်။ ကြည့်လျှင် ကား မျက်စိတစ်ဆုံး ဖြစ်နေတော့၏။

ဘုရားဖူးများက ကြိတ်ကြိတ်တိုး စည်ကား၍နေလေ၏။

ထိုစဉ်တွင် မောင်ဆန်းသည် လူအုပ်ကြားထဲတွင် လူကြီးများနှင့် တကွဲတခြားစီဖြစ်သွားတော့သည်။ အမှန်တော့ မောင်ဆန်းသည် လူအုပ်ကြားထဲတွင်ညှပ်၍ ကျန်ရစ်ခဲ့ခြင်းဖြစ်၏။

မောင်ဆန်း၏မိဘဆွေမျိုးများကား လူစုခွဲကာနေရာအနှံ့သို့ ရှာဖွေကြသည်။ သို့သော် မောင်ဆန်းကိုကား ရှာဖွေ၍မတွေ့။ ထို့ ကြောင့် လေးငါးဆယ်ရက်နေထိုင်ပြီး ဂရုတစိုက် လိုက်လံရှာဖွေ ကြည့်သည်။ မောင်ဆန်းကား အရိပ်အယောင်မျှ မမြင်တွေ့ရ။ ပျောက်ရှင်း မလှပျောက်ဆုံးနေသဖြင့် နောက်ဆုံးတွင် မောင်ဆန်းအား ရှာပုံတော် ဖွင့်ခြင်းကို လက်လျှော့လိုက်ရတော့၏။

ထိုကဲ့သို့ မောင်ဆန်းပျောက်ဆုံးသွားခဲ့သည်မှာ နှစ်ပေါင်း(၅၀)



www.burmeseclassic.com

www.burmeseclassic.com



ကျော် ကြာမြင့်ခဲ့လေပြီ။

"သေသောသူ ကြာလျှင်မေ့၊ ပျောက်သောသူ ရှာလျှင်တွေ့"

ဆိုသော မြန်မာစကားစဉ်ရှိ၏။

မောင်ဆန်းကလေးမှာ မသေသော်လည်း ရှာ၍မတွေ့လေသောကြောင့် ဖိုးကုန်းရွာကလေးရှိ လူကြီးလူငယ်များသည် အချိန်ကာလကြာလာသည်နှင့်အမျှ မေ့မေ့ပျောက်ပျောက်ပင် ဖြစ်၍နေကြလေပြီ။

အချိန်ကာလက ပျောက်ခြင်းမလှ ပျောက်ဆုံးသွားခဲ့သည့် မောင်ဆန်းကလေးသည် ဦးဆန်းအဖြစ်နှင့် ရွာသို့မမျှော်လင့်ဘဲ ပြန်လည် ရောက်ရှိလာတော့၏။

ဦးဆန်းသည် ဖိုးကိုင်းရွာကလေးသို့ ပြန်လည်ရောက်ရှိလာချိန်ဝယ် သူ၏မိဘများကား မရှိရှာကြတော့၊ ကွယ်လွန်အနိစ္စရောက်ကြပြီ ဖြစ်သည်။ သူ၏ဆွေမျိုးသားချင်းများနှင့်သာ တွေ့ဆုံခွင့်ရတော့၏။

တစ်ချိန်တစ်ခါက ပျောက်ဆုံးသွားခဲ့သော မောင်ဆန်းကလေးသည် ဦးဆန်းအဖြစ်နှင့် ဖိုးကိုင်းရွာကလေးသို့ ပြန်လည်ရောက်ရှိလာချိန်ဝယ် သူသည်ပခုက္ကူယောနယ်လက်ရှိ လူကြီးတစ်ယောက်က ခေါ်ဆောင်သွား၍ လိုက်ပါကာသွားခဲ့ပြီး အနေကြာခဲ့သည်ဆိုင်း

သူ့မွေးစားဖခင်ကြီးနှင့်အတူ အနေရာအနှံ့အပြားသို့ လှည့်လည်၍ အရပ်ရပ်သို့သွားလာကာ စီးပွားရှာဖွေခဲ့ရကြောင်းကို ပြန်



www.burmeseclassic.com

www.burmeseclassic.com



လည်၍ ပြောပြခဲ့၏။

ဦးဆန်း၏ ဥပဓိရုပ်ကိုလည်း ကြည့်ပါဦး။

ဦးဆန်းသည် အရပ်ထောင်ထောင်မောင်းမောင်း၊ မဟာနဖူးနှင့် ဖြစ်သည်။ မျက်လုံးမျက်ဆန်ကောင်းသည်။ နှုတ်ခမ်းမွေးပါးသိုင်းမွေး မရှိ၊ လျှောင်တုံးနှင့်ကြည့်၍ခန့်သည်။ ယောကျ်ားပီသသော ဥပဓိရုပ် ရှိသည်။ ဣန္ဒြေရသည်။ အနေတည်၏။

ဦးဆန်းသည် ရွာတွင်ရှိကလေးငယ်များကို ချစ်တတ်ခင်တတ် သည်။ အလိုလည်းလိုက်သည်။ အားလျှင် ကလေးသူငယ်များနှင့် ပျော်ပျော်ပါးပါးနေထိုင်ကာ ကလေးသူငယ်တို့၏ အန္တအတာကို လည်းခံ၏။

နွေဦးပေါက်ကာ တစ်နေ့တွင်ဖြစ်၏။

ကျောင်းတော်ရာ တပေါင်းပွဲသို့သွားကြရန် ပြင်ဆင်နေကြသော ရွာတွင်းရှိကလေးသူငယ် တစ်သိုက်အား ဦးဆန်းက ဆီးရွက်တစ် ရွက်စီ ယူခဲ့ကြဟုပြောကြား၏။

ကလေးသူငယ်များကလည်း ဦးဆန်းကိုချစ်ခင်လေးစားကြ၏။ ဆီးရွက်တစ်ရွက်စီရှာကာ ဦးဆန်း၏လက်ထဲသို့ ထည့်ပေးလိုက် ကြ၏။

ဤတွင်ဦးဆန်းက ကလေးသူငယ်များပေးသော ဆီးရွက်ကို သူ့လက်ထဲသို့ထည့်၍ ဆုပ်ကိုင်လိုက်ပြီး. . .

"ကဲ . . ကလေးတို့ မင်းတို့သေသေချာချာကြည့်ကြ"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ပြောပြီး သူ၏ဆုပ်ကိုင်ထားသော လက်ကိုဖြန့်လိုက်သော အချိန်တွင် ဆီးရွက်ဘဝမှ တစ်ကျပ်တန်ငွေဒင်္ဂါးချပ်များ ဖြစ်သွားသည်ကို အံ့ဩဖွယ် မြင်တွေ့လိုက်ကြရသည်။ ကလေးသူငယ်များက ဦးဆန်းသည် မျက်လှည့်၊ လက်လှည့်၊ ပဉ္စလက်ပြနေသည်အမှတ်ဖြင့် ကြည့်ရှုနေကြလေ၏။

ထို့ထက်ပိုမို၍ ထူးခြားဆန်းကြယ် အံ့ဩဖွယ်ကောင်းသည်မှာ ထိုငွေဒင်္ဂါးတစ်ကျပ်ကို ကလေးသူငယ်များအား ပေးအပ်လိုက်ရာ မည်သို့ပင်သုံးသုံး သုံး၍မကုန်ခြင်းပင်ဖြစ်သည်။ ငွေဒင်္ဂါးတစ်ကျပ်ကို သုံးလိုက်သော်လည်း နောက်ငွေဒင်္ဂါးတစ်ကျပ်က အလိုလိုအိတ်ထဲတွင် ရှိနေပြန်သည်။ သို့သော် ငွေဒင်္ဂါးတစ်ကျပ်ထက်ပို၍လည်း သုံးစွဲ၍မရပါ။

တစ်နေ့သ၌ ရေနံချောင်းမှ တရုတ်ကုန်သည်နှစ်ဦးသည် ပွင့်ဖြူမြို့နယ် ဇီးကိုင်းရွာသို့ ဝက်များဝယ်ယူရန်ရောက်ရှိလာခဲ့ကြ၏။

သူတို့နှစ်ယောက်သည် ပတ်ဝန်းကျင်ရှိ ရွာကလေးများသို့လည်း မကြာခဏဝက်များဝယ်ယူရန် ရောက်ရှိလာလေ့ရှိ၏။

ထိုသို့ရွာများတွင် ဝက်များကိုဝယ်ယူရာတွင် တရုတ်ကုန်သည်နှစ်ဦးသည် သူများတကာပေးသောဈေးကိုမပေး။ ငွေလို၍ဝက်ရောင်းသူများကို ဈေးနှိမ်ပြီးဝယ်ယူခြင်း၊ အဆမတန်ဈေးဆစ်တတ်ခြင်း၊ ငွေများချန်ထားခြင်းများကို ပြုလုပ်တတ်ကြောင်းကို ဦးဆန်းက သတိရမိ၏။

www.burmeseclassic.com


သို့အတွက်ကြောင့် ဦးဆန်းဇွာသူ့ညီမဖြစ်သူအား . . .

"တရုတ်ကုန်သည်တွေ ရွာထဲမှာရောက်နေတယ်လို ကြားတယ် . . . သွားခေါ်စမ်း၊ ဝက်ရောင်းရအောင်"

"ဘာဝက်မှမရှိဘဲနဲ့အစ်ကိုကလည်း . . ."

"အို . . . သွားမှာသာသွားခေါ်ခဲ့ . . . ဝက်ထီးနှစ်ကောင် ရောင်းစရာ ရှိတယ်လို့ပြော . . ."

ဦးဆန်းကခိုင်းလိုက်၍ ညီမဖြစ်သူက တရုတ်ကုန်သည်များ ဆီသို့ ထွက်သွားခဲ့၏။

ဦးဆန်းသည် အိမ်နံဘေးရှိ ထင်းပုံကိုသွားရောက်၍ သစ်တုံးကြီးနှစ်တုံးကို လက်ဖြင့်ရိုက်ပုတ်လိုက်သည်နှင့်တစ်ပြိုင်နက် ဝက်ထီးကြီးနှစ်ကောင် ဘွားခနဲပေါ်လာတော့၏။

ညီမဖြစ်သူခေါ်ဆောင်လာခဲ့သည့် တရုတ်ကုန်သည်နှစ်ယောက်သည် ဦးဆန်းတို့နေအိမ်သို့ ရောက်ရှိလာသည်။ ဦးဆန်းထံမှ ဝက်ထီးကြီးနှစ်ကောင်ကို ဈေးနှိမ်၍ဝယ်ယူပြီး အသင့်ပါလာသော နွားလှည်းပေါ်သို့ တင်ဆောင်သွားကြတော့၏။

တရုတ်ကုန်သည်နှစ်ယောက်က ဦးဆန်းထံမှဝက်ထီးကြီးနှစ်ကောင်ကို ဈေးလည်းနှိမ်၍ဝယ်ယူသည်။ ငွေကိုလည်းအကြေအလည်မချေ။ တချို့တစ်ဝက်ကို ချန်ထားခဲ့သေး၏။

ဦးဆန်းကဘာမျှမပြော။ တရုတ်ဝက်ကုန်သည်နှစ်ယောက်သည်ကိုင်ပုံကို ပြုံးရုံသာပြုံး၍နေတော့၏။


www.burmeseclassic.com

www.burmeseclassic.com

တစ်နာရီခန့်သာကြာ၏။

တရုတ်ဝက်ကုန်သည်နှစ်ဦးသည် နွားလှည်းကိုဒုန်းစိုင်းကာ ပြန်လာကြသည်။ ဒေါသတကြီး ရှူးရှူးရှဲရှဲနှင့် ဦးဆန်းတို့အိမ်ကို ဝင်ရောက်လာကြပြီး. . .

"ကျုပ်တို့က ဝက်ဝယ်ချင်တာ ဘာဖြစ်လို့သစ်တုံးတွေကို ပေးလိုက်တာလဲ . . . ဘယ်မှာလည်းဟိုလူကြီး"

ဦးဆန်း၏ညီမဖြစ်သူက –

"အစ်ကို . . . အိမ်ပေါ်မှာ အိပ်နေတယ်"

ဦးဆန်းကားအိမ်အပေါ်ထပ်တွင် စိတ်အေးလက်အေးဖြင့် တခေါခေါဖြင့် အိပ်ပျော်နေသည်။ တရုတ်ဝက်ကုန်သည်နှစ်ဦးသည် ဒေါသတကြီးဖြင့် အိမ်ပေါ်သို့တက်ရောက်လာကြ၏။

ဦးဆန်းကား နီးချောဖျာတစ်ချပ်ပေါ်ဝယ် စိတ်အေးလက်အေး ဖြင့် ခြေပစ်လက်ပစ် အိပ်မောကျ၍နေသည်။ တရုတ်ကုန်သည်နှစ်ဦး အနက် တစ်ဦးကဦးဆန်း၏ ခြေသလုံးတစ်ဖက်ကို ဆောင့်ဆွဲကာနှိုး သည်။ ကျန်တစ်ဦးက လက်တစ်ဖက်ကိုဆွဲမလိုက်၏။

ဦးဆန်း၏ခြေတစ်ချောင်းမှာ ပေါင်ရင်းအဆစ်နေရာမှ ပြုတ်ထွက် သွားတော့သည်။ လက်တစ်ဖက်မှာလည်း အရင်းမှပြုတ်၍ထွက်လာ သည်။ သွေးများကား လုံးဝမထွက်။ တရုတ်ကုန်သည်နှစ်ဦးမှာ သူတို့ မြင်တွေ့ရသော မြင်ကွင်းမှာ အလွန်အံ့ဩထိတ်လန့်ဖွယ်ဖြစ်၍ မိမိတို့၏မျက်လုံးကိုပင် မယုံကြည်နိုင်လောက်အောင်ဖြစ်ကာ. . .


www.burmeseclassic.com

www.burmeseclassic.com



"အမလေး. . . သရဲခြောက်တယ်. . ."

ဟု၍ အသံသေးအသံကြောင်ဖြင့်အော်ဟစ် လန့်ဖြန့်ပြီး အိမ်ပေါ်မှ ပြေးဆင်းသွားကြတော့၏။

နောက်တစ်နေ့ မနက်ဖြစ်၏။

ဦးဆန်း၏အိမ်ရှေ့သို့ ကုန်းဖောင်းရွာရဲစခန်းမှ ရဲသားသုံးဦးနှင့် အတူ တရုတ်ဝက်ကုန်သည်နှစ်ဦးတို့ လိုက်ပါလာ၏။

ဦးဆန်းအား လိမ်ညာမှုနှင့်တိုင်ချက်ဖွင့်ထား၍. . .

"ကျုပ် . . . ငွေလိုချင်လို့လုပ်တာမဟုတ်ပါဘူး . . . တရုတ်ကုန်သည်နှစ်ယောက်ကို ဆုံးမပြီးပညာပေးချင်လို့ လုပ်တာပါ . . . ဈေးနှိမ်ငွေချန်ပြီး သမ္မာအာဇီဝ လုပ်ကိုင်စားသောက်နေကြတဲ့သူတွေမဟုတ်လို့ ခုလို သင်ခန်းစာပေးလိုက်တာပါ"

"စခန်းရောက်မှ တာဝန်ရှိတဲ့စခန်းမှူးနဲ့ ပြောစရာရှိတာကို ပြောပါဦးလေး"

ထိုသို့ပြောပြောဆိုဆိုနှင့် ဦးဆန်း၏လက်နှစ်ဖက်ကို လက်ထိပ် ခတ်လိုက်တော့၏။

ခဏကြလေသော် ဖြောင်းခနဲအသံမြည်ကာ လက်ထိပ်မှာ မြေပေါ်သို့ပြုတ်ကျသွားတော့သည်။ လူအများက အံ့ဩဖွယ်မြင် တွေ့ရပြန်၏။

ရဲသားတစ်ဦးက မြေပေါ်သို့ပြုတ်၍ကျသွားသော လက်ထိပ်



www.burmeseclassic.com

www.burmeseclassic.com



ကို ကောက်ယူလိုက်ကာ မြန်ပြီးခတ်ရန်ပြင်ဆင်သည့်အခါ ဦးဆန်းက တည်ငြိမ်ကြည်သောမျက်နှာ လေးနက်သောအသံဖြင့် . . .

"ဟေ့ . . . သူငယ် မင်းတို့ငါ့ကို လက်ထိပ်ခတ်လည်း အပိုပဲ . . . ခတ်မနေနဲ့ ဒီလောက်ဆိုရင် မင်းတို့သဘော ပေါက်ကြဖို့ကောင်းပြီ . . . ငါအေးအေးဆေးဆေး မင်းတို့ရဲစခန်းကို လိုက်ခဲ့မယ် . . . မင်းတို့သာ ရှေ့က သွားနှင့်ကြ"

"ဟောင်းပန်ပါတယ်ခင်ဗျာ . . . ကျွန်တော်တို့နဲ့ တဲစ်ပါတည်း လိုက်လာခဲ့ပါဦးလေး ကျွန်တော်တို့ . . ."

"ဟေ့ . . . မင်းတို့ဘာမှအစိုးရိမ်ကြနဲ့ . . . ငါကြောင့် မင်းတို့တစ်တွေကို လုံးဝအပြောမခံစေရဘူး . . . နောက်က ငါမှီအောင်လိုက်ခဲ့မယ်၊ သွားကြ . . ."

ရဲသားများက မယုံရဲယုံရဲဖြင့် ဦးဆန်းကိုချန်ထားကာ ရှေ့မှ သွားနှင့်ကြသည်။ သွားသာသွားနေကြရသည် စိတ်ထဲတွင်ကား ထင့်ထင့်ဖြစ်နေသည်။ ကုန်းဖောင်းနှင့်ဗီးကိုင်းရွာမှာ (၃)မိုင်ခန့် ကဝေးဝေ၏။

သူတို့တတွေ ကုန်းဖောင်းကို ခြေချမိ၍ရဲစခန်းဘက်သို့ မျက် မှလိုက်ကြသည်။ ရဲစခန်းဝတွင် ဦးဆန်းသည်ရပ်၍ သူတို့အား င့်နေသည့်ကို အံ့ဩဖွယ်မြင်တွေ့လိုက်ကြရလေ၏။

ဤဖေါ်ပြပါဦးဆန်း၏ ဖြစ်ရပ်ဆန်းသည် ပုံပြင်ဒဏ္ဍာရီဆန်ဆန်



www.burmeseclassic.com

www.burmeseclassic.com


ဖြစ်ကောင်းဖြစ်နေပေလိမ့်မည်။ အမှန်အတိုင်းဝန်ခံရပါလျှင် ပုံပြင်လည်းမဟုတ်၊ ဒဏ္ဍာရီလည်းမဟုတ်၊ စိတ်ကူးယဉ်ခြင်းလည်းမဟုတ်။ လွန်လေခဲ့သော နှစ်ပေါင်း (၈၀)ကျော် ကာလက မြန်မာ့ကျေးလက်တောရွာတစ်ရွာတွင် လူမသိ၊ သူမသိနှင့် အမှန်တကယ် ကြုံတွေ့ဖြစ်ပေါ်ခဲ့ခြင်းသာ ဖြစ်လေ၏။

ဦးဆန်းနေထိုင်ခဲ့သော ရွာကလေး၊ အိမ်ဝိုင်းနှင့်သိမှီလိုက်ကြသည့် လူကြီးသူမများ၊ ဦးဆန်းနှင့်ဆွေမျိုးမကင်းသည့် မျိုးနွယ်စုများသည် မျက်မှောက်ခေတ်ကာလတိုင် သက်ရှိထင်ရှား ရှိနေကြလေ၏။

သိမှီလိုက်ကြသော လူကြီးသူမတို့၏ ပြောပြသော ဦးဆန်းအကြောင်းကို ကျွန်ုပ်သည် မှတ်စုပဒေသာစာအုပ်တွင် "လူထူးလူဆန်းတစ်ယောက်အကြောင်း"အဖြစ် ရေးသား၍ မှတ်တမ်းတင်ထားခြင်းဖြစ်လေ၏။

မြန်မာဂမ္ဘီရသိပ္ပံ၊ ဝိဇ္ဇာခရေ လောကီပညာရပ်ဆိုသည်မှာ တိမ်မယောင်နှင့်နက်၊ လွယ်မယောင်နှင့်ခက်ခဲသော ပညာရပ်မျိုးဖြစ်သည်။ တစ်ခါတစ်ခါတွင် ခက်မယောင်နှင့်လွယ်ပြီး နက်မယောင်နှင့်တိမ်နေတတ်သည့် အဖြစ်မျိုးနှင့်လည်း ကြုံတွေ့ရတတ်၏။

ပွင့်ဖြူမြို့နယ်၊ စီးကိုင်းကျေးရွာက ဦးဆန်းပြုလုပ်ပြသသွားခဲ့သောပညာရပ်သည် မည်သို့သော ပညာရပ်မျိုး ဖြစ်ပါသနည်း။

ထိုသို့သော လောကီပညာရပ်မျိုးကို တတ်မြောက်အောင် ဦးဆန်းသည် မည်သို့မည်ပုံ သင်ကြားခဲ့ပါသနည်း။


www.burmeseclassic.com

www.burmeseclassic.com



ထိုပညာရပ်၏ အကောင်းအဆိုး၊ အကြောင်းအကျိုးတို့သည် မည်သို့ဖြစ်လေသနည်း။

ယင်းတို့နှင့်ပတ်သက်၍ လူထူးလူဆန်းကြီးဖြစ်သော ဦးဆန်းသည် မည်သည့်သဲလွန်စလေးမျှ မထားရစ်ခဲ့ပါ။

မည်သို့ပင်ဖြစ်စေ ဦးဆန်းတတ်မြောက်သော ပညာရပ်သည် ရှေးမြန်မာကြီးတို့၏ မြန်မာ့ဂမ္ဘီရသိပ္ပ၊ ဝိဇ္ဇာဝရေ လောကီပညာရပ်၏ တစ်စိတ်တစ်ပိုင်း ဖြစ်နေသည်ကိုကား ငြင်း၍မရနိုင်ပါ။

လောကတွင် သဘာဝထက် ဆန်းကြယ်နေလျှင် အံ့ဩဖွယ် ဖြစ်နေပေသည်တကား. . .

အစဉ်ထာဝရ ဂါရဝတရားဖြင့်
ဆရာကြီး အရိန္ဒမာ



www.burmeseclassic.com

www.burmeseclassic.com



ရွှေလမင်းဦး
နွားရိုင်းသွင်းချိုင်

www.burmeseclassic.com

www.burmeseclassic.com

# ရွှေယမင်းဦး

# "နွားရိုင်းသွင်းချိန်"

ကိုယ်တစ်ယောက်တည်း မြစ်နားချောင်းစပ် ရေ့ ပရိုရာ နေရာ
များသို့ သွားရောက်ထိုင်ကြည့်နေလိုသော ဆန္ဒစိတ်တို့က ညနေခင်း
ရောက်ကိုင်း ကိုယ့်ရင်တွင်း၌ မင်းမူကြီးစိုးနေလေ့ရှိ၏။ ရေစီးဆင်း
နေသော လှုပ်ရှားမှု၊ ရေလှိုင်း၌ လေကြောင့် လှုပ်ရှားတွန့်လိမ်မှုတို့ကို
တွေးကြည့်ရင်း၊ ငေးကြည့်ရင်း သူ့ရဲ့ ရုပ်ပုံလွှာတို့က ရေတွင်းမှ
ကိုယ့်ကို လှောင်ပြောင်ကျီစားနေသလို၊ ရန်တွေ့စိတ်ပျက်နေသလို
ခံချိမခံသာ ကြေကွဲစွာ၊ ခြောက်သွေ့စွာ၊ ရယ်မောပြနေသလိုမျိုး
မြင်နေကြ၊ တွေ့နေကြဖြစ်နေခဲ့၏။

နေဝင်ရီတရောအချိန်တွင် လူတို့သည် တစ်ဦးတည်း တစ်
ယောက်တည်း တွေးတောငေးမောနေပါက မကောင်းဆိုးဝါးတို့၏
ရုပ်ပုံလွှာများက ခြောက်လှန့်တတ်သည်။ အိမ်ပြင်သို့ သွားလာနေ



www.burmeseclassic.com

www.burmeseclassic.com

# ရွှေဥဒေါင်း

# "နွားရိုင်းသွင်းချိန်"

ကိုယ်စောက်ယောက်တည်း မြစ်နားချောင်းစပ် ရေ ဂရုရာ နေရာ များသို့ သွားရောက်ထိုင်ကြည့်နေလိုသော ဆန္ဒစိတ်တို့က ညနေခင်း ရောက်ကိုင်း ကိုယ့်ရင်တွင်း၌ မင်းမူကြီးစိုးနေလေ့ရှိ၏။ ရေစီးဆင်း နေသော လှုပ်ရှားမှု၊ ရေလွှာ၌ လေကြောင့် လှုပ်ရှားတွန့်လိမ်မှုတို့ကို တွေးကြည့်ရင်း၊ ငေးကြည့်ရင်း သူ့ရဲ့ ရုပ်ပုံလွှာတို့က ရေတွင်းမှ ကိုယ့်ကို လှောင်ပြောင်ကျီစားနေသလို၊ ရန်တွေ့စိတ်ပျက်နေသလို ခံချိမ့်ခံသာ ကြေကွဲစွာ၊ ခြောက်သွေ့စွာ၊ ရယ်မောပြုနေသလိုမျိုး ခိုင်နေကြ၊ တွေ့နေကြဖြစ်နေခဲ့၏။

နေဝင်ရီတရောအချိန်တွင် လူတို့သည် တစ်ဦးတည်း တစ် ယောက်တည်း တွေးတောငေးမောနေပါက မကောင်းဆိုးဝါးတို့၏ ရုပ်ပုံလွှာများက ခြောက်လှန့်တတ်သည်။ အိမ်ပြင်သို့ သွားလာနေ

www.burmeseclassic.com



ထိုင်ခြင်းကို လူကြီးသူမတို့က ထိုအချိန်များတွင် ခွင့်ပြုချက်မပေးဘဲ အိမ်ထဲဝင်နိုင်းတတ်ကြ၏။ ကျွန်တော် ငယ်စဉ်ကာလကတည်းက အမေ၏ဂရုစိုက်မှုကို အလွန်အမင်း ခံစားခဲ့ရသူ ဖြစ်၏။ ကျွန်တော်သည် ရေကို လွန်စွာခင်မင်ရင်းစွဲ ရှိသူလည်း ဖြစ်၏။ ရေစပ်တွင် အချိန်များစွာကစားတတ်ပြီး နေထိုင်ခြင်း ကိုနှစ်သက်၏။ ဒီအချက်ကို အမေကောင်းစွာသဘောပေါက်၏။ ထို့ကြောင့် နေဝင်ရီတရော အချိန်ရောက်သည်နှင့် အိမ်ထဲဝင်ရန် ခေါ်လေတော့၏။

"သားရေ. . . ကိုတိုး၊ ဒီလိုအချိန်မျိုးမှာ အိမ်ထဲမှာပဲ နေရတယ်ကွယ့်၊ မကောင်းဆိုးဝါးတွေ ပျော်မြူးတဲ့အချိန် သားစိတ်တွေကို သားမပိုင်တဲ့အချိန်၊ ဘာဖြစ်ဖြစ် သတိလက်လွတ်ဆုံးဖြတ်မိတတ်တယ်ကွယ့်. . .၊ လာ လာ အိမ်ထဲဝင်၊ ရေမိုးချိုး ထမင်းစားကြရအောင်လေကွယ်နော် သား"

"ဟုတ်ကဲ့ပါ အမေ၊ သား လာပါ့မယ်၊ ခဏလေးပါ"

တဝေါဝေါစီးဆင်းနေသော ရေစီးသံတို့ထံမှ စကားပြောသံများကို ကြားရလေ့ရှိ၏။ လေတိုးသံတို့က ကျွန်တော့်ကို အဖော်ပြု ဘာသာပြန်ပေးနေလေ့ရှိ၏။

"ဟော့ကောင် မောင်တိုး၊ မင်း ခုလိုနေရတာ တကယ် ပျော်နေတာလား၊ ဒါမှမဟုတ် တစ်စုံတစ်ခုကို တွေ့ချင်နေတာလား၊ မင်း ဘာဖြစ်လို့ စိတ်ပဲ့လွင့်နဲ့မကာပ်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



တွေးနေငေးနေရတာလဲ၊ မင်းဘာဖြစ်ချင်နေတာလဲ၊ မင်း သူ့ကိုရှာနေတာလား၊ သူက မင်းနဲ့ဘယ်လိုမှ ပတ်သက်လို့မရတဲ့ တမလွန်ကို ထွက်သွားခဲ့ပြီလေ. . .၊ မင်းက ရေကူးကျွမ်းပါရက်နဲ့ ဘာဖြစ်လို့ သူ့ကိုမှမကယ်ဆယ်ခဲ့တာလဲ၊ မင်း သူ့ကို သေစေချင်ခဲ့တာ မဟုတ်လား။ မင်း သူ့ကိုလမ်းခွဲချင်ခဲ့တာ မဟုတ်လား၊ မင်း သူ့ကို စိတ်ပျက် ငြီးငွေ့သွားခဲ့တာ မဟုတ်လား. . ."

သည်လေတိုးသံ၊ ရေစီးသံတို့ကို ကြားမိတိုင်း ကိုတိုးကြေကွဲဝမ်းနည်းမှုတို့ ကြိတ်မှိတ်ခံစားလျက် နားနှစ်ဖက်ကို လက်ဖြင့်ပိတ်ပြီး မျက်လုံးနှစ်လုံးကို အတင်းမှိတ်ပစ်လိုက်မိလေ၏။ ပူနွေးသောမျက်ရည်စီးကြောင်းများက ကိုတိုး၏ ပါးပြင်ပေါ်သို့ ပိုးပိုးပေါက်ပေါက်စီးကျလာလေ၏။ ကိုတိုးရှိုက်သံတို့ ထွက်လာခဲ့၏။ ငိုကြွေးမြည်တမ်းခဲ့မိလေ၏။

"ကိုယ့်ကို ခွင့်လွှတ်ပါ မိသဲရယ်၊ ကိုလေ မိသဲကိုဘယ်လိုမှမုန်းလို့ မေ့လို့မရနိုင်ပါဘူး၊ ဒါပေမယ့် မိသဲကသာ ကိုယ့်ကို တကယ်တမ်း ရက်စက်သွားခဲ့တာပါ၊ မိသဲ ရက်စက်မှုတွေကို ကိုယ်ခံစားရင်း မိသဲနဲ့ဝေးရာကို ကိုယ်က ထွက်သွားချင်ခဲ့တာပါ၊ ဒါပေမယ့် ကိုယ့်ကို ထားပြီး မိသဲက အရင်ထွက်သွားခဲ့ပြီကိုး၊ ကိုယ့်မိသဲ တွေ့နေကျ နေဝင်ရီတရောအချိန်လေးတွေကို ကိုယ်



www.burmeseclassic.com

www.burmeseclassic.com


မြတ်နိုးတယ်၊ နောက်ဆုံး မိသဲရဲ့လမ်းခွဲမှုလေးတွေကို ပြန်တွေးမြင်ယောင်နေခဲ့တယ်၊ ရေကူးကျွမ်းတဲ့မိသဲက ရေထဲမှာပဲ ဘဝနစ်မျောခဲ့တာကို။ ကိုယ် ဘယ်လိုပြော ရမလဲ မိသဲရယ်. . .''

♛ ♛ ♛ ♛ ♛


www.burmeseclassic.com

www.burmeseclassic.com



"အဝိုးရေ ဟေး အဝိုး၊ သဲလေ အဝိုးကို ရေငုပ်ပြမယ်
နော်၊ ကြည့်နေသီလား. . ."

မိသဲ ညနေတိုင်း ရေကူးလေ့ရှိ၏။ သူမက ရှက်တတ်သူဖြစ်၍ ကိုယ်နှင့်အတူ မကူး။ သူ ရေကူးတာကိုပဲ ထိုင်ကြည့်နေရမည်ဆိုပြီး ရေကူးကျွမ်းကျင်စွာဖြင့် အမျိုးမျိုးကူးခတ်ကစားပြခဲ့သူဖြစ်၏။ ရေစပ်ချောင်းနား ကြီးပြင်းလာကြသူများဖြစ်၍ ရေကူးကျွမ်းကျင်ကြသည်မှာ မဆန်းလှသလို ရေငုပ်လည်း ကျွမ်းကျင်သူဖြစ်၏။ မိနစ်ပေါင်းများစွာ ရေငုပ်ပျောက်ကွယ်နေတတ်ခဲ့၏။ ပြီးမှ ဘွားကနဲရေပေါ်သို့ ပြန်တက်ကြ၍ စိုးရိမ်ကြောက်လန့်ဖြစ်နေသော ကျွန်တော့်ကို ရယ်မောနောက်ပြောင်လေ့၊ ကျီစယ်လေ့ရှိခဲ့၏။

သည်လိုအဖြစ်အပျက်တွေက ဟိုးငယ်စဉ်ကာလကတည်းက ယခု အသယ်ကျော်သက်ဘဝသို့ တိုင်ခဲ့ပြီဖြစ်၍ သမရိုးကျ ဖြစ်နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်၏ စိုးရိမ်သောကများကလည်း ယခင်အတိုင်းကလောက် သည်းသည်းသန်သန် မရှိတော့သော အကျင့်ပါနေခြင်းမျိုးဖြစ်၏။

နောက်တစ်ခုက မိသဲသည် ကျွန်တော့်အပေါ်တွင် ဗိုလ်ကျလွန်းလှ၏။ သူ့အလို သူ့ဆန္ဒများကိုသာ ကျွန်တော်က လိုက်လျောညီထွေ လုပ်ကိုင်ပေးရတတ်၏။ ကျွန်တော်၏ စိတ်ချမ်းသာမှုမှန်သမျှကို ဖဲ့ခြွေဖျက်ဆီးပစ်လိုက်တတ်သူဖြစ်၏။ ကျွန်တော့်ကို ဘယ်လိုမှ အထင်ကြီးစရာမရှိသော လူအနွံတစ်ယောက်ပမာ ပြောဆိုဆက်ဆံနေထိုင်တတ်သူဖြစ်၏။

> "အဝိုး နင်က ယောကျ်ားလေးဖြစ်ပြီး ငါ့နှလောက်တောင် ဘဝမှာရဲရင့်တာ၊ စွန့်စားတာမရှိဘူး၊ အလကားငတုံးကြီး လူဖြစ်ရှုံးနေတဲ့ ငတိုးကြီး၊ လူ့ဗာလကြီး၊ အခြောက်ကြီး ဟား. . . ဟား. . . ဟား. . . ဟား. . ."

ကျွန်တော်က ယဉ်ကျေးမှုကို အထူးလိုက်စား ပြောဆိုနေထိုင်တတ်သူဖြစ်၏။ သိမ်သိမ်မွေ့မွေ့ လှုပ်ရှားသွားလာမှုကို အမေက ငယ်စဉ်ကတည်းက သင်ကြားပေးထားခဲ့၏။ ကျွန်တော်၏ ကမ္ဘာမှာ အချစ်ဆုံးက အမေဖြစ်၏။ အမေကတော့ ကျွန်တော်ငယ်စဉ်ကတည်းက မျက်ကွယ်ပြုသွားခဲ့ပြီဖြစ်၍ တစ်ဦးတည်းသောသားကို ချစ်သော မိခင်၏ချစ်ခြင်းတို့ကို ကျွန်တော်အပြည့်အဝ ခံစားခဲ့ရလေသည်။

"သားရေ . . . ကိုတိုး"

ဟူသော အမေ၏ကရုဏာသံလေးက ကျွန်တော့် နှလုံးသားကို


www.burmeseclassic.com

www.burmeseclassic.com



လွှမ်းမိုးပိုင်ဆိုင်ထားပြီးသားဖြစ်၏။ ညနေ နေဝင်ရီတရောအချိန် ပုံပြင်များစွာကိုလည်း အမေက ကျွန်တော့်ကို ညစဉ်ပြောပြလေ့၊ နားထောင်နိုင်းလေ့ရှိသူလည်း ဖြစ်၏။

"သားရေ. . . ကိုတိုး သိလား . . . ညနေ နေဝင်ရီ တရောအချိန်ရောက်ရင် သေလွန်သွားတဲ့ ပရလောက ကဝိညာဉ်တွေက အသက်ဝင်တတ်တယ်တဲ့။ သူတို့တွေ ဟာ လူယောင်ဖန်ဆင်းပြီး လူတွေနဲ့ရောနှောတတ်ကြ တယ်တဲ့၊ လူတွေကို သူတို့နဲ့အဖော်ပြုချင်တာနဲ့ ဖြား ယောင်းမြူဆွယ်ပြီး သူတို့နောက် လိုက်ချင်အောင် ပြုမူ တတ်ကြတယ်ကွဲ့၊ အဘွားတို့က ငယ်ငယ်က အမေ့ကို ပြောပြထားဖူးတယ်သားရဲ့. . . ဒါကြောင့် ညနေမှောင်ရီ ပျိုးပျမှာ ဘာကိုမှမငေးနဲ့ . . . မတွေးနဲ့၊ ဖုတ်ကောင် တွေက သားကိုမြူဆွယ်ပြီး သူတို့နောက် လိုက်ချင်အောင် လုပ်ပြတတ်ကြတယ်. . . သူတို့တွေက အယောင်ဆောင် လည်း ကောင်းကြတယ်. . . သားနဲ့အလွန်အမင်း ခင်မင် ရင်းနှီးတဲ့ မိတ်ဆွေသူငယ်ချင်း အပေါင်းအသင်းတွေရဲ့ ပုံစံမျိုးနဲ့ ဖြားယောင်းခေါ်ယူတတ်ကြတာ. . . လူဆိုတာ အသက်ရှင်နေတဲ့ကာလမှာပဲ တန်ဖိုးရှိကြတာ . . . ဘယ်လိုလူပဲဖြစ်ဖြစ် သေဆုံးသွားတဲ့နောက်မှာ ဘာမှ တန်ဖိုးမရှိကြတော့ဘူး . . . တန်ဖိုးရှိအောင်နေသွား

www.burmeseclassic.com



လုပ်သွားကြတဲ့လူတွေသာ လူသေပြီး နာမည်မသေကြတာ"

"ဒါပေမယ့် နာမည်ကျန်တတ်တဲ့လူက အသက်ရှည်ရှည် အကျိုးရှိရှိ နေနိုင်တာကပိုပြီးကောင်းတာပေါ့သားရယ် ကိုတိုးမှယ်နော် . . . သား အစစအရာရာ သတိတရား မြဲပါစေကွယ် . . . သားက လူယဉ်ကျေးဆိုတော့ သနား တတ်၊ ကူညီတတ်တာ . . . အဲဒီလို မကောင်းဆိုးဝါး တွေရဲ့ ဆွဲဆောင်မှုကြောင့်တော့ အသက်ဥပါဒ် အရောက် မခံပါနဲ့ကွယ်နော် . . . သား ကိုတိုးလေး"

"စိတ်ချပါ အမေရယ် . . . သား သတိတရား အမြဲ တမ်းထားပါ့မယ် . . . အမေ့ကိုလည်း သားက လုပ်ကျွေး ချီးမှာပါ . . . သားရင်ထဲမှာ အမေဟာ ကျေးဇူးအ ကြီးမားဆုံး . . . သံယောဇဉ်အကြီးမားဆုံး။ အချစ်ရ ဆုံးပါဗျာ . . . သား အမေ့စကားတွေကို မြေဝယ်မကျ နားထောင်ပါ့မယ်ဆိုတာ ယုံပါအမေရာ"

ကျွန်တော်သည် စကားပြောလည်းပြောရင်း မိခင်ကိုလည်း ဖက်တွယ် နမ်းရှုံ့လိုက်လေ၏။ မိခင်၏ ကျေနပ်မှုဝိတိ မျက်ရည် ကြည်လေးများက ရယ်မောပြုံးရွှင်နေသည့် မျက်နှာပြင်ပေါ်တွင် ထင်းထင်းကလေး အရည်လဲ့နေခဲ့လေ၏။

သည်နေ့ညနေ ကျွန်တော့်စိတ်တွေ လေးလံထိုင်းမှိုင်းနေခဲ့၏။ ကိုယ်လက် မသယ်ချင်၊ မလှုပ်ချင်ဖြစ်နေခဲ့၏။ ထုံးအတိုင်း ရေစပ်



www.burmeseclassic.com

www.burmeseclassic.com



တွင် ငေးမောထိုင်ကြည့်နေရင်း အိပ်ငိုက်သလိုလို ဖြစ်သွားခဲ့လေ၏။ ရုတ်တရက် အေးစက်နေသော လက်တစ်ချောင်းက ကျွန်တော့် ခြေထောက်များကို ရေထဲသို့ ဆွဲချသွားခဲ့လေ၏။

"အ. . . အ. . . အမလေး အမေရေ"

"ဖြွမ်း. . ."

ကျွန်တော် ယောင်ယမ်းတမ်းတရင်း ရေထဲသို့ ထိုးကျသွားခဲ့လေ၏။ မသိသူများကတော့ ကျွန်တော် ရေကူးရန် ရေထဲဆင်း သည်ဟု ယူဆကြပေလိမ့်မည်။ ရေထဲရောက်မှ မိသဲလက်ချက်မှန်း သိလိုက်ရ၏။ ရေသံလေ သံတို့နှင့်အတူ မိသဲစကားသံတို့က နီးလိုက်ဝေးလိုက် ဗိုးတဝါး မပီမသ ကြားနေခဲ့ရ၏။

"ငတိုး . . .၊ ငါလေ သိလား၊ ရေဘဝကြီးတစ်ခုက စုပ်ယူသွားတာလေ၊ ငါ့ခြေထောက်ကွေးက နွယ်တွေနဲ့ ပတ်ပြီး ချောက်ထဲကို ထိုးကျသွားခဲ့သလိုပဲ၊ ရေထဲမှာ ချားစီးနေရသလို လည်နေခဲ့ပြီးမှ မူးပြီး အော့ချင်အန်ချင် ဖြစ်လာပြီး ရေဘဝအောက်ကို နစ်မြုပ်သွားခဲ့တာ. . . တစ်ခါတစ်ရံပေါ်လာပြီး နင့်ကို ကယ်ခိုင်းသေးတယ်၊ နင်က ငါ့ကို ဂရုမစိုက်ဘူး၊ နင် ငါ့ကို ရက်စက်တယ်၊ ငါကပေါ့ နင်နဲ့ နွေးနွေးထွေးထွေး နေချင်လိုက်တာ၊ ငယ်ငယ်ကတည်းက နင့်ကို ကျိတ်ပြီးကြိုက်ခဲ့တာ. . .၊ နင်က မသိဟန်ဆောင်နေတတ်တယ်



www.burmeseclassic.com

www.burmeseclassic.com



“နင်က ငါ့ကိုထက် နင့်အမေကိုပဲချစ်တာ ငါသိသားပဲ၊ ခုတော့ နင်. . . နင့်အမေကို မချစ်ရတော့ဘူး၊ ငါ့ကိုပဲ ချစ်ရမယ်၊ ငါနဲ့ပဲ နေရတော့မယ် သိလား ဝေတိုး၊ ငါနင့်ကို ပိုင်ပြီ၊ ခုလောက်ဆိုရင် နင့်အမေ နင်ပျောက်လို့ ဝမ်းနည်း ပက်လက် ငိုကြီးချက်မဖြစ်နေလောက်ပြီ၊ ဟား. . ဟား. . ဟား. . ဟား. . .၊ ငါ နင့်ကိုပိုင်ပြီ၊ နင့်အမေကို ငါနိုင်ပြီ၊ နင်နဲ့ငါနဲ့ တစ်သက်လုံး မခွဲမခွာနေရတော့မှာ ဝေတိုးရဲ့”

“မဟုတ်ဘူး မဟုတ်ဘူး မနေဘူး ငါ နင့်နဲ့မနေချင်ဘူး ငါ့အမေနဲ့ပဲ နေမယ်၊ ငါ့အမေကိုပဲ ချစ်တယ်၊ နင့်ကို ငါ မချစ်ဘူး နင့်ကို ငါမုန်းတယ်၊ နင်က သရဲမ၊ အစိမ်းမ၊ ငါ့ကိုလွှတ် မိသဲ၊ ငါ့ကိုလွှတ်. . .၊ အမေရေ. . . အမေ သားကို ကယ်ပါ၊ သား အမေ့စကားနားမထောင်မိလို့ သေရပါတော့မယ် . . . သားကို မိသဲ သတ်နေပါ တယ် . . . အမေရေ အမေ. . . အမေ”

ရုန်းရင်းဆန်ခတ်ဖြစ်နေသော ကျွန်တော်၏ ခြေများလက်များကို အမေက ဆုပ်ကိုင်လျက် စိုးရိမ်ကြောင့်ကြမှုကြီးမားစွာဖြင့် ပွေ့ဖက်နိုင် န် ကြိုးစားနေလေ၏။ နှုတ်မှလည်း–

“သားရေ. . . ကိုတိုး၊ သားရေ. . . ကိုတိုး၊ ဟဲ့ သားလေး အမေလေ၊ အမေပါ သားရဲ့. . .”

ဟု အော်ဟစ်နေသံတို့ကို ပီပီပြင်ပြင်ကြားလိုက်ရ၍ ကျွန်

www.burmeseclassic.com



တော်၏ အကြောက်လွန်၍ ဖွတ်မှိတ်ထားသော မျက်လုံးများကို အားယူပြီးဖွင့်၍ ကြည့်လိုက်မိ၏။ စူးစူးစိုက်စိုက်ကြည့်နေသော အမေ၏ သောကမျက်လုံးများကို မြင်လိုက်ရမှ ကြောက်လန့်စိတ်တို့ ပျောက်လွင့်သွားပြီး အမေ့ကို အားကိုးတကြီး ကျွန်တော်ပြန်၍ ဖက်တွယ်ထားလိုက်မိပါ၏။

"သား. . . အိပ်မက်ဆိုးတွေ မက်နေတာထင်တယ်၊ ထ . . . ထ သကြားရည်လေးသောက်၊ အမေ ဖျော်ပေးမယ်"

အမေက ပျာပျာသလဲ သကြားဖျော်ရည်လေးဖော်ခွက်ချော်၍ တိုက်လိုက်သည်ကို ငြိမ်သက်စွာသောက်နေပြီးမှ ကျွန်တော် အေးချမ်းစွာ အမေ့ကို စကားပြောနိုင်ခဲ့ပါ၏။

"အမေ. . .၊ နောက်ဆို ကျွန်တော် ညနေတိုင်း ဗုဒ္ဓ စိပ်ပြီး အိမ်ထဲမှာပဲ မေတ္တာပို့နေတော့မယ်နော်. . .၊ နွားရိုင်းသွင်းချိန်မှ မိသဲတစ်ယောက် ကောင်းရာသုံ့ဘ စရောက်ရှိနိုင်ပါစေလို့ . . .နော် အမေ"

"အေးကွယ်. . . သူ့ကိုသား မေတ္တာပို့သင့်တာပေါ့ သူက သားကို သိပ်ပြီးခင်တွယ်ရှာတာ. . . ခုလောက်ဆို သူ့ဘယ်ဘဝများ ရောက်နေရှာပါလိမ့်နော်"

"သူ မကျွတ်သေးဘူး အမေရဲ့ . . . သားကို အိပ် မက်ပေးတယ် . . . သူနဲ့နေဖို့ခေါ်သွားတာ တိုးဆ

www.burmeseclassic.com



ရေလယ်က ဝဲကြီးတစ်ခုထဲမှာ သူရှိနေတယ် . . . အဲဒါ ကျွတ်လွတ်အောင် သားမေတ္တာပို့ချင်တယ် . . . နောက်ပြီး . . . အမေ သူကမိဘမရှိတဲ့ မိန်းကလေး မဟုတ်လား. . . အမေကလည်း သူ့အတွက် ဘုန်းကြီး တစ်ပါးကို သင်္ကန်းတစ်စုံလှူဒါန်းပေးပြီး သားနဲ့အမေ သူ့ကိုဘဝတစ်ခုကနေ ကျွတ်လွတ်အောင် ကုသိုလ် ကောင်းမှုပြုပေးကြရအောင်ပါ အမေရာ နော်''


''အေးပါ သားရယ် . . . အမေလုပ်ပေးပါ့မယ်၊ ဒါပေ မယ့် သားအမေ့ကို ကတိတစ်ခုတော့ပေးရမယ်နော် . . . နောက်ဆို ဘယ်တော့မှ နေဝင်ရီတရော အချိန်မှာ အိမ် အပြင်ဘက်ကို မသွားတော့ပါဘူးဆိုတဲ့ ကတိလေ''

''ပေးပါ့မယ် အမေရာ . . . ပေးပါ့မယ် . . . သား လည်း အရမ်းကိုကြောက်တတ်သွားပါပြီ . . . အိပ်မက် မို့လို့ တော်သေးတာပေါ့ . . . တကယ်သာဆိုရင် ခုချိန် သားဘဝက ဟိုး . . . အေးစက်နေတဲ့ ရေဝဲကြီးထဲမှာ မိသဲနဲ့နေရပြီး အမေနဲ့ထာဝရခွဲသွားရတော့မှာဗျ . . . သိရဲ့လား. . .''

အမေက ကြင်နာစွာပွေ့ဖက်လျက် ကျွန်တော်၏ ကျောပြင်ကို နွေးနွေးနူးညံ့သော လက်ဝါးကလေးဖြင့် ပွတ်သပ်လျက်. . . ။

ရွှေယမင်းဦး

www.burmeseclassic.com



www.burmeseclassic.com

# ဘသက်ခွေ

## “ရှေအစောင်း လှိုင်းအစုတ်”

“ပြဿနာကတော့ ကျွန်တော့်ဇနီးမှာ သားဦးလေးမွေးတာက စတယ်လို့ ဆိုရမှာပေါ့ ဆရာရယ်. . .”

ဤသို့လျှင် မောင်နီသည် သူ့အကြောင်းကို စတင်ရင်ဖွင့်ပါသည်။

မောင်နီသည် ကျွန်တော်ရုံးထိုင်သော ထောင်ကျခောင်မှူးရုံးခန်း၏ အထွေထွေတာဝန်ကို ထမ်းဆောင်ရသော ထောင်ကျအကျဉ်းသား ဖြစ်သည်။ ထောင်ထဲအခေါ်အဝေါ်အရ ထောင်မှူးဆ်ဘာယာ”ဟု ခေါ်တွင်ကြသည်။ သူ၏ အထူးတာဝန်မှာ ထောင်မှူး၏ အထွေထွေတာဝန်ကို ထမ်းဆောင်ခြင်းပင် ဖြစ်သည်။ တစ်နည်းအားဖြင့် အခေါင်မှူးဖြစ်သော ကျွန်တော်၏ ဘာယာပင် ဖြစ်သည်။ သို့သော် သူ့ကို ကျွန်တော်က သဘောကျ၍ခန့်ခဲ့ခြင်းတော့မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com

# ဘသက်ခွေ

## “ရွှေအစောင်း လှိုင်းအပုတ်”

“ပြဿနာကတော့ ကျွန်တော့်ဇနီးမှာ သားဦးလေးမွေး တာက စတယ်လို့ ဆိုရမှာပေါ့ ဆရာရယ်. . .”

ဤသို့လျှင် မောင်နီသည် သူ့အကြောင်းကို စတင်ရင်ဖွင့်ပါသည်။

မောင်နီသည် ကျွန်တော်ရုံးထိုင်သော ထောင်ကျဆောင်မှူး ရုံးခန်း၏ အထွေထွေတာဝန်ကို ထမ်းဆောင်ရသော ထောင်ကျ အကျဉ်းသား ဖြစ်သည်။ ထောင်ထဲအခေါ် ဒ. ဝေါ်အရ ထောင်မှူး၏ ဘာယာ”ဟု ခေါ်တွင်ကြသည်။ သူ၏ အထူးတာဝန်မှာ ထောင်မှူး ၏ အထွေထွေတာဝန်ကို ထမ်းဆောင်ခြင်းပင် ဖြစ်သည်။ တစ်နည်း အားဖြင့် အဆောင်မှူးဖြစ်သော ကျွန်တော်၏ ဘာယာပင် ဖြစ်သည်။ သို့သော် သူ့ကို ကျွန်တော်က သဘောကျမြှောက်ခန့်ခဲ့ခြင်းမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မပိုင်မီ ဤအဆောင်တွင်း တာဝန်ထမ်းဆောင်သွားသော ထောင်ပိုင်မှူးက ခန့်ထားခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တော် အဆောင်မှူးဖြစ်လာသောအခါ မောင်နီသည်လည်း အလိုအလျောက် ကျွန်တော်၏ ဘာယာဖြစ်လာရခြင်း ဖြစ်သည်။

အသက်အားဖြင့် သုံးဆယ်ကျော်မျှသာရှိသေးသော မောင်နီမှာ သူ့နာမည်နှင့်မလိုက် အသားမည်းလှသည်။ အရပ်မြင့်သည်။ ကိုယ်ထည်ပြည့်သည်။ နှာတံပေါ်၌ စူးရှတောက်ပြောင်သော မျက်လုံးတို့ကြောင့် ယောကျ်ားပီသသည်ဟု ဆိုရမည်။

သူ့အပြောအရမူ ထောင်ထဲရောက်ပါမှ လုံးတီးထမင်းကြောင့် ဤမျှ ဝလာတောင့်တင်းလာခြင်း ဖြစ်သည်ဟုဆိုသည်။ ထောင်မကျမီကဆိုလျှင် ပိန်ချိချိ ခါးကိုင်းကိုင်း ဟုဆိုသည်။ ထို့ကြောင့် "ထောင်နှင့်တည့်သူ"ဟု သူ့ကိုယ်သူ ဂုဏ်ယူပြောကတ်သည်။

မောင်နီသည် ငယ်ရွယ်သူဖြစ်၍ ဖြတ်လတ်သွက်လက်သည်။ စေခိုင်းသည့်ကိစ္စများကို တိကျသေချာစွာ ဆောင်ရွက်တတ်သည်။ အထူးသဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် လာဘ်မြင်တတ်ခြင်းပင် ဖြစ်သည်။ ဤသည်မှာလည်း ထောင်ထဲတွင် အနေကြာ၍ ထောင်အထာကို ကျွမ်းလာသောကြောင့် ဖြစ်နိုင်သည်။ သို့သော် သူ့ကို အထူးချီးကျူးရမည့်အချက်မှာ သတိကောင်းခြင်း၊ အမှတ်သင်ညာ ကောင်းခြင်းပင် ဖြစ်သည်။

ဘယ်ကိစ္စမဆို မည်သည့်အဆောင်မှူး လက်ထက်တွင် မည်



www.burmeseclassic.com

www.burmeseclassic.com



သို့ဆောင် ရွက်ခဲ့သည်။ မည်သည့်အကျဉ်းသားသည် ဘယ်အချိန်တုန်းက ထောင်တွင်းပြစ်မှုကို ကျူးလွန်ခဲ့သဖြင့် မည်သည့်ပြစ်ဒဏ်ကိုခံရဖူးကြောင်း။ အဘယ်မည်သော အကျဉ်းသားသည် ယခင်က မည်သည့်ပြစ်မှုဖြင့် ထောင်ထဲသို့ ရောက်ခဲ့ဖူးသော လက်ထောက်ဖြစ်သည် စသည်ဖြင့် ချက်ချက်ချာချာ တိတိကျကျ ပြောတတ်သည်။

ထို့ကြောင့်ပင် ကျွန်တော်၏ ထောင်မှူးတာဝန်ထမ်းဆောင်ရာတွင် အမှားအယွင်း အတော်အတန်နည်းခဲ့ခြင်းသည် မောင်နီ၏ အကြံပေးမှုတို့နှင့် မကင်းခဲ့သောကြောင့်လည်း ဖြစ်သည်။

မောင်နီမှာ လူသတ်ရန်ကြံစည်မှု၊ ကိုယ်အင်္ဂါချွတ်ယွင်းစေမှုဖြင့် ထောင်ခုနစ်နှစ်ကျခဲ့သူ ဖြစ်သည်။ ကျွန်ုပ်တော်နှင့် တွေ့သောအခါ သူသည်ထောင်ကျနှစ် သုံးနှစ်ခန့်ရှိချေပြီ။ ထောင်တွင်းအလုပ်ကောင်းစွာကြိုးစားလုပ်ကိုင်ခြင်း၊ ထောင်တွင်းပြစ်မှုမရှိခြင်းတို့ကြောင့် ထောင်မှပေးသောဆုမှတ်ရက်များနှင့် ပေါင်းလိုက်လျှင် အလွန်ဆုံးသူ ထောင်ထဲမှာနေရလျှင် နှစ်နှစ်မျှသာရှိတော့သည်။ သို့သော် သူကံကောင်းသည်မှာ မေလ(၂၁)ရက်နေ့က နိုင်ငံတော်ကြေငြာချက် ၂/၈၀ ကိုရလိုက်ခြင်းပင် ဖြစ်သည်။ ယင်းကြေငြာချက်အရ ထောင်သားများကို ပြစ်ဒဏ်တစ်ဝက်လျှော့ချခွင့် ရလိုက်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် မောင်နီလည်း လွှတ်ပေးရမည့်အကျဉ်းသားများတွင် ပါဝင်သွားတော့သည်။

နိုင်ငံတော်ကြေငြာချက် ၂/၈၀အရ နိုင်ငံရေး အကျဉ်းသားများ



www.burmeseclassic.com

www.burmeseclassic.com


ကို လုံးလုံးလျားလျား လွှတ်ရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံရေး အကျဉ်းသားများကို ရွေးချယ်စာရင်းပြုပြီး အမြန်လွှတ်ရန်စီစဉ် ရာသဖြင့် မောင်နီကဲ့သို့သော ရာဇဝတ်အကျဉ်းသားများမှာ အစီအစဉ် အရ ဒုတိယအသုတ်တွင်မှ လွှတ်ပေးရတော့မည် ဖြစ်သည်။

ထို့ကြောင့် မောင်နီသည် ထောင်ထဲတွင် တစ်ရက်ပိုနေသွားခဲ့ရ သည်။ ထိုသို့ နေရခြင်းကပင်လျှင် သူ၏ရင်ဖွင့်သံကို ကျွန်တော် ကြားရခြင်း ဖြစ်ပါသည်။

"ကျွန်တော့်အကြောင်း ပြောရမယ်ဆိုရင် အစကပြန်ပြီး ပြောမှဖြစ်မှာ ဆရာရဲ့..."

မောင်နီက ဤသို့ဖြင့် သူ့ဘဝဇာတ်ကြောင်းကို နိဒါန်းပျိုး လေသည်။

"ကျွန်တော်တို့ ဇာတိက ရန်ကုန်တစ်ဘက်ကမ်း တော ကြီးတန်းကပါဆရာ၊ 'ကျွန်တော်တို့'လို့ ထည့်ပြောရတာ ဒီလိုပါဆရာ ... အေးမ၊ ဇော်မြင့်နဲ့ ကျွန်တော်တို့ သုံးယောက်ကို ဆိုလိုတာပါ၊ သိပ်ချစ်ကြတဲ့ သူငယ်ချင်း တွေပေါ့ ... အေးမနဲ့ ကျွန်တော်ရဲ့ အိမ်ကယှဉ်လျက် ခြံချင်းကပ်၊ လမ်းရဲ့ဒီဘက်မှာ ဇော်မြင့်အိမ်က လမ်းရဲ့ ဟိုဘက်၊ ကျွန်တော်တို့နှင့် မျက်နှာချင်းဆိုင် ကျွန်တော် တို့တွေက ရွယ်တူတွေ ... ကျောင်းမနေခင်က ကစား ဖော်သူငယ်ချင်း။ ကျောင်းနေကြတော့လည်း အတူတူ၊


www.burmeseclassic.com

www.burmeseclassic.com



ကျောင်းနေဘက်သူငယ်ချင်း။ ဒါကြောင့် ဒီပြင် သူငယ်ချင်းတွေထက် ပိုချစ်ရတာပေါ့. . .''

''ကျွန်တော့် အဖေက အဝေးပြေးကားမောင်းတယ်၊ အေးမရဲ့အဖေက သဘော်ကျင်းအလုပ်သမား။ ဇော်မြင့်အဖေကလည်း သဘော်ကျင်းမှာပါပဲ . . . လုပ်ငန်းခုပ်၊ ဒါကြောင့် ဒီကောင်က ကျွန်တော်တို့အထဲမှာ အဆင့်မြင့်တယ် . . . မုန့်ဖိုးများများရတယ်၊ သူကပဲ ကျွန်တော်တို့ကို မုန့်ဝယ်ကျွေးရတာများတယ် . . . ဒါ့အပြင် ဒီကောင်ကံကောင်းတာ ရှိသေးတယ် . . . အသားဖြူတယ်၊ ရုပ်ချောတယ်၊ ဝတ်စားနိုင်တာမို့ အပေါင်းအသင်းဆံ့တယ်၊ အထူးသဖြင့် မိန်းကလေးတွေက သူ့ကို အရေးပေးဆုံး''

''ကျွန်တော်ကတော့ မြင်တဲ့အတိုင်းပဲ၊ အသားမည်းတယ်၊ အရပ်ရှည်ပေမယ့် ပိန်တယ်၊ ကျွန်တော်တို့ သူငယ်ချင်းတွေက 'ကိုးကန်း'လို့ ခေါ်ကြတာသာ ကြည့်တော့''

''အေးမလည်း မည်းတာပါပဲ၊ ဒါပေမယ့် မိန်းကလေးဆိုတော့ ဝတ်စားပြင်ဆင်တတ်တယ်၊ အသားမည်းတာ မပေါ်လွင်ဘူး။ ကျွန်တော်တို့က သူ့ကို 'ညိုပြာညက်' လို့ အမည်ပေးထားတယ်''

''ဒီလိုနဲ့ အရွယ်ရောက်လာတော့ ကျွန်တော်တို့တစ်



www.burmeseclassic.com

www.burmeseclassic.com



တွေရဲ့ ငယ်ငယ်ကအချစ်ဟာ တစ်မျိုးတိုးပြီး မရိုးတဲ့ အချစ်ဖြစ်လာတာပါ၊ ထုံးစံအတိုင်းကံကောင်းသူ ဇော်မြင့်၊ ဒီကောင်က မိန်းကလေးတွေရဲ့ အချစ်တွေကို ရယုံနဲ့ မလုံလောက်သေးဘူး ထင်ပါရဲ့၊ အေးမရဲ့အချစ်ကို တောင်းဆိုလာသေးတယ် . . . ဒါဟာလည်း ကျွန်တော့်ကို အေးမက ဖွင့်ပြီးပြောလို့ သိရတာပါ . . . ကျွန်တော်လည်း အေးမကို ချစ်တာပါပဲ . . . ဒါပေမယ့် ဖွင့်မပြောရဲဘူး . . . ကျွန်တော်က ဆင်းရဲတယ်၊ရုပ်မချော ဘူး . . . ဒါကြောင့်ပါ"

"အေးမရှစ်တန်းကို ၂ နှစ်ဆက်ကျလို့ ကျောင်းထွက်လိုက်တယ် . . . ဆက်လည်းမနေတော့ဘူး အိမ်ဆိုင်လေးဖွင့်ပြီး ဈေးရောင်းတယ် . . . ဒီတုန်းက ဇော်မြင့်နဲ့ ကျွန်တော်က ဆယ်တန်း။ ကိုယ့်ဘဝကိုယ့်အသိနဲ့ကိုယ်မို့ ကျွန်တော်အတော် ကြိုးစားပါတယ် . . . ကံဆိုးလိုက်ပုံက စာမကြိုးစားတဲ့ ဇော်မြင့်ရော၊ ကြိုးစားတဲ့ ကျွန်တော်ပါ အဲဒီနှစ်က စာမေးပွဲကျတယ်"

"ဒါပေမယ့် ပိုပြီးကံဆိုးတာက ကျွန်တော်ပါ . . . ကျောင်းပြန်တက်မယ်ဆိုပြီး အားခဲနေချိန်မှာပဲ ကျွန်တော့်အဖေမောင်းတဲ့ ကားမှောက်ပြီး သေတယ် . . . ကျွန်တော် ကျောင်းဆက်မနေနိုင်တော့ဘူး . . . မှုဆိုးမ



www.burmeseclassic.com

www.burmeseclassic.com



အမေနဲ့ ညီငယ်၊ ညီမငယ်သုံးဦးကို လုပ်ကိုင်ကျွေးမွေးဖို့ အစ်ကိုကြီးတစ်ယောက်အနေနဲ့ ကျွန်တော့်မှာ တာဝန်ရှိနေပြီ''

''တော်ပါသေးရဲ့ . . . ကျွန်တော့်အဖေမောင်းတဲ့ ကားပိုင်ရှင်သူဌေးက ရန်ကုန်–ပုသိမ် ပြေးနေတဲ့ သူ့ပိုင်သင်္ဘောမှာ ကျွန်တော့်ကို အလုပ်သွင်းပေးတယ် . . . ဒီအလုပ်က ကျွန်တော့်ကို အတော်အကျိုးပေးပါတယ်၊ ကျွန်တော့်ရဲ့ ရိုးသားမှု၊ ကြိုးစားမှုကြောင့် ပုသိမ်က ကုန်သည်တွေဟာ ငွေပေးပြီး သူတို့လိုချင်တဲ့ ကုန်တွေမှာတယ် . . . ကျွန်တော်က အဝယ်တော်ပေါ့ . . . ဒီအတွက် ဆယ်ရာခိုင်နှုန်း ခံစားခွင့်ရပါတယ် . . . သုံးနှစ်အတွင်းမှာ အိမ်ကိုပြန်ပြင်ဆောက်နိုင်တယ် . . . ညီနဲ့ညီမလေးတွေကို အပူအပင်မရှိ ကျောင်းထားပေးနိုင်တယ် . . . ကျွန်တော့်အမေဆိုတာ ရွှင်တပြုံးပြုံးနဲ့ ပျော်မဆုံးဖြစ်နေတာပေါ့ . . . ကျွန်တော်တို့မိသားစုအတွက် စိတ်အေးချမ်းသာ ကာလတွေပေါ့''

''ဪ . . . အရေးကြီးတဲ့အကြောင်းမှ မေ့နေတယ် အေးမနဲ့ ကျွန်တော့်အကြောင်းလေ . . . ကျွန်တော် သင်္ဘောလိုက်နေရတော့ ပုသိမ်ကပစ္စည်းလေးတွေ ဝယ်လာတယ် . . . အေးမကိုပေးပြီး ရေင်းခိုင်းတယ် . . .

www.burmeseclassic.com



သူ့ရော ကျွန်တော်ပါ အကျိုးရှိပါတယ် . . . ကြာတော့ ကျွန်တော်ဟာ အေးမအတွက် အဝယ်တော်ဖြစ်လာတယ် အစကတည်းက ရင်းနှီးပြီးသား သူငယ်ချင်းတွေမို့ အထူး အထွေ ပြောစရာမလိုပါဘူး . . . ကျွန်တော် သူ့ကို ချစ်နေဆဲပါမဲ၊ ဒါပေမယ့် . . . ဒါပေမယ့်ပေါ့"

ကျွန်တော့်မှာ စဉ်းစားစရာက ရှိနေတယ်။ ဟိုကောင် ဇော်မြင့်လေ အခု ဒီကောင်က ဆယ်တန်းကို လေးကြိမ်ကျပြီး အရပ်ထဲမှာ တွင်ကျယ်နေတယ်။ ကျောင်းဆက်မတက်ပေမယ့် ရပ်ကွက်လူကြီးတွေနဲ့ အဆင်ပြေပြေနေတတ်တယ်။ ရပ်ကွက်ကိစ္စ၊ စုပေါင်းသန့်ရှင်းရေး၊ ပျော်ပွဲရွှင်ပွဲ၊ ရာသီပွဲတွေမှာ ဒီကောင်က အာဏာပိုင်တွေနဲ့ အတူ အားသွန်ခွန်စိုက် လှုပ်ရှားတယ်။ ဆောင်ရွက်တယ်။ လူက ငယ်ပေမယ့် ဦးနှောက်ကကောင်းတယ်။ တော်ရုံတန်ရုံကိစ္စမှာ ဒီကောင်က ကြားဝင်ဆောင်ရွက်ပေးရုံနဲ့ ပြီးပြတ်တတ်တယ်။ ဒါကြောင့် ဒီကောင်ဟာ အလုပ်လုပ်တဲ့ ကျွန်တော်တို့ထက် ရပ်ကွက်က အာရုံစိုက်မှုကို ခံခဲ့ရတယ်။

"သူဟာ ကျွန်တော့် သူငယ်ချင်းပါ . . . သူ့ရဲ့ တွင်ကျယ်မှုကို ကျွန်တော် ဝမ်းသာသင့်တယ်ဆိုတာ ကျွန်တော်သိပါတယ် . . . ဒါပေမယ့် ရှင်းရှင်းပြောရရင် ကျွန်တော့် ဝမ်းမသာနိုင်ဘူး . . . သူဟာ တစ်ချိန်က အေးမကို ချစ်ရေးဆိုတဲ့ သူတစ်ယောက်ဖြစ်ပြီး၊ အခု

www.burmeseclassic.com



အခါမှာ တစ်ရပ်ကွက်လုံး သူ့ကို ဂရုတစိုက်ရှိနေချိန်မှာ
အေးမကကော သူ့အပေါ် စိတ်မဝင်စားဘဲရှိပါ့မလား
ရှင်းရှင်းပြောရရင် ကျွန်တော် အေးမကို ချစ်ရမယ့်ကိစ္စမှာ
ဇော်မြင့်ဟာ အဟန့်အတား ဖြစ်နေတယ်"

ဒါပေမယ့် အချစ်ဆိုတာ ခက်သားပဲ . . . ကြာကြာမျိုသိပ်လို့ ရတာမဟုတ်ဘူးလေ။ ကိုယ်ချစ်နေတာကို တစ်ဘက်သား မသိရသေးသမျှ ကျေနပ်တာမျိုးမှ မဟုတ်တာ။ ဒီတော့ အေးမသိအောင် ရင်ဖွင့်ရတာပေါ့။

"နင့်ကို ငါချစ်နေပြီဟာ . . . အခုမှ မဟုတ်ဘူး . . .
ဟို . . . ကျောင်းသားဘဝ ဇော်မြင့်က နင့်ကို ချစ်ရေး
မဆိုခင်ကတည်းက"

ဒီတော့ အေးမခမျာ ကျွန်တော့်ကို တအံ့တဩကြီးကြည့်ပြီး

"နင် ဒီထိအောင် မျိုသိပ်နိုင်တယ်နော် . . . အံ့ရော
ဟယ်"

လို့ ပြန်ပြောတယ်။

နောက်တော့ အေးမက မေးခွန်းတစ်ခုမေးတယ်။

"ဇော်မြင့် ငါ့ကို ချစ်ရေးဆိုတဲ့အကြောင်း နင့်ကို ဘာလို့
ဖွင့်ပြောတယ်ဆိုတာ သဘောပေါက်ရဲ့လားတဲ့"

ကျွန်တော်က ခေါင်းခါပြတော့ . . .

"ဇော်မြင့်က ငါ့ကို တကယ်ချစ်ရေးဆိုတာ အမှန်ပါပဲ.

www.burmeseclassic.com

www.burmeseclassic.com



ဒီအကြောင်းနှင်သိရင် မခံချင်စိတ်နဲ့ နှင်သဘောထား ပွင့်ထွက်လာမလားလို့ ငါမျှော်လင့်လို့ပဲ ... အခုတော့ ဟယ် ခါးနှစ်ကြီးကြာမှ နှင်က ပွင့်အံလာဘာကိုး"

"ဒီလိုဆို ... ငါများ နောက်ကျနေပြီလားဟာ"

လို့ မေးတော့ ဖအေးမက ...

"နှင် နောက်ကျရအောင် ငါ့မှာ ချစ်သူမှ မရှိသေးဘဲတဲ့"

"မကြာပါဘူး၊ အေးမနဲ့ကျွန်တော် လက်ထပ်ဖြစ်ကြတယ် ... အိမ်ချင်းကပ်မို့ နှစ်အိမ်တစ်အိမ် စည်းစည်းလုံးလုံး ဖြစ်သွားကြတယ် ... အေးမရဲ့ဆိုင်လေးကို သူ့ညီမ အေးမြက ဆက်ထိုင် ... ကျွန်တော့်အမေနဲ့ အေးမက ဈေးကြီးထဲမှာဆိုင်ဖွင့်၊ ညီတွေ ညီမတွေက လည်း ကိုးတန်း၊ ဆယ်တန်းတက်ကြနဲ့ အလုပ်ကိုယ်စီ တာဝန်ကိုယ်စီနဲ့ပေါ့ ... ကျွန်တော်လည်း သဘော်မှာပဲ ဆက်လုပ်နေသေးတယ်"

တစ်နေ့တော့ အေးမကလည်း ဇော်မြင့်အကြောင်းကို ဖွင့်ပြောတယ်။ အကျင့်မကောင်းတဲ့အကြောင်း၊ အရပ်လူကြီးတွေနဲ့ ရုံးနီးကျွမ်းဝင်တာ အကြောင်းပြပြီး အိမ်တွေကို ဝင်ထွက်ရာက လင်ရှိမယားတွေနဲ့ မကင်းရှင်းတဲ့အကြောင်း၊ အချို့အရပ်လူကြီးတွေရဲ့ ဇနီးတွေတောင် ပါတဲ့အကြောင်း ဒီလိုလူမျိုးကို ကြိုက်မိသည့် တိုင်အောင် တစ်သက်လုံးပေါင်းရမယ့် လင်တစ်ယောက်အတွက်နဲ့ ဘယ်သူ

www.burmeseclassic.com



ယူရဲပါ့မလဲလို့လည်း ပြောသေးတယ်။

အေးမပြောတဲ့စကားတွေထဲမှာ ဒီအကြောင်းကိုမှ ကျွန်တော့် အမှတ်ရမိတာဟာ ကျွန်တော့်မှာ အကြောင်းရှိပါတယ်။ ဇော်မြင့်ဟာ အခုထက်ထိ ကျွန်တော့်ကို အခင်အမင်မပျက် အိမ်ကိုဝင်ထွက် နေဆဲရှိပါတယ်။ ငယ်သူငယ်ချင်းတွေမို့ မပြောချင်ပေမယ့် ဒီအကြောင်းတွေ သိထားပြီးတဲ့အခါမှာတော့ ဒီကောင့်ကို သိပ်သဘော မကျချင်တော့ဘူး။

"ဒီကြားထဲ တွေးစရာတစ်ခု ရှိလာပြန်တယ် . . အေးမ က ညိုပြာညက်၊ ကျွန်တော်က ကျီးကန်း။ မွေးလာတဲ့ သားဦးလေးဟာ ဘဲငန်းလို ဖြူဖွေးဖွေးနဲ့ တုတ်ခဲခဲ ... ကျွန်တော့်စိတ်ထဲ ဇော်မြင့်နဲ့တူသယောင်ယောင် ... သားဦးရလို့ ရင်မကြွနိုင်ဘဲ ရင်မနေတဲ့ဘဝ"

"ကျွန်တော့်အလုပ်ကလည်း သင်္ဘောသား ... တစ် ပတ်မှာ နှစ်ရက်နဲ့တစ်ညပဲ အိမ်ပြန်နိုင်တဲ့ဘဝ၊ နေရတဲ့ နှစ်ရက်မှာ ကျွန်တော်က ကုန်ထွက်ဝယ်၊ အေးမက ဈေး ထွက်ရောင်းနေတာနဲ့မို့ ကျွန်တော်တို့ချင်း တွေ့ချိန်နည်း ပါတယ် ... စီးပွားရေး အဆင်ပြေလို့သာ လုပ်နေရ ပေမယ့် စိတ်ကတော့ သိပ်မချမ်းသာတော့ဘူး ... အတွေ့အကြုံအရ အိမ်တွင်းရေး ရှုပ်ထွေးမှုတွေဟာ သင်္ဘောသား လောကမှာ မတွေ့ချင်အဆုံး မမြင်ချင်လို

www.burmeseclassic.com



ချက်နှာလွှဲထားရတဲ့ အဖြစ်ကအပုံ”

“တစ်နေ့တော့ ဇော်မြင့်နဲ့ကျွန်တော် ဆုံကြတယ် . . . ခါတိုင်းလည်း ဒီလိုအမှတ်မထင် ဆုံတတ်ကြတာပါပဲ၊ ဒီတစ်ခါအဆုံမှာ သူက ‘ဟော့ကောင် ကိုးကန့် . . . မင်းတို့အဖြစ်က ကိုးကန့်ဘဲဥချိုလာတဲ့အဖြစ်မျိုးပါလား ကွ’ လို့ လှမ်းပြောတယ် . . . ကျွန်တော်က ကုသိုလ် ထူးလို့ပဲ ဆိုပါတော့လို့သာ ပြန်ပြောခဲ့တယ် . . . ဒီကောင်နဲ့ စကားသိပ်မပြောချင်လို့ပါ”

“ဒီအတောအတွင်း ဒီကောင်နဲ့ပတ်သက်ပြီး အမေ့ဆီက ကြားလိုက်ရတဲ့ကိစ္စပါပဲ၊ အမေ့ဆီက သူ့ငွေနှစ်ရာ ချေးယူ ထားတဲ့အကြောင်း . . . ကြာပြီဖြစ်တဲ့အကြောင်း . . . ဟိုတစ်လောက ငွေပြန်တောင်းတော့ . . . ‘ခင်ဗျားတို့ အရောင်းအဝယ်လုပ်တာ မှောင်ခိုနဲ့မှကောင်းရဲ့လား . . . ကျုပ်က တစ်ရပ်ကွက်သားချင်းမို့ ဒုက္ခမပေးချင်လို့ ကြည့်နေတာကိုပဲ ခင်ဗျားတို့က မသိတတ်ချင်ဘူး’ လို့ ပြောတယ်ဆိုပဲ၊ ဒါဟာ အမေ့အနေနဲ့ မမျှော်လင့်နိုင်လွန်း လို့ ထွက်လာတဲ့စကားဆိုတာ ကျွန်တော် သိတာပေါ့”

“ကျွန်တော် သူ့အပေါ် ကွက်စရာတွေထဲမှာ ဒါတွေ လည်းပါတယ် . . . အဆိုးဆုံးက ကျွန်တော့်သားကြီးနဲ့ ပတ်သက်ပြီး တအုံနွေးနွေးဖြစ်နေခြင်းပါပဲ . . .

www.burmeseclassic.com

ဒါမျိုးက ဖွင့်မေးလို့ကောင်းတာလည်း မဟုတ်တော့ ကျွန်တော့်မှာလေ စားလည်းဒီစိတ်၊ သွားလည်းဒီစိတ်၊ အိပ်လည်းဒီစိတ်နဲ့ နေလို့ကိုမပျော်ဘူး''

''ကျွန်တော် သင်္ဘောမှာ အလုပ်ဝင်ပြီး မကြာမီမှာဘဲ အရက်သောက်တတ်ခဲ့တယ် . . . လုပ်ငန်းထိခိုက်လောက်အောင် သောက်တာမျိုးတော့ မဟုတ်ဘူး . . . ဒါပေမယ့် ခုတော့အရင်ထက် ပိုသောက်လာမိတယ် . . . ဒါကို သတိထားမိတဲ့ အေးမက သတိပေးလာတဲ့အခါမျိုး ဆိုရင် ပိုတောင်သောက်ပစ်လိုက်သေးတယ် . . . ကြာတော့ အေးမလည်း ကျွန်တော့်ကို လက်လျှော့ရတော့ တာပဲ''

''ကျွန်တော် သင်္ဘောနားတဲ့တစ်နေ့ ဈေးထဲအဝင် ဆိုင်မှာ အေးမ မရှိဘူး . . . တောင်ပိုင်းရပ်မှာ အကြွေးသွားတောင်းတယ်လို့ အမေကပြောတယ် . . . ကျွန်တော် အိမ်ပြန်ရောက်တော့ အိမ်ရှေ့မှာ ဇော်မြင့်ရဲ့ညီလေးကို တွေ့လို့ မေးကြည့်တော့ သူ့အစ်ကို တောင်ပိုင်းရပ်ကို သွားတယ်လို့ ဆိုပြန်တယ် . . . ကျွန်တော့်ရင်ထဲ ဒိန်းကနဲ ခံစားရတယ် . . . အဲဒီညနေမှာ ကျွန်တော် သင်္ဘောလိုက်ရမယ် . . . အေးမကိုလည်း မှာစရာတွေ ရှိသေးတယ် . . . စိတ်ကလည်း သိပ်လှုပ်ရှား ချက်



www.burmeseclassic.com

www.burmeseclassic.com



ကလေးကလည်း မူးနေ၊ မထူးပါဘူးကွာ . . . တစ်ချက်ခုတ်နှစ်ချက်ပြတ် . . . အခုရှပ်မှ နောင်ရှင်းဆိုပြီး ကျွန်တော် တောင်ပိုင်းရပ်ကို ထွက်ခဲ့တယ်"

"အဲဒီအချိန်တုန်းက တောင်ပိုင်းရပ်က တောထူတယ်၊ သစ်ကြီး ဝါးကြီးတွေ ရှိတယ် . . . ကျွန်တော်တို့တစ်တွေ ထင်းလိုချင်ရင် အဲဒီမှာ သွားပြီး ထင်းခုတ်တယ် . . . အသီးအပင်ပေါတယ် . . . အဲဒီနေ့က ကျွန်တော်ရောက်သွားတော့ ဒီကောင့်ကို အခန့်သား တစ်ယောက်ထဲ တွေ့ရတယ် . . . ဒီကောင် ထင်းခုတ်နေတာကို ကျွန်တော်လာတယ်ဆိုတာ ကြိုသိလို့ ခုတ်ဟန်ဆောင်နေတာပဲလို့ ထင်တယ်"

"ဒီကောင်က ကျွန်တော့်ကို ကျောခိုင်းပြီး ထင်းခုတ်နေတာ . . . သူ့လက်ထဲမှာ ဓားကြီးနဲ့၊ ကျွန်တော့်အကြံက သူ့ဆီကဓားကို ရအောင်ယူ . . . သူ့ကို ဓားနဲ့ထောက်ပြီး ကျွန်တော်သိချင်တာတွေကို မရရအောင်မေးမလို့ဘဲ၊ ဒါကြောင့် သူ့ကို ရုတ်တရက် နောက်ကနေ သိုင်းဖက်ပြီး တွဲလှဲလိုက်တယ် . . . ဒါပေမယ့် ထင်သလိုမဖြစ်ပါဘူး ဓားကိုင်ထားတဲ့ သူ့လက်ကို အလွတ်မပေးဘဲ အားပိုက်နေတော့ သူရော ကျွန်တော်ပါ လုံးထွေးသွားကြတယ်"

"တစ်ယောက်ကိုတစ်ယောက် အလွတ်မပေးဘဲ ဘတစ်

www.burmeseclassic.com



ပြုန် ကျားတစ်ပြုန် လုံးတွေးကြရင်း ချောင်းစပ်နွံထဲအထိ ကျသွားကြတယ်... ရှုးလိုက်ကြတဲ့ ခရောချုံးရှုးကိုတောင် သတိမထားနိုင်ကြတော့ဘူး

"ချောင်းစပ်နွံထဲအရောက်မှာ ကျွန်တော်က အပေါ်စီးက ရလိုက်ပါတယ်... ဒါကြောင့် သူ့ခေါင်းကို နွံထဲ နစ်သထက်နစ်အောင် ဖိနှစ်ပစ်လိုက်တယ်... ဒါကြောင့် ထင်ပါရဲ့ ဒီကောင် ဓားကို လွှတ်ချလိုက်တယ် ... ဘာပြောကောင်းမလဲ... ကျွန်တော့်လက်ထဲ ဓားလည်း ရောက်ရော အရက်ရက် အလလက စုစည်းမျိုသိပ်ထားရတဲ့ ဒေါသတွေနဲ့ပေါင်းပြီး ဒီကောင့်ကိုခုတ်လိုက်တာ ဘယ်နှစ်ချက်မှန်းတောင် မသိတော့ဘူး"

"သူ့မျက်နှာကို တစ်ချက်မိမိရရခုတ်မိတာရယ်၊ သူ့ပါးစပ်ကို ဓားခုန့်နဲ့ ဆောင့်ခဲ့တာရယ်... နောက်ပြီး သူ့လည်ပင်းကို ဖြတ်ချလိုက်လို့ လည်ချောင်းက သွေးတွေ ကျွန်တော့်ကို စင်တာကိုပဲ သတိရတော့တယ်"

"လုံးဝ မလှုပ်ရှားနိုင်တဲ့ သူ့ကို နွံထဲနစ်လိုက်ပြီးမှ သူ့ခေါင်းကို နည်းနည်း မ,ကြည့်ပြီး ကျွန်တော်ထွက်ခဲ့တယ်၊ ကျွန်တော့်လက်က ဓားရှရာတွေ၊ သွေးစွန်းနေတဲ့အကျီ လုံချည်တွေကို ချောင်းအလယ်ဆင်းပြီး ဆေးကြောပစ်လိုက်တယ်... ရေတွေက သားရေတွေမို့ ခပ်ကြာကြာ



www.burmeseclassic.com

www.burmeseclassic.com



မစိမ်ဖြစ်ဘူး. . . အကျီကိုတော့ လုံးဘေးပြီး ရေစိုနေတဲ့ စွပ်ကျယ်နဲ့ လုံချည်သာဝတ်ပြီး အိမ်ပြန်ခဲ့တယ် . . . ကံကောင်းချင်လို့ ထင်ပါရဲ့၊ ကျွန်တော့်ကို ဘယ်သူမှ မမြင်ဘူး . . . အိမ်မှာလည်း ဘယ်သူမှ မရှိဘူး"

"အချိန်ကိုကြည့်လိုက်တော့ ကျွန်တော်သင်္ဘောဆင်းဖို့ အချိန်နီးနေပြီ. . . ရေစိုအဝတ်စားတွေကို ရေအင်တုံထဲ ထည့်ပြီး ရေချိုး၊ အဝတ်အစားလဲ . . . အမြန်ဆုံး သင်္ဘောကို ဆင်းခဲ့တယ်. . . ကျွန်တော့် အလုပ်တွေကို ကုန်မြေမပျက်လုပ်နိုင်ခဲ့တယ်. . . ဖြစ်ပြီးတဲ့ကိစ္စကို သေချာ အေးအေးနဲ့ ပြန်စဉ်းစားကြည့်တော့လည်း ဘာမှဖြစ်လာ နိုင်စရာမရှိဘူးဇော်မြင့်လည်း သေပြီပဲ၊ ဘယ်သူမှလည်း မမြင်၊ ဘယ်သူမှလည်းမတွေ့. . . ဒီထက်သေချာတာ ရှိဦးမယ်. . . အဲဒီလို ကျွန်တော်ထင်ခဲ့တာ"

ဒါပေမယ့် ကျွန်တော်တို့သင်္ဘော ရန်ကုန်လည်းပြန်ရောက်ရော ရဲတွေက ကျွန်တော့်ကို ဖမ်းဆီးတော့တာပဲ၊ အသက်ပြင်းတဲ့ ဇော်မြင့်က သေမှမသေပဲကိုး။

"ဖြစ်ပုံက ဒီလို . . . ကျွန်တော် သူ့ကိုခုတ်ခဲ့တာတော့ ဟုတ်ပါရဲ့ . . . လည်ချောင်းဆိုပြီး ခုတ်လိုက်တာ အောက်မေးရိုးကိုထိပြီး အသားလန် သွေးထွက်တာကို ကျွန်တော် အမှတ်မှားခဲ့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ပြီး ရှုံ့ထဲနှစ်ပြီးမှ သူ့ခေါင်းကို မ,ကြည့်လိုက်မိတာကလည်း သွေးထွက်နေတဲ့ သူ့အသားတွေကို ရွှံ့နဲ့ မံပေးလိုက်သလိုဖြစ်ပြီး အသက်ရှူခွင့်ရအောင် လုပ်ပေးလိုက်သလို ဖြစ်သွားတာကိုး. . . ဒီကြားထဲ သွေးစွန်းနေတဲ့ ကျွန်တော့်အဝတ်အစားတွေကို ရဲကသိမ်းပြီးနေပြီ"

ဒီကောင် စကားမပြောနိုင်ဘူး။ လက်နဲ့ရေးပြီးထွက်ဆိုတယ်။ မျက်နှာတစ်ခုလုံးဟာလည်း ရုပ်ပျက်ဆင်းပျက်၊ သရဲထက်ကြောက်စရာကောင်းတယ်။ ကျွန်တော့် အဝတ်မှာပေနေတဲ့ သွေးက "အေ" အမျိုးအစား။ ဇော်မြင့်သွေးကလည်း "အေ" ဖြစ်နေတဲ့အချက်ပါပဲ။ နောက်ပြီး ကျွန်တော့်လက်ကမားရှုရာတွေ၊ ကျွန်တော့်ကိုယ်က ခရာဆူးခြစ်ရာတွေကလည်း သက်သေခံနေပြီ။ ကျွန်တော်က ဆက်မငြင်းနိုင်တော့ဘူးလေ။

"ကျွန်တော့်အမှုကို ငါးလကြာစစ်ဆေးပြီးမှ ပုဒ်မ–၃၂၆ ကိုယ်အင်္ဂါ ချွတ်ယွင်းစေမှု၊ ပုဒ်မ–၅၀၀ သေကြောင်းကြံစည်မှုအရ တစ်ပေါင်းတည်း ခုနစ်နှစ် အပြစ်ပေးလိုက်တယ်လေ"

"ကိုယ်နဲ့ ဒီလောက်ရင်းတဲ့ ငယ်သူငယ်ချင်းကိုမှ အညှိုးကြီးကြီးနဲ့ ရက်ရက်စက်စက်လုပ်ရတဲ့အကြောင်း အေးမကမေးတယ်လေ. . . မင်းနဲ့ မသက်ဘလို့ကွလို့လည်း ပြောလိုက်ရော အေးမ ရင်ဘတ်စည်တီး ဖြစ်ရလေ



www.burmeseclassic.com

www.burmeseclassic.com

ကိုနီရယ်. . . ဇော်မြင့်အကြောင်း အေးမ မသိတာမှ မဟုတ်ဘဲ. . . သူနဲ့ပတ်သက်မိတဲ့ မိန်းမတိုင်း တံတွေး ခွက် ပက်လက်မျောရတာကို သိလွန်းလို့ ကိုနီကို လက် ထပ်တာပေါ့တဲ့''

''အေးမတို့က သစ္စာမဲ့တဲ့ မိန်းမ မဟုတ်ဘူး . . . အဲဒီ နေ့က တောင်ပိုင်းရပ်ကို ကြွေးသွားတောင်းတယ်ဆိုတာ ဟုတ်တယ် . . . ညီမလေးအေးမြလည်း ပါပါတယ်၊ ဒါပေမယ့် ဈေးဆိုင်လည်းရောက်ရော ကြွေးယူထားတဲ့ ဒေါ်ရင်လှနဲ့တွေ့လို့ တောင်ပိုင်းရပ်ကို မသွားဖြစ်တော့ ဘူး . . . အဲဒီနေ့က ခါတိုင်းလို ကိုနီများ ဈေးဆိုင်ကို လာဦးမလားဆိုပြီး မျှော်နေတာ . . . တစ်ခါတည်း ပေါ် မလာတော့ဘူး''

''ထားပါတော့၊ နင်ရော ငါပါ အသားမည်းပါရဲ့၊ သားကြီး ကျတော့ ဖွေးဖွေးဖြူနေတာကရောလို့ မေးလိုက်တော့''

''ဒါကတော့ အေးမလည်း မပြောတတ်ဘူး ကိုနီ . . . သူနဲ့ဘာမှမဆိုင်တာတော့ယုံပါ . . . ကိုနီ ယုံမယ်ဆို ရင်တော့ ပြောချင်တယ် . . . သားကြီးကို မေးခိုင်ကာ ကွယ်ဆေးအတိုးမှာ သွေးအုပ်စုခွဲနေတာနဲ့ကြုံလို့ ဆရာမ က တိုက်တွန်းတာနဲ့ သားအမိနှစ်ယောက်လုံး သွေးစစ် ဆေးကြည့်ဖူးတယ် . . . အားလုံး ''အို'' ချည်းပဲ ကိုနီရဲ့''


www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအကြောင်း နှင် ငါ့ကို မပြောခဲ့ပါဘူး"

"စကားမစပ်လို့ မပြောမိတာပေါ့ ... ကိုနီရဲ့သွေး "အို" ဖြစ်တာတောင် အခုမှ အေးမ သိတာသာကြည့်တော့ ... ခုလိုသာဖြစ်မယ်ဆိုရင် ကြို့ပြောပါရဲ့ ကိုနီရယ် ... ကိုနီကလည်းမမေး ... တစ်ယောက်တည်း ကြိတ်မှိတ်မျိုသိပ်ခံစားပြီး တစ်ဘက်သတ် ဆုံးဖြတ်လိုက်တာကို၊ အခုတော့ ကောင်းကြသေးရဲ့လား ကိုနီရဲ့"

"ကျွန်တော့်အကြောင်းကတော့ ဒါပါပဲဆရာ ... အေးမ ပြောလိုက်တဲ့ 'ကောင်းကြသေးရဲ့လား' ဆိုတဲ့ စကားအတွက် 'မကောင်းကြတော့ဘူး' ဆိုတဲ့အဖြေပဲ ကျွန်တော့်ဘဝမှာ အဖက်တင်ကျန်ပါတော့တယ်"

ဤသို့လျှင် မောင်နီသည် သူ့အကြောင်းကို နိဂုံးချုပ်ပါသည်။ စင်စစ် သူ၏မျိုသိပ်စိတ်က သူ့ကိုဒုက္ခပေးလိုက်ခြင်းဖြစ်ကြောင်းကိုမူ မောင်နီ သဘောပေါက်နားလည်နိုင်စေရန် ကျွန်တော် အနုတ်ကြာမျှ ရှင်းလင်းပြရပါသည်။

မောင်နီက သဘောပေါက်နားလည်သွားသဖြင့် ကျွန်တော် သည် သူ့အတွက် ကျေနပ်ဝမ်းသာခဲ့ရပါ၏။

(ဘာသက်ဆွေ)

www.burmeseclassic.com

www.burmeseclassic.com

## စိန်မိုးယံစာပေမှ ထွက်ရှိသည့်စာအုပ်များ

၁။ ဝရဇိန် (ပရဆံန်းကြယ်ဂမ္ဘီရဝတ္ထုတိုများ)
၂။ ဝရဇိန် (ပရဆန်းကြယ်လုံးချင်းဝတ္ထု)
၃။ ဂမ္ဘီရဝိညာဉ် (ပရဆန်းကြယ်ဂမ္ဘီရဝတ္ထုတိုများ)
၄။ မိုးဆက်ရှင် (အချစ်လုံးချင်းဝတ္ထု)
၅။ မင်းပုည (စုံထောက်လုံးချင်းဝတ္ထု)
၆။ ဓနုတ်ကိုကိုဇော် (ဟာသဝတ္ထုတိုများ)
၇။ ဓနုတ်ဟိတ်ဇော် (ဂမ္ဘီရဝတ္ထုတိုများ)
၈။ ဝင်းဇော်(သုံးဆယ်) (စုံထောက်ဝတ္ထုတိုများ)
၉။ ဝင်းဇော်(သုံးဆယ်) (ဂမ္ဘီရဝတ္ထုတိုများ)
၁၀။ ရွှေယမင်းဦး (အညှံ့အခိုက်ကြုံလျှင် ဓာတ်ရိုက် ဓာတ်ဆင်ယတြာများ – ၂)
၁၁။ ပန်းချီရဲမာန် (ပုံပြဗုဒ္ဓဝင်ရုပ်စုံ)
၁၂။ ပန်းချီရဲမာန် (ပုံပြင်ငါးရာ့ငါးဆယ်ပုံပြင်)
၁၃။ ပန်းချီအဝိပတိ (အံ့ဖွယ်သုတ ဂမ္ဘီရပုံပြင်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ဗင်းဝုည

## စိုးနိုသာမင်းမောင်နှင့်

## မှော်ဗဒ္ဓလထက်

တစ်နေ့သ၌ အညိုရောင်ဝတ်စုံနှင့်အဘိုးအိုတစ်ယောက်သည် ငှက်ပျောသီးအုန်းသီးအပြည့်အဝပါဝင်သော ပွဲသုံးပွဲရှေ့၌ထိုင်လျက် ဂါထာများရွတ်ဆိုလျက်ရှိရာ ၎င်းအဘိုးအိုသည် အသက်(၇၀)ဝန်းကျင် ၌ရှိပြီး အခန်းတွင်း၌တစ်ယောက်တည်း ထိုင်လျက်ရှိသည်။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

အဘိုးအိုသည် ထိုကဲ့သို့ဂါထာရွတ်ဆိုရင်း သူ၏လက်ပေါ်၌ ကျောက်သားဖြင့်ပြုလုပ်ထားသည့် မိန်းကလေးတစ်ယောက်၏ လက်ပုံသဏ္ဌာန်ပေါ်၌ အာရုံစူးစိုက် ရွတ်ဖတ်နေလေ၏။ ဆင်နှာ မောင်းသဖွယ် မိန်းကလေးလက်ဝါးပြင်ပေါ်တွင် ကလောင်တံနှင့် စာများ ရေးသားနေသည်။ ၎င်းပြုလုပ်နေသည်မှာ တခြားမဟုတ်။ ဂိုဏ်းဝိဇ္ဇာဆရာတို့၏ အခေါ်သန္တိတင်(အသက်သွင်း) သည်ဟု

www.burmeseclassic.com

# ဓမ္မစိုးညီ

## စိုးနိုးသာမင်းမောင်နှင့်

### မျှော်ပဥ္စလက်

တစ်နေ့သ၌ အညိုရောင်ဝတ်စုံနှင့်အဘိုးအိုတစ်ယောက်သည် ငှက်ပျောသီးအုန်းသီးအပြည့်အဝပါဝင်သော ပွဲသုံးပွဲရှေ့၌ထိုင်လျက် ဂါထာများရွတ်ဆိုလျက်ရှိရာ ၎င်းအဘိုးအိုသည် အသက်(၇၀)ဝန်းကျင်၌ရှိပြီး အခန်းတွင်း၌တစ်ယောက်တည်း ထိုင်လျက်ရှိသည်။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

အဘိုးအိုသည် ထိုကဲ့သို့ဂါထာရွတ်ဆိုရင်း သူ၏လက်ပေါ်၌ ကျောက်သားဖြင့်ပြုလုပ်ထားသည့် မိန်းကလေးတစ်ယောက်၏ လက်ပုံသဏ္ဍာန်ပေါ်၌ အာရုံစူးစိုက် ရွတ်ဖတ်နေလေ၏။ ဆင်နှာမောင်းသဖွယ် မိန်းကလေးလက်ဝါးပြင်ပေါ်တွင် ကလောင်တံနှင့်စာများ ရေးသားနေသည်။ ၎င်းပြုလုပ်နေသည်မှာ တခြားမဟုတ်။ ဂိုဏ်းဝိဇ္ဇာဆရာတို့၏ အခေါ်သန္တိတင်(အသက်သွင်း) သည်ဟု

www.burmeseclassic.com



ခေါ်ကြ၏။ အဘိုးအိုသည် ထိုအခန်းတွင်း၌သုံးနာရီအချိန်ကြာ ပြုလုပ်ခဲ့သည့်အတွက် ပင်ပန်းညောင်းညာမှုများဖြစ်ပေါ်လာသည်။ ကျောက်လက်ဝါးအား လက်ဖေါ်မှတစ်ဆင့် အောက်သို့ချလိုက်ချိန်တွင် အဖြူရောင်အလင်းတန်းတစ်ခုထွက်ပေါ်လာပြီး ထို့နောက် ဖြေးညှင်းစွာပျောက် ကွယ်လုဆဲဆဲတွင် အရာဝတ္ထုတစ်ခုသည် အထင်းသားပေါ်လာသည်ကို တွေ့လိုက်ရလေတော့သည်။ အဘိုးအို လွန်စွာ ထိတ်လန့်အံ့သြ သွားတော့သည်။

"မင်း . . . မင်း . . . မင်း"

"ဟား . . . ဟား . . . ဟား အဲဒီလောက်ပဲတုန်လှုပ်နေရသလား"

"မင်း ဘယ်သူလဲ . . . ဒီကိုဘာလာလုပ်သလဲ"

"ကျွန်မ ကန့်ညီနောင်သခင်မ 'မြစိမ်းရှင်' . . . ရှင်ယူသွားတဲ့ ကျွန်မရဲ့ညာဘက်လက်တစ်ဖက် လာပြန်တောင်းတာပဲ"

မျှော်လင့်မထားသော သတ္တဝါနှင့်ထူးဆန်းသည့် အသံကို ကြားလိုက်ရသည့်စကားကြောင့် လွန်စွာအံ့သြနေမိသည်။ ၎င်းသိထားသည့် ကန့်ညီနောင်သခင်မ မြစိမ်းရှင်သည် လူသားစစ်စစ်မဟုတ်၊ အစွဲအလမ်းရှိသူတစ်ယောက်မှ ကျောက်ရုပ်တစ်ခုထွင်းထုထားပြီး မြစိမ်းရှင်သခင်မဟု အမည်ပေးထားသည်။ အသက်မဲ့ရုပ်တစ်ရုပ်၏ လက်တစ်ဖက်ဟု ထင်မှတ်ထား၏။ ယခုကြုံတွေ့နေရသည့်မြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com



သည့် မယုံနိုင်လောက်အောင်ဖြစ်နေ၏။ အဘိုးအိုသည် ရေးဆိုသော ကျသပေးသည့် ဆရာတစ်ယောက်ဖြစ်ပြီး တခြားဆရာများထက်ပို၍ အောင်မြင်ကျော်ကြားလှသိများလိုသည့် လေးစားခံချင်သူဖြစ်သည်။ ထို့ကြောင့် စိတ်ထင်ရာလုပ်နေတတ်သည်။

အဘိုးအို၏အမည်မှာ ဦးတိုင်းကျော်ဖြစ်ပြီး သူ၏ရှေ့၌ရပ်နေသည့်မိန်းကလေးအား စူးစိုက်ကြည့်နေသည်။ မြစိမ်းရှင်ဆိုသည့် မိန်းကလေးမှာ အသက်(၂၀)ကျော်အရွယ် လှပချောမောသော်လည်း မျက်နှာခတ်ထန်တင်းမာချိန်၌ အလွန်ကြောက်စရာကောင်းနေသည်။ ဦးတိုင်းကျော်သည် ဘာလုပ်ရမှန်းမသိအောင်တွေဝေနေ၏။

"ဒီလက်က ခင်ဗျားလက်မဟုတ်ဘူး၊ ကျုပ်ဖန်တီးထားတာပဲ"

"မဟုတ်တာဘဲရှင်. . . ဒီအသက်အရွယ်ရောက်တာတောင် မုသာဝါဒကို ကျူးလွန်နေတုန်းပဲလား၊ ကျွန်မ ဒေါသမထွက်ချင်ဘူး။ ဒီလက်ကိုပြန်မပေးရင်တော့ ရှင် ဘယ်လိုဖြစ်သွားမယ်ထင်သလဲ သိရဲ့လား"

"ဘာပဲဖြစ်ဖြစ် ဒီလက်ဟာ ခင်ဗျားလက်မဟုတ်ဘူးဆိုတာတော့ သေချာတယ် . . . အဲဒါကြောင့် ပြန်မပေးနိုင်ဘူး"

"ရတယ်လေ. . . ဒီလက်ကိုပြန်မပေးချင်ရင်တော့. . . ရှင့်ရဲ့လက်ကိုအစားယူသွားရမှာပဲ"

www.burmeseclassic.com



ထိုသို့ပြောဆိုပြီးနောက် မြစိမ်းရှင်သခင်မသည် ဦးတိုင်းကျော် အားပြုတ်သားသည့် အကြည့်မူးစူးဖြင့် ကြည့်ရှုလိုက်ရာ မျက်လုံးအစုံ သည် မီးတောက်မီးလျှံပမာ ရဲရဲနီနေတော့၏။ မြစိမ်းရှင်၏အကြည့် အောက်၌ ဦးတိုင်းကျော်အလွန်တုန်လှုပ်ခြောက်ခြားနေ၏။ ဦးတိုင်း ကျော်သည် မြစိမ်းရှင်အားမည်ကဲ့သို့ ဆက်လက်ပြောဆိုရမှန်းမသိ အောင်ဖြစ်နေချိန်၌ မြစိမ်းရှင်သည် မီးဟုန်းဟုန်းတောက်နေသော မျက်လုံးအစုံကို ဖယ်ခွာပြီးနောက် လက်တစ်ဖက်အားလှုပ်ရှားလိုက် လေရာ ဝင်းလက်ထက်ရှသော ဓားတိုတစ်ချောင်းသည် မြောက်ကြွ လာကာ ဦးတိုင်းကျော်လက်မောင်းရင်းအား ဖြတ်ရန်ကြိုးစားတော့ ၏။ ဦးတိုင်းကျော်သည် အခန်းတွင်းမှ ထွက်ပြေးတိမ်းရှောင်ရန် ကြိုးစားသော်လည်း မလွယ်ကူအောင်ဖြစ်နေ၏။

အလုံပိတ်ထားသောအခန်းဖြစ်နေသည့်အတွက် မြစိမ်းရှင်ပြု သမျှ မည်သည့်နည်းဖြင့် ခုခံကာကွယ်ရမှန်းမသိအောင်ဖြစ်နေချိန်၌ မြစိမ်းရှင်သည် ရုတ်ခြည်းရှေ့သို့တိုးတက်လာပြီး ဦးတိုင်းကျော် လက်အား ခုတ်ပိုင်းလိုက်လေတော့၏။ အလုံပိတ်ထားသော အခန်း တစ်ခုလုံးဝင်းလက် တောက်ပသွားပေ၏။

"အောင်မလေးသေပါပြီဗျာ"

"ဝုန်း. . . ဝုန်း. . . ဝုန်း"

"ဆရာ. . . ဆရာ. . . ဆရာ"

အသံများနှင့်အတူ လူတစ်ယောက်အခန်းတွင်းသို့ တွန်းဖွင့်ရင်း

www.burmeseclassic.com

www.burmeseclassic.com

ပြေးဝင်လာသည်။ ပြေးဝင်လာသည့်လူသည် မြင်တွေ့လိုက်ရသည့် မြင်ကွင်းနှင့်ပြေးဝင်လာသော ခြေလှမ်းများရပ်တန့်သွား၏။ အခန်းတစ်ခန်းလုံး ရှပ်ထွေးပြန့်ကျဲလျက်ရှိပြီး ငှက်ပျောအုန်းပွဲများအားလုံး လွင့်စင်နေ၏။ ဦးတိုင်းကျော်သည် လဲကျသတိလစ်လျက်ရှိနေပြီး ကျောက်လက်ဝါးသည် ဦးတိုင်းကျော်ကိုယ်ပေါ်၌ တင်နေသည်။ ဦးတိုင်းကျော်ဦးခေါင်း၌ သွေးများယိုစီးထွက်နေသည်မို့ အံ့ဩမှုများကို လစ်လျူရှုကာပြေးပွေ့လိုက်သည်။

"ဆရာ. . . ဆရာ"

ခေါ်သံနှင့်အတူ လဲကျနေသောဦးတိုင်းကျော်သည် အနည်းငယ် လှုးလွန့်လာကာ မိုတ်ထားသောမျက်လုံးများ ပွင့်လာတော့သည်။ အခန်းတွင်းဝင်လာသူမှာ တပည့်မောင်ဝင်းနိုင်ဖြစ်နေသည့်အတွက် အားအင်ရှိလာကာ တပည့်အားစိုက်ကြည့်နေမိတော့သည်။ တပည့်မောင်ဝင်းနိုင်မှာ ဆရာဖြစ်သူထံထူးဆန်းအံ့ဩစွာနှင့်အတူ အခန်းတစ်ခန်းလုံးအား လိုက်ကြည့်နေသည့် ဆရာမျက်လုံးအား ကြည့်ပြီး မေးလိုက်သည်။

"ဆရာ. . . ဘာတွေကြည့်နေတာလဲ ဘာတွေဖြစ်ကုန်တာလဲဗျာ"

"မြစိမ်းရှင်. . . ဟိုမြစိမ်းရှင် ဘယ်ရောက်သွားပြီလဲ"

"ဘယ်မှာလဲ မြစိမ်းရှင်ဟုတ်လား. . . မြစိမ်းရှင် မရှိပါဘူး။ ရောက်လာတဲ့အချိန်မှာ ဆရာဒီနေရာမှာ လဲကျနေ



www.burmeseclassic.com

www.burmeseclassic.com



တာကို တွေ့ရပါတယ်"

"မြစိမ်းရှင် . . . ငါ့ဆီရောက်လာပြီး လက်ပြန်တောင်းတယ်၊ အဲဒီကျောက်လက်ကိုမပေးရင် ငါ့ရဲ့လက်ကိုအစားယူမယ်ဆိုပြီး လက်ကိုလိုက်ဖြတ်တယ်၊ ငါလဲရှောင်တိမ်းတယ်၊ နောက်ဆုံးသူက ငါ့ကိုဖမ်းမိသွားပြီး ငါ့လက်ကိုဓားနဲ့ခုတ်ဖြတ်လိုက်တယ်"

ဦးတိုင်းကျော်ထိုသို့ပြောနေသည့်အချိန်တွင် တပည့်ဖြစ်သူသည် ဦးတိုင်းကျော်၏လက်ကိုကြည့်ရင်း စကားကိုမယုံကြည်သလို ဖြစ်နေ၏။ သူ့အခန်းတွင်းဝင်ရောက်လာသည့်အချိန်တွင် အခန်းတွင်း၌ဖရိုဖရဲနှင့်ဆရာသမား လဲကျသတိလစ်နေ၏။ မြစိမ်းရှင်မဆိုထားနှင့် တခြားမည်သည့်မိန်းကလေးတစ်ဦးတစ်ယောက်ကိုမျှ တွေ့ရှိခြင်းမရှိပေ။ ဦးတိုင်းကျော်၏အခန်းတွင်းသို့ ဝင်ရောက်နိုင်သူမှာ ဦးတိုင်းကျော်၏သမီးသာ ဖြစ်နိုင်သည်။

မြစိမ်းရှင်ရောက်လာသည်ဆိုခြင်းမှာ တပည့်မောင်ဝင်းနိုင်အတွက် အလွန်အခက်ကြုံနေ၏။ မောင်ဝင်းနိုင်သည် ဦးခေါင်းမှသွေးထွက်ဒဏ်ရာကို ဆေးစည်းပေးနေပြီး ဆရာဖြစ်သူ၏စကားကိုမယုံကြည်သလို ဖြစ်နေတော့၏။

ဆရာ၏လက်တစ်ဖက်သည် ပြတ်တောက်ခြင်းမရှိသလိုတခြားဒဏ်ရာ ဒဏ်ချက်မှာလည်းမတွေ့ရပေ။ ဦးတိုင်းကျော်သည် ပွက်နေသည့်အခန်းတစ်ခုလုံး လိုက်လံကြည့်ရှုရင်းဗီဒိုနှင့်ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com

သည့် စဉ်းစားစရာများ တသီတတန်းကြီးဖြစ်ပေါ်လာပေတော့သည်။

စဉ်းစားတွေးခေါ်စရာများ တစ်နေ့ထက်တစ်နေ့ များပြားလာပြီး သောကများကပ်ရောက်ကာ မှိုင်တွေငေးမောနေ၏။

ထိုသို့ဖြစ်ခဲ့ပြီးရက်အနည်းငယ်ခန့်အကြာတွင် ဦးတိုင်းကျော် သမီးငယ်သည် ရုတ်တရက်သေဆုံးသွားသည်။ အချစ်ဆုံးသမီးငယ် ရုတ်ခြည်းသေဆုံးသွားသည့်အတွက် သောကမီးများတောက်လောင်ခဲ့ရ၏။

သမီးသေဆုံးပြီး ၇-ရက်မပြည့်မီ သားကြီးဝမ်းလျှော၍သေပြန်သည်။ သားကြီးနှင့်သမီးငယ်တို့နှစ်ဦး ရှေ့ဆင့်နောက်ဆင့်သေဆုံးကုန်၍ ဖြေသိမ့်မရနိုင်အောင် သောကပရိဒေဝမီးများတောက်လောင်နေတော့သည်။

ထိုမတည်ငြိမ်သော သောကအာရုံမီးများကြောင့် ဆေးကုသမှုများမအောင်မြင်ဘဲ အမှားအမှားအယွင်းယွင်းများရှိလာ၏။ သူ၏ဆုံးရှုံးခြင်းများစွာနှင့် ကြုံတွေ့နေရစဉ်အတွင်းမှာပင် ဇနီးသည် 'မတင်' ကွယ်လွန်ရပြန်၏။

ဦးတိုင်းကျော်ရင်တွင်း၌ သောကအာရုံမီးများ အထိတ်တလန့် ဖြစ်နေ၏။ သူ၏ခေါင်းတွင်းမှ အသံများဝုန်းဝုန်းဒိုင်းဒိုင်းကြားနေရသလို ထင်နေတော့၏။ ဦးတိုင်းကျော်သည် သောကများမှ ဒေါသများဖြစ်ပေါ် ပြောင်းလွဲသွားရ၏။ ကျောက်လက်ဝါးအား အသက်သွင်းခြင်းကြောင့် မိသားစုများတစ်ယောက်ပြီးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



သေဆုံးခဲ့ရသည်ဟု သံသယစိတ်ရှိုင်းများ ဝင်ပူးကပ်လာ၏။ အမှန်တွင် ကျောက်လက်ဝါးအား ဦးကျော်ငြိမ်းလယ်ကွက်တွင်းမှ ရရှိခဲ့ခြင်းဖြစ်သည်။ ဦးကျော်ငြိမ်းသည် ထိုလက်ဒဲ့ားပေးပြီးမကြာမီ အဆိပ်ပြင်းသော မြွေကိုက်၍သေဆုံးသွားသည်။ ဦးတိုင်းကျော်သည် ကျောက်လက်ဝါးစတင်ရရှိလာသည့်အကြောင်းကို ပြန်လည်စဉ်းစားရင်း မြစိမ်းရှင့်သခင်မဆိုသံ့၏ လက်မဖြစ်နိုင်ကြောင်းတွေးမိတော့၏။ သူသည် တစ်နေ့တခြားစိုးရိမ်စိတ်များနှင့် မတည်မငြိမ်ဖြစ်လာ၏။ ညစဉ်တိတ်ဆိတ်သော လကွယ်ညများကို ပိုမိုကြောက်ရွံ့နေသည်။ မြစိမ်းရှင်သည် မိမိလက်အားအမြဲလိုလာ၍တောင်းနေသည်။ ထိုအဖြစ်အပျက်များကို စိတ်ဖြင့်မှန်း၍ကြောက်လန့်တကြားဖြစ်နေရသည်။ ထိုကျောက်လက်ဝါးသည် ဆေးဆရာများအတွက် လွန်စွာအသုံးဝင်သည်။ ပရောဂဆရာများ သူတို့၏အတတ်ပညာရပ်များ နှင့်ပြုပြင်ဖန်တီး၍ ဆေးစီရင်ကြသည်။ ဦးတိုင်းကျော်ကဲ့သို့ပင် သေချာမရေရာသော ဆေးဆရာအတွက်တွင်မူ ထိုသောကမီးတောက်များ ရင်ဆိုင်ကြုံတွေ့ရသောအခါ စိုးရိမ်စိတ်များပိုမိုဖိစီးလာ၏။

ထိုသို့ကျောက်လက်ဝါးအားကိုင်၍ ငေးငိုင်နေစဉ် ညအချိန်ရောက်နေမှန်း သိတော့၏။ တချိန်၌စည်းတားခဲ့သော ဦးတိုင်းကျော် နေအိမ်တွင် ယခုအခါတပည့်သုံးယောက်သာရှိတော့၏။

အဝေးမှငှက်ဆိုးတို့အော်သံသည် ဝေးလိုက်နီးလိုက်ကြားနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးတိုင်းကျော်ညဘက်အိပ်စက်ရမည်ကို ကြောက်လန့်နေသူဖြစ်၏။ တပည့်အားလုံး အိပ်မောကျနေကြ၏။

ဦးတိုင်းကျော်သည် မိမိ၏အဖြစ်အပျက်များ ပြန်ပြောင်းတွေးရင်း နည်းနည်းတော့ကျောချမ်းနေ၏။ စဉ်းစားခြင်းများစွာနှင့် တွေဝေနေ၏။

"ဘာကြောင့် အဲဒီလောက်စဉ်းစားနေတာလဲ ဦးတိုင်းကျော်"

"အောင်မလေးဗျ"

ဦးတိုင်းကျော်သည် သူ၏အိမ်တွင်း၌ အိပ်ကျသံပင်မကြားရသည့် အခြေအနေမှ အသံတစ်သံကြောင့် အထိတ်တလန့်ဖြစ်သွားပြီး ခန္ဓာကိုယ်တစ်ခုလုံး ရှိရှိသမျှကြက်သီးမွေးညှင်းများထလာသည်။ အသံနှင့်အတူ အဖြူရောင်အဖြူတန်းများကြားမှ အစိမ်းရောင်ဝတ်စုံဖြင့် ချောမောလှပသောမိန်းကလေးတစ်ယောက်လာ၍ ရပ်နေသည်ကို တွေ့လိုက်ရသည်။ ထိုမိန်းကလေးသည် အသံထွက်အောင်ရယ်မောရင်း ဦးတိုင်းကျော်အားလှောင်ပြောင်နေသကဲ့သို့ ဖြစ်နေ၏။ ဦးတိုင်းကျော်သည် တပည့်တို့အား အော်မာစ်အကူအညီတောင်းရန် ပြင်ဆင်လိုက်စဉ် သူ၏ပါးစပ်များ လေးလံထုံထိုင်းနေသကဲ့သို့ ဖြစ်နေ၏။

"သူတို့ကိုခေါ်ဖို့ကြိုးစားနေသလား ဦးတိုင်းကျော်. . .

သူတို့ကိုလာဖို့ မစွမ်းဆောင်နိုင်အောင် ကျွန်မလုပ်ထား



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဘယ်လိုလဲရှင် ကျွန်မတို့နှစ်ယောက်တည်း ဆွေးနွေးရအောင်လား''

ဦးတိုင်းကျော်သည် မိမိအားအမြဲတမ်းလာရောက် နှောင့်ယှက်သော မိန်းကလေးအား ချွေးသီးချွေးပေါက်များ တစ်ကိုယ်လုံးရွှဲရွှဲစို လျက်နှင့်ကြည့်နေသည်။

"ကျုပ် မင်းနဲ့ပြောစရာမရှိဘူး. . . အခု ထွက်သွားစမ်း"

"ဟား. . .ဟား . . . ဟား. . . ဒီမှာကြည့်စမ်းေဒါ။ ဒီဓား ဟာ ရှင့်ရဲ့လက်ကိုဖြတ်ယူဖို့လာခဲ့တာ၊ ကျွန်မစကား နားမထောင်ရင်တော့ ရှင့်လက်ကိုဖြတ်ရမှာပဲ၊ အဲဒီတော့ ကျွန်မနဲ့ဆွေးနွေးမလား။ လက်ဖြတ်ခံမလား။ ကြိုက်သလို ပြောပါ"

ဦးတိုင်းကျော်သည် မိမိအားခြောက်လှန့်နေသောမိန်းကလေး အားကြည့်နေရခြင်းသည် အသက်ရှူကြပ်၍ မောဟိုက်လာ၏။ သေမင်းနှင့်စစ်ခင်းနေရသူကဲ့သို့ အားအင်များပျော့ခွေနေ၏။

မြစိမ်းရှင်သခင်မဆိုသူသည် ဘယ်အရာကိုမှ စိုးရွံ့သည့်အနေ အထားမရှိဘဲ သူ၏အကြည့်သည် စူးလက်တောက်ပနေသည်။

နောက်ဆုံးတွင် ဦးတိုင်းကျော်သည်ထိုင်ချလိုက်ပြီး မြစိမ်းရှင် နှင့်သဘောတူကြောင်း စကားလက်ခံဆွေးနွေးရန် ခေါင်းညိတ် လိုက်၏။

ဦးတိုင်းကျော်သည် မြစိမ်းရှင်အား မိမိ၏မိသားစုဝင်အား



www.burmeseclassic.com

www.burmeseclassic.com



သေဆုံးရခြင်းကိုပြောပြရာ မြစိမ်းရှင်သည် မိမိအစွမ်းအတတ်ပညာဖြင့် လုပ်ဆောင်ခဲ့သည်ကိုပြော၏။ ဦးတိုင်းကျော်သည် မိမိ၏သားသမီးဇနီးတို့၏ အာရုံများနှင့်ရူးသွပ်နေသူကဲ့သို့ တုန်လှုပ်သွားရ၏။ လောကတွင် မရှိမမြင်ရသောအရာများကို စိတ်ဖြင့်တွေးတောကြောက်ရွံ့နေ တော့၏။

ဦးတိုင်းကျော်သည် ကျောက်လက်ဝါးအားအလွန်လိုချင်ခဲ့သူဖြစ်သော မြစိမ်းရှင်မှမိမိ၏လက်ကိုလာရောက်တောင်းယူနေသည့်အတွက် မိသားစုများထိခိုက်ကြရ၏။ ဦးတိုင်းကျော်သည် ကျောက်လက်ဝါးကို မည်သို့ပြုလုပ်ရမည်ကိုတွေးနေ၏။

"ကျွန်မ ရှင့်ကို ဒုက္ခတွေပေးခဲ့ပြီးပြီဆိုတော့ ဒီလက်ကို ပြန်မတောင်းတော့ပါဘူး ... ဒါပေမယ့် တစ်ခုတော့ ရှင်ဆောင် ရွက်ပေးရလိမ့်မယ်"

"ဘာများလဲမြစိမ်းရှင် ... ကျုပ် ဘာလုပ်ပေးရမလဲ မင်းခိုင်းတဲ့အတိုင်း လုပ်ပေးပါမယ်"

"ကောင်းပြီလေ ... ဒါဆိုရင် ဦးတိုင်းကျော် ကျွန်မကို ဆောင်ရွက်ပေးရမဲ့ အလုပ်ကတော့ ရွာထိပ်က နှစ်ဆောင်မြိုင်အိမ်ကြီးထဲက စိန်ပေါ် "

"ဘာပြောတယ် ... သူဌေးကြီးဦးသော်ရဲ့သား စိန်ပေါ်ကို ဘာလုပ်ပေးရမှာလဲ မြစိမ်းရှင်"

"သူ့ကို သတ်ပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

ဦးတိုင်းကျော်သည် မြစိမ်းရှင်အား စူးစိုက်ကြည့်၍ လွန်စွာအံ့ဩမှင်သက်နေမိသည်။ အမှန်တော့ သူဌေးကြီး ဦးသော်ဇနီးနှင့် ဦးတိုင်းကျော်တို့သည် ဆွေရိပ်မျိုးရိပ် မကင်းကြပေ။

မြစိမ်းရှင်သည် အဘယ်ကြောင့် မိမိအစွမ်းဖြင့် မသတ်ဘဲ သူ့အား စိန်ပေါ်ကို အသတ်ခိုင်းနေ၏။

မြစိမ်းရှင်သည် သူ့အား ချောင်ပိတ်၍ ခိုင်းစေနေတော့၏။ သူသည် စိန်ပေါ်အားသတ်ရန် ဝန်လေးနေ၏။ ကျောက်လက်ဝါးအားလည်း လိုချင်နေ၏။ မြစိမ်းရှင်သည် သူ့အားသတ်ရန် စေခိုင်းသည်မှာ သုံးရက်အတွင်း ဖြစ်၏။ နောက်ဆုံးတွင် ဦးတိုင်းကျော်သည် သဘောတူလိုက်ရတော့သည်။ မြစိမ်းရှင်သည် ကြောက်မက်ဖွယ်ရယ်သံနှင့်အတူ ပျောက်ကွယ်သွားတော့သည်။

နှစ်ရက်မြောက်ညသို့ တိုင်ခဲ့သည်။

ဦးတိုင်းကျော်သည် မြစိမ်းရှင်အား လူသတ်ပေးမည်ဟူသောကတိပေးခဲ့မိသည်။ စိန်ပေါ်ကိုသတ်ဖြတ်ရန် ဦးတိုင်းကျော် အချိန်ပြည့်ကြံစည်နေသည်မှာ နှစ်ရက်တိုင် ကျော်လွန်ခဲ့ပြီ ဖြစ်သည်။

မနက်ဖန်ဆိုလျှင် သုံးရက်မြောက်သည့်နေ့သို့ ရောက်ရှိလာတော့မည် ဖြစ်သည်။ ဦးတိုင်းကျော် သက်ပြင်းအခါခါ ချမိ၏။ စိန်ပေါ်အား မိမိမသတ်ပါက သူ့အားသတ်မည်ဟု မြစိမ်းရှင် ပြောခဲ့၏။ ကိုယ့်အသက်အတွက်နှင့် တခြားသူအားသတ်ပေးရမည်



www.burmeseclassic.com

www.burmeseclassic.com



ကို ဝန်လေးနေ၏။ သူသည် မားရှည်ကိုကိုင်လိုက် လမ်းလျှောက်လိုက်နှင့် စိတ်လှုပ်ရှားနေ၏။ နောက်ဆုံးတွင် အမှောင်သည် ကြီးစိုးလာပြီဖြစ်၍ သွေးများသည် အမှောင်ကြောင့် ရဲသွေးတက်လာသလိုဖြစ်လာတော့၏။ မားကို ခါးကြားထိုးလျက် သွက်လက်သော ခြေလှမ်းများဖြင့် ရွာထိပ်ဆီသို့ ထွက်ခဲ့တော့သည်။

သူသည် သူ့ဖွေးသား စိန်ပေါ်မြို့မှ ပြန်လာမည်ဟူသော သတင်းကို ကြိုတင်ရရှိထားခဲ့၏။ ဦးတိုင်းကျော်သည် နောက်ဘက်မှ အသံကြား၍ နီးရာခြံကွယ်တစ်ခုသို့ အသာအရာ ပုန်းကွယ်လိုက်၏။

လူသံများ ဆက်လက်နားထောင်ပြီးမှ လမ်းနှင့်အနီးဆုံး မြက်ချုံကြီးအနီးမှ စိန်ပေါ်မြို့မှ အပြန်ကို စောင့်ဆိုင်းနေလိုက်၏။

ထိုအချိန်တွင် လူတစ်ယောက်၏ သွက်လက်သော ခြေလှမ်းများနှင့် ဦးတည်လာနေသည့်အသံကို ဦးတိုင်းကျော် ကြားရ၏။ သူပုန်းအောင်းစောင့်ဆိုင်းနေသည့် မြက်ချုံကြီးနှင့် တရွေ့ရွေ့နီးကပ်လာသောအခါ

"ခုတ်တော့လေ ဘာလုပ်နေတာလဲ"

ဟူသော အသံနှင့်အတူ ပုံရိပ်တစ်ခုကို ပွေ့လိုက်ရတော့သည်။

အမိန့်ပေးသံသည် နားထဲတွင် ထပ်ကာတလဲလဲ ကြားနေသည့်အခါ ဦးတိုင်းကျော် တုန်လှုပ်သွား၏။ နောက်ဆုံးတွင် အမိန့်ပေးသံကို ကြောက်ရွံ့လာကာ ချုံမြက်အကွယ်မှထွက်၍ နောက်



www.burmeseclassic.com

www.burmeseclassic.com



ကျောဘက်မှ အားစိုက်၍ ခုတ်ပိုင်းလိုက်၏။ လူရိပ်သည် မြေပြင်သို့ လဲကျသွားခြင်း ရယ်မောသံကြီးသည် ကျယ်လောင်စွာ ကြားလိုက်ရတော့၏။

"အဲဖြစ်ကတော့ . . . အဲဒါပဲဗျာ"

ဦးတိုင်းကျော် ထွက်ဆိုချက်သည် ကျွန်ုပ်တို့အတွက် အလွန်အံ့ဩကြရ၏။ တကယ်တော့ စုံနှံ့သာမင်းမောင်သည် ယခု ဖြစ်ပွားခဲ့သည့်အမှုမှ တရားခံများကို အချိန်တိုအတွင်းမှာ ဖော်ထုတ်ခဲ့သည်။

စုံနှံ့သာမင်းမောင်သည် ဦးတိုင်းကျော်အား စစ်ဆေးပြီးနောက် မြစိမ်းရှင် တပည့်ခံ 'မသန်းလှ'ထံ ဆက်လက်စစ်ဆေးလျက်ရှိသည်။

မသန်းလှ၏ ထွက်ဆိုချက်သည် လွန်စွာမှရိုးစင်းသည့် နာကျည်းချက် သက်သက်များသာ ဖြစ်သည်။

"ကျွန်မမှာ အမွှာညီအစ်မ ရှိပါတယ် . . . သူ့နာမည်က 'သန်းမြ'ပါ . . . 'သန်းမြ'ဟာ အခုအသတ်ခံရတဲ့ စိန်ပေါ်နဲ့ ချစ်သူတွေဖြစ်ခဲ့ပြီး . . . လွန်လွန်ကျူးကျူး မှားယွင်းခဲ့ကြတယ် . . . စိန်ပေါ်ကို လက်ထပ်ဖို့ တောင်းပန်တော့ စိန်ပေါ်က လက်မခံ၊ တာဝန်မယူနိုင်ဘူးဆိုပြီး တခြားမိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ခဲ့ပါတယ် ကျွန်မ ညီမ'သန်းမြ'ဟာ စိန်ပေါ်ရဲ့ စိတ်ဒဏ်ရာနဲ့ သေဆုံးသွားခဲ့တယ် . . . ညီမလေးအလောက်နဲ့ အမေလည်း

www.burmeseclassic.com

www.burmeseclassic.com



မကြာခင်သေသွားခဲ့တယ် ... ကျွန်မ အဲဒီအတွက်နဲ့ စိန်ပေါ်ကို လက်တုန့်ပြန်ခဲ့တာပါ ... ဦးတိုင်းကျော်ကို အသုံးချခဲ့ရတာကလည်း ဦးတိုင်းကျော်ဟာ ကျောက်လက်ဝါးဆိုတဲ့လက်အတွက်နဲ့ စိတ်တွေခြောက်ခြားနေသူ ဖြစ်နေမှန်း အတွင်းလူကတဆင့် သိခဲ့ရတယ် ... သူရဲ့ 'ဥပ္ပဒ္ဒါန်'နဲ့ သူ့ကို စွဲဆောင်ပြီး ကျွန်မရဲ့ လုပ်ဇာတ်တွေ ဖန်တီးပြီး အသတ်ခိုင်းခဲ့တာပါ ... ဦးတိုင်းကျော်ဟာ သူ့ရဲ့အစွဲအလန်းကြောင့် ကျွန်မကို မြစိမ်းရှင်သခင် အမှတ်နဲ့ ကြောက်လန့်နေခဲ့တယ် ... ကျွန်မ ရဲ့အတွင်းလူရဲ့ ကူညီမှုနဲ့ ဦးတိုင်းကျော်ကို ခုတုံးလုပ်စီစဉ်ပြီး လူသတ်ခိုင်းခဲ့တာပါ"

"ဒီလောက်ဆိုရင် ကျုပ်တို့ သဘောပေါက်ပါပြီ ... ဦးတိုင်းကျော်က ဘာများ ပြောချင်သေးလဲ"

"ကျုပ်ဘာမှ မပြောချင်တော့ပါဘူး ... အမှန်က ကျုပ် မှားပါတယ် ... အရာရာကို စီစစ်ဝေဖန်စဉ်းစားတွေးခေါ်တတ်တဲ့ ဉာဏ်ပညာမရှိခဲ့ ကြောက်ရွံ့ခဲ့မိတာပါ ရူးသွပ်မှုကြီးကြောင့် နောင်တရခဲ့ပြီဗျာ"

ဦးတိုင်းကျော်သည် သူ၏မရေရာသော မစဉ်းစားမချင့်ချိန်သော အဖြစ်အပျက်များကို ဝန်ခံရင်း ခေါင်းငိုက်စိုက်ချလိုက်လေတော့၏

"မှန်တာပေါ့ ... ဦးတိုင်းကျော်ရယ် ... လူတွေဟာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ခံစားချက်တွေ ဖိစီးလို့ ဒုက္ခရောက်ကြရတယ် . . . အယူသီးတာတွေနဲ့အချိန်တွေ ကုန်ကြရတယ် . . . မသိနားမလည်မှုတွေကြားမှာ ကြောက်ရွံ့တာနဲ့ အလုပ်တွေ ရှုပ်ထွေးတယ် . . . မသိနားမလည်တော့ အမှန်တကယ် မရှိတဲ့ စိတ်က စွဲလန်းလို့ အာရုံတွေဖြစ်လာတာကို အမှန်တကယ်လို့ ယုံကြည်ပြီးမှားယွင်း ကျူးလွန်ကြတာတော့ ပေါ့ဗျာ”

စုံနွံ့သာမင်းမောင်သည် ထိုသို့ကောက်ချက်ချရင်း ဆေးလိပ်မီးခိုးငွေ့တန်းကို ငေးမောကြည့်နေ၏။

မကြာမီ စုံနွံ့သာမင်းမောင်သည် ထိုအမှုအား တာဝန်ရှိသူများထံ အမှုတွဲနှင့်တကွအပ်နှံပြီး ကျွန်ုပ်နှင့်အတူ ထွက်လာခဲ့ကြ၏။

ကျွန်ုပ်သည် မောင်စိန်ပေါ်အား သတ်ဖြတ်သူများအကြောင်း တွေးတောရင်း စုံနွံ့သာမင်းမောင်အား ချီးကျူးစကား ပြောခဲ့သည်။

စုံနွံ့သာမင်းမောင်သည် ကျွန်ုပ်အား ရှင်လန်းသော အကြည့်ရွှရွှများနှင့်ကြည့်ရင်း စကားတစ်ခွန်းပြောလိုက်သည်။

“မျော်ပဥ္စလက်ဆိုတာ အဲဒါကိုခေါ်တာ ကိုအောင်သိန်း”

မင်းလူည

www.burmeseclassic.com

www.burmeseclassic.com



# သောင်ကျော်ရွာ

ဆရာကြီး မြစကြာ

နှင့်

www.burmeseclassic.com

www.burmeseclassic.com

# အောင်ကျော်စွာ

## ဆရာကြီး မြစကြာ

နှင့်

## အမွေနှမ်းမိတ် – သေသူတွေ့ သော်

(၁)

တစ်နေ့သ၌ ကျွန်းညိုမြို့မှ မောင်ပြားကြီးဆိုသော သူကြွယ်လူငယ် တစ်ယောက်က ကျွန်ုပ်ထံသို့ စာတစ်စောင်ပို့လိုက်၏။

ထိုစာမှာ ရိုက်ချစ်စတာ (ခေါ်) မှတ်ပုံတင်ထားသော စာအိတ်ကြီးဖြစ်ပြီး စာတွင်ပါသည့် အကြောင်းအရာများမှာ အောက်တွင် ဖော်ပြထားသည့် အကြောင်းအရာကိစ္စများပါဝင်ပေ၏။

♛ ♛ ♛ ♛

---



www.burmeseclassic.com

www.burmeseclassic.com

# အောင်ကျော်စွာ

## ဆရာကြီး မြခကြာ

နှင့်

## ထားဝယ်မြို့မိတ် - သေသူတွေ့သော်

(၁)

တစ်နေ့သ၌ ကျွန်းညီမြို့မှ မောင်ပြားကြီးဆိုသော သူကြွယ်လူငယ် တစ်ယောက်က ကျွန်ုပ်ထံသို့ စာတစ်စောင်ပို့လိုက်၏။

ထိုစာမှာ ရိုက်စစတာ (ခေါ်) မှတ်ပုံတင်ထားသော စာအိတ်ကြီးဖြစ်ပြီး စာတွင်ပါသည့် အကြောင်းအရာများမှာ အောက်တွင် ဖော်ပြထားသည့် အကြောင်းအရာကိစ္စများပါဝင်ပေ၏။

♛ ♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



သို့

လေးစားခင်မင်ရပါသော . . . ဆရာကြီးမြစကြာခင်ဗျား၊ ကျွန်တော့်တွင် ပုံမှန်မဟုတ်သော ဆန်းပြားလှသည့် ပရလောကသား (သေဆုံးသူများ)နှင့် တွေ့မြင်နေရပါတယ်။

ဤကဲ့သို့ သေသူနိမိတ်များနှင့် ပြန်လည်ဆုံတွေ့ရပါသော် အသက်အန္တရာယ် ဖြစ်နိုင် . . . မဖြစ်နိုင် သိလိုပါတယ်။

ကျွန်တော့်ရဲ့မွေးချင်း ညီအစ်ကိုတော်သူတစ်ယောက်မှာလည်း ဤအဖြစ်အပျက်မျိုး (သေသူများနှင့် မကြာမီက တွေ့ဆုံခဲ့ရပြီး) ရန်ကုန်သို့ သင်္ဘောစီး၍ လာရဲသောသတ္တိ မရှိတော့ပါ။

ဆရာကြီးမြစကြာကိုယ်တိုင် ကြွရောက်လာပါလျှင် ကုန်ကျသောလမ်းစရိတ်၊ စားစရိတ်အဝဝတို့ကို ကျွန်တော်ကပင် အကုန်အကျခံပါမယ်။

လာမည့် သင်္ဘောထွက်မည့်ရက်တွင် ကျွန်ညီပြုံး၊ ရွှေပိုက်ကွန်စံအိမ်ကြီးဆီကို လာရောက်ဆွေးနွေး အကြံပေးပါရန် လေးလေးစားစားနှင့် ဖိတ်ခေါ်အပ်ပါတယ်။

လေးစားစွာဖြင့်

မောင်ပြားကြီး

ရွှေပိုက်ကွန်စံအိမ်၊ ဘိုကလေး

ကျွန်းညီပြုံး။

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC

လက်ရှိအခြေအနေအရ ကျွန်ုပ်မှာ ရန်ကုန်မြို့၊ ပုဇွန်တောင်ရပ် (တောင်လုံးပြန်)တွင် ဖွင့်လှစ်ထားသည့် လောကီဝိဇ္ဇာနှင့် ပယောဂ ကုဆေးခန်းကို တပည့်ဖြစ်သူ မောင်ခင်မောင်ဦးနှင့် လွှဲအပ်ထားခဲ့ကာ ပင်လယ်ရှုခင်း၊ ပင်လယ်အစားအစာနှင့် ပင်လယ်လေကို ရှူရှိုက် လိုသောကြောင့် ဘိုကလေး၊ ကျွန်းညိုမြို့မှ မောင်ပြားကြီး၏ ဖိတ် ခေါ်မှုကို ကျေကျေနပ်နပ်ကြီး လက်ခံလိုက်လေ၏။

သို့ဖြင့် ကျွန်ုပ်သည် ရောဝတီ ဖလိုတီလာကုမ္ပဏီ (ပြည်တွင်း – ရေလမ်းခရီးဌာန) သို့ ဖုန်းဖြင့်ဆက်သွယ်၍ လက်မှတ်ကို ကြို တင်ဝယ်ယူလိုက်၏။

လွန်ခဲ့သော ၁၉၄၆–ခုနှစ်ကာလမှာပင် တစ်ပတ်လျှင် (၃) ကြိမ်ထွက်၏။ နံနက် (၆)နာရီခွဲအချိန်တွင် စက်တင်လှေ့တပ် "တီ"



www.burmeseclassic.com

www.burmeseclassic.com



အမျိုးအစား နှစ်ထပ်သင်္ဘောကြီး အောင်ဇေယျနှင့် သွားလာခဲ့ရခြင်းဖြစ်ပြီး၊ ရန်ကုန်မြို့မှ တွံတေး၊ ကျိုက်လတ်၊ ကျုံတာ၊ လွှထောင်စု၊ ကျုံကျပ်၊ ကန်ကြီး၊ ကနောင်၊ မြင်းကကုန်း၊ သံလိုက် ဆိပ်ကမ်းများကိုကျော်လျှင် ဘိုကလေးကျွန်းညိုသို့ ရောက်ပေပြီ။

ကျွန်းညိုနှင့် ရန်ကုန်မြို့အကွာအဝေး ရေမိုင်တိုင်မှာ (၈၇) မိုင်ရှိကြောင်းသိရပြီး လမုပင်၊ ပြုပင်၊ ဓနိပင်များ ဝိုင်းရံနေသော ထိုမြို့လေးမှာ တစ်ချိန်က မိကျောင်းဟူသော ကန္တာလ ရန်စွယ်များ ပေါ်ကြွယ်လှရာ ဖြစ်ခဲ့ပေသည်။

BURMESE CLASSIC

ကျွန်ုပ်ကို ဖိတ်ခေါ်ထားသော မောင်ပြားကြီး၏ ရွှေပိုက်ကွန် စံအိမ်ကြီးမှာလည်း ပင်လယ်ဝအနီးတွင်ရှိသဖြင့် အကြိုလွှတ်လိုက်သည့် တပည့်တစ်ယောက်လာကြိုသည့် ပဲ့ထောင်လှေလေးနှင့် လမုတန်းချောင်းဝအတိုင်း စုန်ဆင်းလာခဲ့ရပြန်၏။

ဒီရေတက်စပြုနေပြီဖြစ်၍ အစုန်ဆိုသော်လည်း ရေဆန်ဟုံ ခေါ်က မများနိုင်ပါချေ။

ဘိုကလေး ကျွန်းညိုမြို့အလွန် (၂)မိုင်ခန့်အကွာ ချောင်းကမ်း နဖူး၌ နယ်လှည့်အသံတိုက် ပိတ်ကားကြီးပြု ရုပ်ရှင်ရုံတစ်ခု ဆောက် ထားလေ၏။

ထိုရုံ၏ အနောက်ဘက်တွင် လွှထောင်စုရွာရှိသည်ဟု ပဲ့ကိုင် မောင်သူ လှငယ်ကပြော၏။

နယ်လှည့်ရုပ်ရှင်ရုံရှေ့ရှိ သုံးထပ်ပြားတွင် ဒါရိုက်တာ နန္ဒလင်း



www.burmeseclassic.com

www.burmeseclassic.com



၏ အင်းဝိဇ္ဇာ ဆရာညိုဇာတ်ကားကြီးပြသမည့်ဟု ရေးသားထား သဖြင့် အပယ့်တော်မင်္ဂလာနိမိတ် ကောက်ယူလေ့ရှိသော ဖါသနာ အတိုင်း (နံနက် (၃)နာရီ (၄၅)မိနစ် အင်းဝိဇ္ဇာ ဆရာညို)ဟု မှတ်စုကိုဖွင့်ကာ ရေးသားလိုက်မိလေသည်။

ဆက်လက်၍ ချောင်းကွေ့တစ်ခုအလွန်ရောက်ရှိလာချိန်တွင်မူ အဝေးဆီမှ ပင်လယ်ဝကိုသော်လည်းကောင်း၊ အနီးမှ မောင်ပြား ကြီး၏ "ရွှေပိုက်ကွန် စံအိမ်ကြီး"ကိုသော်လည်းကောင်း မြင်လိုက် ရ၏။

BURMESE CLASSIC

တဖြည်းဖြည်းနှင့် ကျွန်ုပ်စီးလာသောလှေလေး ကမ်းစပ်သို့ အရောက်တွင်မူ မောင်ပြားကြီးဟု ယူဆရသော ရုပ်ရည်သန့်ပြန့် သည့် လူရွယ်တစ်ဦးနှင့် မိန်းမချောတစ်ဦး၊ နောက်မှ ခါးကုန်းကုန်း အဘိုးကြီးတစ်ဦးတို့က ကျွန်ုပ်ကို ဆိပ်ခံဗောတံတားလေးပေါ်မှ ကြိုဆိုနေကြပေ၏။

"မြစ်ပေါက်ဘက်က ပွဲထောင်သံကြားကတည်းက ဆရာ ကြီးမြစကြောကို ကျွန်တော်တို့ထွက်ပြီး စောင့်ကြိုနေကြ တာပါခင်ဗျာ"

ဟု ရုပ်ရည်သန့်သန့်ပြန့်ပြန့်ရှိလှသော်လည်း စိတ်ပင်ပန်းခြင်း အိပ်ရေးပျက်ကာ မျက်နှာချောင်ကျနေသည့်လူရွယ်က ပြောလိုက်၏။

"အင်း. . . မောင်ရင်က ဆရာ့ကိုမိတ်ခေါ်ထားတဲ့ . . . မောင်ပြားကြီး မှတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်ုပ်က သေချာအောင် မေးလိုက်ပြန်သည်။

"ဟုတ်ပါတယ် ဆရာကြီး . . . ဒါက ကျွန်တော့်ရဲ့ဇနီး ဥမ္မာစိုးပါ"

ဟု ဆိုကာ မိတ်ဆက်ပေးလာသည်။

မိန်းမချောတစ်ဦး၏ ဖြူဝင်းသောအလှသည် ကျွန်ုပ်၏ စိတ်ကို လေးလံ ထိုင်းမှိုင်းစေပါ၏။ သည်လိုမိန်းမချောမျိုးကို ကျွန်ုပ်အနေဖြင့် လက်ထပ်မယူရဲပါချေ။

မောင်ပြားကြီးကတော့ သတ္တိကောင်းသူလား၊ မိုက်မဲသူလား မသိ၊ အများအားဖြင့် အစွန်းရောက်အောင် ချောမောတတ်သော မိန်းကလေးများကား ရှုပ်ထွေးမှုများနှင့် မယှဉ်နိုင်စရာ ငြိစွန်းနေသည် မဟုတ်ပါလား။

BURMESE CLASSIC

သို့သော် ခါးကုန်းကုန်း၊ လူခပ်ကြီးကြီးနှင့်တော့ ကျွန်ုပ်ကို မိတ်ဆက်ပေးခြင်း မရှိပါချေ။

ပွဲထောင်သမားလူငယ်က ကျွန်ုပ်၏ ခရီးဆောင်အိတ်ကိုလွယ်၍ အားလုံးပင် ရှေ့ပိုက်ကွန်စံအိမ်ကြီးဆီသို့ လျှောက်လာခဲ့ကြ၏။

ကျွန်ုပ်မှာ ခရီးပန်းလာခဲ့သဖြင့် လန်းဆန်းသွားအောင် ရေမိုး ချိုးလိုက်ရပြီး နေ့လည်ခင်းစာကိုမူ ပင်လယ်ပြင်ကြီးအား လှမ်းမြင် ရသော အုန်းခြံထဲမှာပင် စားပွဲဝိုင်းဘေး၌ ပက်လက်ကုလားထိုင် ကိုယ်စီနှင့် ဝိုင်းဖွဲ့ဖြစ်လေသည်။

ထိုနေ့မှာ မိုးရာသီဖြစ်သော်လည်း ရာသီဥတုမှာ အတော်ပင်



www.burmeseclassic.com

www.burmeseclassic.com



သာယာနေပေ၏။

စားပွဲပေါ်တွင် ကျွန်ုပ် အင်မတန်နှစ်သက်သော ပင်လယ်ခရုကို သံပုရာရည်ဆမ်း၍ သုပ်ထားသည်။ နောက် ပြည်ကြီးငါးသုပ်၊ ငါးမန်းတောင်ပေါင်းချိုနှင့် ထမင်းမှာ စားကောင်းလှပေ၏။

အိမ်ရှင်ဖြစ်သူ မောင်ပြားကြီးက ထမင်းဝိုင်းအနီးတွင် သူ့ဇနီးချောလေး ဥမ္မာစိုးကိုခေါ်ထား၍ စကားထောက် ပြုလုပ်စေဟန်ရှိသော်လည်း ကျွန်ုပ်က. . .

အလုပ်အကြောင်း ဖြစ်ရပ်တွေကို ဆွေးနွေးပြောဆိုနေချိန်မှာ ကာယကံရှင် တစ်ဦးတစ်ယောက်တည်းသာ ရှိနေသင့်ကြောင်း ပြောလိုက်သဖြင့် မောင်ပြားကြီးမှာ မအီမလည်နှင့် သဘောတူလိုက်ရလေ၏။

"ကိုင်း. . . မောင်ပြားကြီး၊ မောင့်အနေနဲ့ ရင်ဆိုင်နေရတဲ့ ပရလောကသားတွေရဲ့. . . ပြဿနာ"

ဟု ကျွန်ုပ်က အမေးစကား စတင်ဖွင့်လှစ်လိုက်၏။

♛ ♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



(၂)

"ဒီလိုပါ. . . ဆရာကြီးမြစကြာခင်ဗျား လွန်ခဲ့တဲ့ (၆)လ လောက်က အိမ်မဲမြို့ စာချွန်ခံရပ်ကွက်က ပွဲစားကြီး ဦးဘိုးလှ သွာဆီကိုအသွား သဘော်ပေါ်မှာပဲ ဒီပွဲစားကြီး ဦးဘိုးလှသွာကို ခရီးသည်တွေကြားမှာ တွေ့မြင်လိုက်ရပါ တယ် . : . ရှိုးတိုးရှိပ်တိပ် မဟုတ်ပါဘူး . . . အပီအပြင် ကိုပဲ မြင်တွေ့လိုက်ရတာပါ . . . ဒါပေမယ့် အပေါ်ထပ်နဲ့ အောက်ထပ်လည်းဖြစ်၊ လူတွေကလည်း ပြည့်ကြပ်နေ တော့ကာ သူ့နေရာကိုရောက်အောင်သွားဖို့က မလွယ်လှ ပါဘူး . . . ဆရာကြီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ဟုတ်ပြီ၊ ဆက်ပြောပြပါဦးလေ"

ထိုစဉ်မှာပင် မရမ်းဆီရောင် ဝမ်းဆက်အင်္ကျီနှင့် ဥမ္မာစိုးက လသာပြင်ဘက်သို့ ထွက်သွားသည်။ ဒီရေပြန်ကျနေပြီဖြစ်၏။

"ဒီ . . . ဦးဘိုးလှသာကို မြင်လိုက်ရမှ ကျွန်တော့်ရဲ့ လာရင်းကိစ္စကို သိပ်ပြီးပြောချင်လာတယ် . . . အိမ်မဲမြို့ရောက်အောင်ကို မစောင့်ချင်တော့ဘူး . . . ဦးဘိုးလှသာကြီး ကျွန်းညိုကနေ သင်္ဘောပေါ်တက်လာတာဆိုရင် ဘာလို့ ကျွန်တော့်ဆီကို မဝင်ရတာလဲ၊ သိချင်စိတ်တွေ တစ်ဖွားဖွားနဲ့ဖြစ်နေမိပါတယ် . . . ပြီးတော့ . . . ဦးဘိုးလှသာက ကျွန်တော့်ကိုမြင်ပေမယ့်လည်း မမြင်လေဟန် ဆောင်နေပြန်တယ် . . . ပြီးတော့မှ အလစ်မှာ ကျွန်တော့်ကို ခိုး . . . ခိုးပြီး ကြည့်တတ်ပါတယ် . . . အဲဒါ ဘယ်လိုမှ စဉ်းစား လို့မရခဲ့ဘူး။ ဒီလူဟာ ဦးဘိုးလှသာနဲ့ သိပ်တူတဲ့ လူလို့ ဆိုပြန်ရင်လည်း ကျွန်တော့်ကို ခိုးကြည့်စရာ မလိုပါဘူး . . . ဒါဟာ ဦးဘိုးလှသာနဲ့ ကျွန်တော် အဆက်အသွယ်ပြတ်သွားတာ (၅)နှစ်လောက်ရှိနေပြီဆိုတော့ ဒီကြားထဲမှာ ဦးဘိုးလှသာအနေနဲ့ တစ်မျိုးတစ်ဖုံ စိတ်ပြောင်းသွားနိုင်ပါတယ် . . . ဘာပဲဖြစ်ဖြစ် အိမ်မဲမြို့မှာ သင်္ဘောဆိုက်ရင် ဒီကိစ္စပြီးစီးသွားမှာပဲလို့ အောက်မေ့တယ်"

ဟု အိမ်ရှင်သူဌေးလေး မောင်ပြားကြီးက စကားကိုရှည်လျား

www.burmeseclassic.com



စွာပြောရင်း မိုးကုပ်စက်ဝိုင်းဆီသို့သာ ငေးကြောင်ငေးကြည့်နေရှာပြန်သည်။

ကျွန်ုပ်လည်း သူ့စကားများကို စိတ်ဝင်စားခဲ့မိပါသည်။ ဒီကိစ္စကား သာမန် လူတွေမရှား၊ နာမည်တူမရှား ပုံစံမျိုးက လမ်းခွဲ ထွက်နေပြန်သည်။

"ဆိုစမ်းပါဦး ... အိမ်မဲမြို့ကိုရောက်တော့"

ကျွန်ုပ်က ခရုနှင့် ခရမ်းချဉ်သီးသုပ်ကို ဖွန်းနှင့်ခပ်ရင်းမှ စကားထောက်လိုက်သည်။ (ယခုအချိန်ထိ ဦးဘိုးလွှာမှာ ပရလောက သားတစ်ဦးဟု ကျွန်ုပ်ကိုယ်တိုင်လည်း မထင်မြင်မိသေးချေ။)

"အိမ်မဲရောက်တော့ သင်္ဘောကဆင်းလာကြတဲ့ လူအုပ်ထဲမှာ ဦးဘိုးလွှာဆိုသူကို မတွေ့ရပြန်တော့ပါဘူး ... ဒါနဲ့စာချွန်ခံ ရပ်ကွက်ထဲက ဦးဘိုးလွှာအိမ်ကို လိုက်သွားတော့ ... ဒီဦးဘိုးလွှာ ကွယ်လွန်ဆုံးပါးသွားခဲ့တာ တစ်နှစ်တိတိတောင် ရှိနေပြီဆိုပဲ ... အင်းလေ ... ဦးဘိုးလွှာနဲ့ ကျွန်တော်တို့ အဆက်အသွယ်ပြတ်သွားခဲ့ကြတာ (၅)နှစ်နီးပါးရှိခဲ့ပြီဆိုတော့ ... သူတို့လည်း မိုးညှို့မှာရှိတဲ့ ကျွန်တော့်ကို အကြောင်းမကြားမိဘူးပေါ့ ပြီးတော့ ဦးဘိုးလွှာနဲ့တူတဲ့သူ ရှိ ... မရှိ ဆိုတာမျိုးကျ တော့ သူတို့လည်း စိတ်မဝင်စားလောက်တော့ပါဘူး"

ဟု မောင်ပြာကြီးက စကားကို လက်စသတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com


သို့သော် လုံးဝစကားအဆုံးသတ်လိုက်ခြင်းတော့မဟုတ်။ ပထမပိုင်းကိုသာ အဆုံးသတ်လိုက်ခြင်းမျှသာဖြစ်၏။

"အင်း. . . ဒါလောက်နဲ့တော့ ကျွန်တော့်အနေနဲ့ ဘာမှ လည်း ပြဿနာမဟုတ် သေးဘူးပေါ့လေ"

"ဒီလိုဆို မောင်ပြားကြီးအနေနဲ့က ဒီ. . . ပွဲစားကြီး ဦးဘိုးလှကို နောက်ထပ်တွေ့နေပြန်သေးလို့လား"

"လုံးဝမတွေ့ရတော့ပါဘူးခင်ဗျာ၊ အဲ . . . အဲ . . . ဒါပေမယ့်"

မောင်ပြားကြီးအနေဖြင့် ဦးဘိုးလှကြီးကို နောက်ထပ် မတွေ့ရ တော့တာကတော့ ဟုတ်ပြီ။ သို့သော်. . . ဒါပေမယ့်ဆိုသောစကား က သူ့ဇာတ်လမ်းကို အရှိန်မြှင့်လိုက်တော့မည့်ပုံစံမျိုး ဖြစ်သည်။ ပို၍လည်း စိတ်လှုပ်ရှားလာပုံ ပေါ်လွင်နေပေ၏။

"ကျွန်တော်တို့မြို့က သူ့သန်ကို ကန်တော်ဦးလို့ ခေါ်ပါ တယ်ဆရာကြီး . . . ဘာဖြစ်လို့ အဲဒီလိုခေါ်တယ် . . . ဘယ်တုန်းက စခေါ်ကြတယ်ဆိုတာ ဘယ်သူမှမသိပါဘူး စိတ်လည်းမဝင်စားကြပါဘူး"

ဟု အထက်ပါအတိုင်း မောင်ပြားကြီးက ဆက်ပြောလိုက်၏။ ကျွန်ုပ်အနေဖြင့်ကား "ကန်တော်ဦး" ဟု ဆိုလိုက်ကတည်းက ရေနှင့်ပတ်သက်နေလိမ့်မည်ဟု စိတ်ထဲမှာ တေးမှတ်ထားလိုက်၏။

"ကျွန်တော်တို့မြို့က ဆရာဝန်အဖျိုကြီး ဒေါက်တာ


www.burmeseclassic.com

www.burmeseclassic.com



မြေကောသီရဲ့ အသုဘကို ကျွန်တော်အပါအဝင် လူအတော်များများ လိုက်ပို့ခဲ့ကြပါတယ် . . . သူကလည်း သဘောကောင်းသင့်သလောက် ကောင်းတာဆိုတော့ လက်လုပ်လက်စား ဆင်းရဲသားတစ်ချို့တောင် လိုက်လံပို့ကြပါတယ်၊ အဲဒီ. . . အသုဘပို့တဲ့လူတွေကြားထဲမှာ လွန်ခဲ့တဲ့ နှစ်လလောက်က တစ်ပြိုင်တည်း သေဆုံးသွားတဲ့ ပေသီးနဲ့မင်းညိုဆိုတဲ့ ပိုက်သမားနှစ်ယောက်ကို တွေ့လိုက်ရပါတယ် ဆရာကြီး"

ထိုစကားကြောင့် ကျွန်ုပ်ပို၍ စိတ်ဝင်စားသွားသည်။ ကျွန်ုပ်ကိုင်တွယ်ရမည့် ပြဿနာသည် သမရိုးကျမဟုတ်တော့ပေ။ သေဆုံးသွားသော တမလွန်လောကမှ ပရလောကသားများနှင့် ပတ်သက်ဆက်စပ်နေဟန်တူပေ၏။

"သူတို့နှစ်ယောက်ကို ကျွန်တော်က သိရုံပဲသိတာ . . . ကျွန်တော်ပိုင် စက်လှေက အလုပ်သမားတွေမဟုတ်ပါဘူး တစ်ခါမှလည်း စကားမပြောဖူးတော့ သူတို့နဲ့ သွားရောဖို့ဆိုတာကလည်း ခက်နေပါတယ် . . . သူတို့နှစ်ယောက်ကလည်း စူးစူးစိုက်စိုက်နဲ့ ကျွန်တော့်ကို ကြည့်နေကြပါတယ် . . . ရန်လိုတဲ့ပုံစံ မဟုတ်ပေမယ့် နားလည်ရတော့ တော်တော်ခက်တယ် . . . ပြီးတော့ . . . သူတို့နှစ်ယောက်ကိုလည်း ကျွန်တော်ကလွဲလို့ ဘယ်သူမှ မြင်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကြရဟန် မတွေ့ပါဘူး . . . ဒီအဖြစ်အပျက်တွေဟာ ထူးဆန်းရာကနေ အလိုလိုနေရင်း ကျွန်တော်လည်း ကြောက်လန့် စိုးရိမ်စိတ်တွေ ဝင်လာပါတယ် ဆရာကြီး . . . ဒီကိစ္စမျိုးဟာ အကောင်းထက် အဆိုးဘက်က ပိုများလိမ့်မယ်လို့ ထင်ပါတယ်''

''အင်း . . . ဖြစ်နိုင်ပါတယ် . . . မောင်ပြားကြီး . . . ဆက်စမ်းပါဦး''

''အဲဒီနေ့ . . . သုသာန်ကအထွက်မှာ ကျွန်တော် သူတို့နှစ်ယောက် နောက်ကိုလိုက်ကြည့်ဖို့ စဉ်းစား ကြည့်တယ် သူတို့လည်း သိနေပုံပေါ်တယ် . . . ဒါပေမယ့် သူတို့နှစ်ယောက် ဆင်းသွားတာကတော့ မိုးညှို့နဲ့ မနီးမဝေးမှာရှိနေတဲ့ ဗျိုက်တောဘက်ကို ဆင်းသွားကြတော့ ကျွန်တော်လည်း မလိုက်ရဲတော့ဘူး . . . ဒါဟာ သူတို့ပရလောကသားတွေရဲ့ ထောင်ချောက်တစ်ခုလည်း ဖြစ်နိုင်တယ် . . . မဟုတ်လား''

''ဟုတ်တာပေါ့ . . . မောင်ပြားကြီး ဒါထက် . . . သူတို့သေတယ်ဆိုတာ အလောင်းကော ပြန်တွေ့လို့လား''

ကျွန်ုပ်က လျှို့ဝှက်မှုတစ်ခုရှိမည်ထင်၍ သေချာအောင်ထပ်မေးလိုက်၏။

''တွေ့တာပေါ့ ဆရာကြီးရာ . . . ကျွန်တော်တောင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ညီးသေးရဲ့ မော်ကျူရီ (ရင်ခွဲရုံ)ကို သွားရောက်ကြည့်ရှုခဲ့ပါသေးတယ်''

သို့ဆိုလျှင်... ဖြစ်စဉ်က ရှင်းနေပါပြီ။

သို့သော်လည်း ကျွန်ုပ်အဖို့မှာကား အဖြေကိုတွေ့ဖို့ မရှင်းမလင်းဖြစ်နေပါ၏။ ဤကိစ္စကို ကိုင်တွယ်ဖြေရှင်းရမည်မှာ လွယ်တော့မလွယ်လှပါချေ။

အကယ်တော့ မောင်ပြားကြီးဆိုသူ လူငယ်မှာ ဩကာသကမ္ဘာ လောကသံသရာ (သို့မဟုတ်) ယခုဘဝမှာပင် ပရလောကသားများ မနှစ်သက်၊ မကျေနပ်စရာဘာတွေကို အမှားမှားအယွင်းယွင်း လုပ်ခဲ့မိပါသလဲ။

လုပ်ခဲ့လျှင်လည်း မောင်ပြားကြီးအနေဖြင့် ရုတ်တရက် မှတ်မိမည်မဟုတ်။ ကိုယ့်ဘက်က ပြဿနာမဟုတ်သော်လည်း သူတို့ဘက်က ပြဿနာဟု ယူဆလာနိုင်စရာတွေ ရှိနေပေလိမ့်မည်။

"ပိုဆိုးတာက အဲဒီနောက်ပိုင်းမှာ ညစဉ်အိပ်မက်တွေပဲ မက်လာခဲ့ရတယ် ... အိပ်မက်ထဲမှာလည်း အဲဒီသေပြီးသားလူတွေနဲ့ ဖိုက်တောထဲမှာ တဝဲလည်လည် ဆုံနေရတယ်ဆိုတဲ့ အိပ်မက်တွေပဲ မက်ခဲ့တယ် .. အဲဒီအိပ်မက်ဆိုးတွေက လန့်နိုးတိုင်း ကျွန်တော့်မှာ စိတ်ရောလူပါ နုံးပျော့နေမိပါတယ်''

အိမ်ရှင် သူဌေးလေး မောင်ပြားကြီးမှ ထိုသို့လန့်ကြောက်

www.burmeseclassic.com



မက်ဖွယ်အစုံတို့ကို ခံစားချက်အပြည့်ဖြင့် ကြက်သီးမွေးညင်းတွေ ထလာအောင်အထိပင် ပြောပြနေစဉ်အတွင်းတွင် ကျွန်ုပ်မှာလည်း သက်ပြင်းရှည်ကြီးများကို အခါခါပင် ချနေမိပြန်၏။

ထို့နောက် ကျွန်ုပ်မှာလည်း အအေးခံ၍ထားသော ရေနွေးကြမ်းပန်းကန်ကို လက်စသတ် မှုတ်သောက်လိုက်ရင်း၊ ခရမ်းချဉ်သီးနှိုင်နှိုင်ဖြင့် သုပ်ထားသော ပြည်ကြီးငါးကို ခရင်းခွရွန်းဖြင့် ဆယ်ယူလိုက်ကာ ဝါးနေမိပြန်၏။

သို့သော် ကျွန်ုပ်အနေဖြင့် စဉ်းစား၍ ရတ်တရက် မရနိုင်ဘဲ ရှိနေချေသေးတော့၏။

"ကိုင်း. . . မောင်ပြားကြီး၊ ဒီလောက်ဆိုရင် မောင်ရင်ရဲ့ ဖြစ်စဉ်ကို ခြုံငုံမိပါပြီ၊ မေးစရာရှိတာသာ မေးတော့ကွာ"

"ဟုတ်ကဲ့. . . ဆရာကြီး၊ တစ်အချက်အနေနဲ့ စတင်ပြီး ကျွန်တော် သိချင်တာက ဒီလိုကွယ်လွန်သွားသူတွေရဲ့ ပုံရိပ်နိမိတ်တွေနဲ့ တွေ့ကြုံနေရတာ ပျောက်ကွယ်သွားအောင် ဘယ်လိုကာ ကွယ်ရမလဲ၊ ဘယ်လိုလုပ်ရမလဲ ဆိုတာ သိချင်ပါတယ်။ တကယ်လို့ တမလွန်ဘုံရောက် ပရလောကသားတွေနဲ့ ကျွန်တော်ဟာ နှစ်ယောက်ချင်း ဆုံတဲ့အခါမှာ ကျွန်တော့်ရဲ့ဝိညာဉ်နဲ့ အသက်ပါသွားနိုင်တယ်လို့ တွေးမိပါတယ်။ အဲဒီအတွက် အခုကြုံနေရတဲ့ သေဆုံးသူများနဲ့ ပြန်လည်ဆုံတွေ့နေရတဲ့ ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



အခက်အခဲအတွက် ကျွန်တော့်အသက်အန္တရာယ်
စိုးရိမ်စရာရှိ ... မရှိဆိုတာကို ဆရာကြီးမြစကြာအနေ
နဲ့ အဖြေပေးစေချင်ပါတယ်"

ဟု အိမ်ရှင်မောင်ပြားကြီးက လိုရင်းတိုရှင်းကိုမေး၍ သူ၏
စကားကို လက်စသတ်လိုက်ပေသည်။

"ကိုင်း ... မောင်ပြားကြီး အင်္ဂလိဗ္ဗာအခါတိုင်းသဘောနဲ့
မနက်ဖြန် (၉)နာရီတိတိမှာ ဆရာကြီးအနေနဲ့ စီရင်
ပေးပါ့မယ်ကွယ် ... မောင်ရင့်အနေနဲ့ ခေါင်းအေးအေး
ထားပြီးတော့သာ အနားယူနေပါ။ ပြီးတော့ ... ဒီညဦး
အတွက် လှက်ဖက်သုပ်တစ်ပွဲ ခတ်ဘူးနဲ့ ရေနွေးကြမ်း
အပြည့်ကို စီစဉ်ထားပေးပါကွယ်"

"မှတ်ထားပါ ... ဆရာကြီး။ ကျွန်တော့်မိန်းမကို ကူညီ
စောင့်ရှောက်ပေးနေတဲ့ ကောင်မလေးကို ရေနွေးပြန်ကျို
နိုင်းပြီး စီစဉ်ပေးပါ့မယ် ... စိတ်သာချပါ ခင်ဗျာ"

"သြော် ... ဒါထက် ... မောင်ပြားကြီးရေ့ ဆရာကြီး
ဒီရွှေပိုက်ကွန် အိမ်တော်ကြီးဆီ ရောက်လာစအချိန်က
မောင်ရင့်ဇနီး ဥမ္မာစိုးဘေးမှာရပ်နေတဲ့ ခါးကုန်းအဘိုးကြီး
ရဲ့မျက်နှာထား ထင်းမားမားနဲ့ ... အဲဒါ မောင်ရင်ရဲ့
အိမ်တော်ဝန်လား ... ဘဏ္ဍာစိုးလား ... ခါးကြီး
ကုန်းနေပေမယ့် ဥပမိရုပ်က ခြေသလို ...

www.burmeseclassic.com



မာနခပ်ထန်ထန်တော့ အရှိသားကွယ့်"

ဟု ကျွန်ုပ်က ရောက်ခါစ တစ်ခါပင် မြင်လိုက်ရသော ခါးကုန်းအဘိုးကြီး အကြောင်းကို သိလို၍ မေးကြည့်လိုက်မိ၏။

ကျွန်ုပ်စကားကြောင့် အိမ်ရှင်မောင်ပြားကြီးမျက်နှာမှာ ရုတ်တရက် သွေးဆုတ်သလိုဖြစ်သွားပြီး အသံတွေ ကတုန်ကယင်နှင့်. . .

"ဗျာ. . . ခါးကုန်းကုန်းနဲ့လူကြီး ဟုတ်လား . . . အဲဒါ အဲဒါ"

"ဘယ်လို. . . အဲဒါလည်းကွယ်. . . မောင်ပြားကြီးရဲ့ စကားကို ပီပီသသဖြစ်ဖြစ် . . . ရှင်းရှင်းလင်းလင်း ဖြစ်ဖြစ် ပြောစမ်းပါ . . . မောင်ရင် အခုဖြစ်နေပုံက ခွေးအကို လှည်းနင်းခံမိသလို ပုံစံမျိုး ဖြစ်နေပြီကွယ့်"

"ဟုတ်. . . ဟုတ်ကဲ့. . . ကျွန်တော့်အနေနဲ့ ဆရာကြီး မြစကြာ . . . ရှင်းရှင်း လင်းလင်းသိအောင် အမှန် အတိုင်း ပြောလိုက်ပါ့မယ် ခင်ဗျာ . . . အဲဒီ ခါးကုန်း ကုန်းနဲ့လူကြီးဟာ အရင်ကျွန်တော် တွေ့မြင်နေရပြီး ဥပဇ္ဈေဒကကံနဲ့ သေဆုံးသွားတဲ့ ကျွန်တော့် ယောက္ခမ ထီးကြီးမို့ပါ"

ဟု အလန့်တကြား ခြေကားယား၊ လက်ကားယားနှင့်ပင် အိမ်ရှင်သူကြွယ်လေး မောင်ပြားကြီးက အလန့်တကြား ပြော

www.burmeseclassic.com



လိုက်၏။

ဤတစ်ကြိမ် တုန်ယှုပ်ချောက်ချားစွာ ဖြစ်သွားရသူကား မောင်ပြားကြီး မဟုတ်တော့။ ကျွန်ုပ် ဆရာကြီးမြစကြာကိုယ်တိုင်ပင် ဖြစ်တော့သတည်း။ (ကျွန်ုပ် လောကီဝိဇ္ဇာ ပယောဂဆရာကြီး ကိုယ်တိုင် ကွယ်လွန်သွားရှာသူ ပရလောကသားတစ်ဦးကို ထင် ထင်ရှားရှား တွေ့မြင်လိုက်ရပေပြီတကား)

♛ ♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com 

(၃)

သို့ဖြင့် ရွှေပိုက်ကွန်အိမ်တော်ရှိ ရှေးခေတ်ဟောင်း တိုင်ကပ်နာရီအိုကြီးဆီမှ "တခင်ဒင်" မြည်လျက် ညဉ့် (၁၂) နာရီထိုးသံကို ကျွန်ုပ်ကြားလိုက်ရသည်မှာ လွန်စွာမှပင် စိတ်ချောက်ချားဖွယ်ရာကောင်းလှပေ၏။

ထိုအချိန်ကာလထိပင် ကျွန်ုပ်မှာ ရှာလွတ် ဆေးတံဆုံလေးထဲဘလူးစတား ဆေးရွက်ကြီးများထည့်၍ ရှိုက်ဖွာကာ စဉ်းစားခန်းဖွင့်နေမိ၏။

ယခုကိစ္စဖြစ်သော သေသူများနှင့် ပြန်လည်ဆုံတွေ့နေသည့် နိမိတ်ပုံရိပ်များမှာ စိတ်ချောက်ချားရာမှ အအိပ်ပျက်၊ အစားပျက်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်စေကာ အိမ်ရှင်မောင်ပြားကြီး၏ အသက်ဝိညာဉ်ကို ရန်ရှာလိုခြင်း ဖြစ်ဟန်တူပေ၏။

စစ်ကြိုခေတ်ကာလလောက်က အမည်မဖော်လိုသော အဆိုတော်တစ်ဦး၏ဖနီးမှာ သေဆုံးသွားသူ လူတစ်ဦးက နာနာဘာဝ အဖြစ်နှင့် တစ်ပတ်တိတိ ခြောက်လှန့်ခံရမှုကြောင့် သေဆုံးသွားခဲ့ဖူး၏။

သို့သော် နောက်တစ်ချက် စဉ်းစားမိသည်မှာ အိမ်ရှင်မောင်ပြားကြီး ပြောသမျှကို အမှန်တွေပါဟု တထစ်ချယူဆ၍ မရသေးပါချေ။

သူ၏ စိတ်ဝေဒနာလည်း ဖြစ်နိုင်သည်။ သူ့ယောက္ခမထီးဆိုသူ ခါးကုန်းကြီးမှာလည်း အမှန်တကယ်သေဆုံးသွားခြင်း ဟုတ်ချင်မှ ဟုတ်ပေလိမ့်မည်။

အကယ်၍ မောင်ပြားကြီးက ရာဇဝတ်မှုတစ်ခုခုကို ဖုံးလွှမ်းရန် ပိပိရိရိကြံစည်ပြီး ကျွန်ုပ်ကို အလိမ်တိုင်အကျော်သေသေအောင်မျိုး ဆွဲသွင်းတာလည်း ဖြစ်နိုင်သည်။

ကျွန်ုပ်ကိုယ်တိုင် မျက်ဝါးထင်ထင်မြင်လိုက်ရသော ခါးကုန်းကြီးမှာ သူ၏ လှည့်စားမှုမဟုတ်လျှင်၊ ကျွန်ုပ်လည်း တစ္ဆေအခြောက်ခံရခြင်းဖြစ်မည်။ ဤသို့ဆိုလျှင် ကျွန်ုပ်အတွက်လည်း အတိတ်နိမိတ်မကောင်းတော့ချေ။

သို့သော် မောင်ပြားကြီး ပြောနေပုံ၊ ဆိုနေပုံအရလည်း ကျွန်ုပ်


www.burmeseclassic.com

www.burmeseclassic.com


လေ့လာအကဲခတ်ကြည့်ရသမျှ သူ့အဖို့ လုပ်ကြံပြောဆိုနေကြောင်း ပါဟု ယူဆရန်မှာလည်း ခက်လှ၏။

ကျွန်ုပ်တစ်ယောက်တည်း တစ်ညလုံးမအိပ်နိုင်သေးဘဲ ဘယ်လို ပင်စဉ်းစားစေကာမူ မောင်ပြားကြီး ကျေနပ်လောက်နိုင်ပါသော အဖြေ(သို့မဟုတ်)ဖြေဆေးကို ကျွန်ုပ်အနေဖြင့် ပေးနိုင်လိမ့် မည်မထင်ပါ။

ကျွန်ုပ်မှာ သက်ပြင်းကိုသာ အကြိမ်ကြိမ်အခါခါချရင်း ဆေး လွယ်အိတ်ထဲတွင် အမြဲယူဆောင်လေ့ရှိသည့် မှတ်စုစာအုပ်လေးကို ဖွင့်ကြည့်လိုက်မိသည်။

ကျွန်ုပ် ပွဲထောင်ဖြင့်လာခဲ့စဉ်က "အင်းပိဋကာ ဆရာညို" ဟု ရေးသားထားသည်ကို အမှတ်တမဲ့တွေ့လိုက်ရသည် မဟုတ်ပါလော။

ထို့ကြောင့် ကျွန်ုပ်က စာမျက်နှာဟောင်းများ မှတ်စုမှတ်ရာ ဂမ္ဘီရပညာများကို ရှာဖွေလှန်လှောကြည့်လိုက်၏။ (တကယ့်ကို ကံအားလျော်စွာပင် ဖြစ်ပါလေ၏)

| | | | |
|---|---|---|---|
| ပုံ | အ | ရ | ဟ် |
| ဲ | ဆ | ရာ | ဲ |
| | ဘ | ယံ | ဘေး |
| မ | ရှိ | ပွား | ဘ |
| း | န် | ပ | ရှိ |


www.burmeseclassic.com

www.burmeseclassic.com

အထက်ဖော်ပြပါ ဗေဒါးကွက်ဘောင်များမှာ မြန်မာလူမျိုးတို့၏ အခေါင်တစ်ခုပင်ဖြစ်သည်။ ဤကဲ့သို့ ပရလောကသားများနှင့် ကြုံဆုံတွေ့လျှင် ရင်ဆိုင်နိုင်ရန် ဓားတစ်လက်၊ လှံတစ်ချောင်း၊ မြှားတစ်စင်းမဟုတ်သော်လည်း အကောင်းဆုံး ကြေးဝါဒိုင်းတစ်ချပ်ပင်ဖြစ်သည်ဟု ဆိုထားပါ၏။

လောလောဆယ်တော့ ဤနည်းလမ်းကိုသာ စဉ်းစားမိ၍ အကူအညီ ပေးနိုင်ပါမည်။ တကယ်တွင်တော့ ကျွန်ုပ်က ပယောဂဆရာ ယောပြန်ကြီး ဦးပဏ္ဍဝမဟုတ်ချေ။

♛ ♛ ♛ ♛


www.burmeseclassic.com

www.burmeseclassic.com



(၄)

နောက်တစ်နေ့ နံနက်တွင်မူပင် ကျွန်ုပ်အိပ်ရာမှ နိုးလာ၏။ မောင်ပြားကြီးတို့ မိသားစုကား ကျွန်ုပ်အား လာနှိုးလောက်အောင် မိုက်မဲလှသောသူများ မဟုတ်ကြပါ။

အတွေအခေါ် အထိုက်အလျောက်ရှိခြင်းကဝင် အမှန်တကယ် ပရလောကသားများနှင့် ကြုံတွေ့နေရပါက မောင်ပြားကြီး၏ အဆက်ကို ကယ်ဆယ်နိုင်ပါလိမ့်မည်။

ရေမိုးချိုး၊ မျက်နှာသစ်ပြီးချိန်တွင် ကော်ဖီပူပူ၊ ကြက်ဥကြော်၊ ထမင်းကြော်၊ ရေနွေးဓာတ်ဘူးတို့ဖြင့် မွှယ်မွှယ်ပျာပျာ ရှိလာ၏။

မနေ့က ကြိုတင်မှာထားသည့်အတိုင်း နံနက်စာ စားချိန်



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းတွင် ကျွန်ုပ်နှင့်မောင်ပြားကြီးတို့နှစ်ဦးသာ ရှိနေတော့၏။ ၎င်း၏ ဇနီးဖြစ်သော ဥမ္မာစိုး တစ်ယောက်ရှိမနေတော့ပါချေ။

"ကဲ. . . မောင်ပြားကြီးရေ မောင်ရင့်ရဲ့ ပရလောက ပြဿနာတွေကို ရှင်းလင်းနိုင်ဖို့ လိုရင်းကိုပဲ ပြောတော့ မယ်ကွယ့်၊ ပထမဦးဆုံး ကြေးဝါပြား ရအောင်ရှာပါ . . . ကြေးနီအရော အစပ်မပါတဲ့ ကြေးဝါပြားရရင် ပိုကောင်း ပါတယ် . . . ကြေးဝါပြားပေါ်မှာ ပေဘာဒီအဆောင်ကို သံချောင်းနဲ့ မောင်ရင်ကိုယ်တိုင်ပဲ ရေးခြစ်ပါ . . . ခြစ်ရ မှာက တနင်္ဂနွေနေ့ နံနက် (၆)နာရီကေ (၇)နာရီခွဲပေ့၊ တစ်ရက်ထဲနဲ့ မပြီးလည်း နောက်တစ်ပတ် တနင်္ဂနွေနေ့ ဒီအချိန်မှာပဲ ဆက်လုပ်ပါ . . . ပရလောက သားတွေက များသောအားဖြင့် နေရောင်ခြည်ကို ကြောက်တတ်ပါ တယ်"

ဟု ကျွန်ုပ်ကပြောရင်း အဆောင်အဖြစ် ရေးထားသည့် စာရွက် လေးကို ပေးလိုက်၏။ မောင်ပြားကြီးကမူ ထိုစာရွက်လေးကို မျှော်လင့်ချက်ကြီးစွာဖြင့် စူးစိုက်ကြည့်နေရင်းမှ . . .

"ဟုတ်ကဲ့. . . ကျွန်တော့်ကို စေတနာထားပြီး လူကိုယ် တိုင် ကာကွယ်စောင့်ရှောက်ပေးတဲ့ ဆရာကြီးမြစကြာနဲ့ ဆရာကြီးပညာတွေကို လုံးဝကျေနပ် ထက်ပါတယ်၊ ဒီအတွက် ဘယ်လိုမှတော့ မအောက်မေ့ပါနဲ့ . . .



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးကို ရန်ကုန်ကနေ တကူးတက ရောက်လာခဲ့ရ
တဲ့ ခြေကြွခကို ပူဇော်ပါရစေခင်ဗျာ''

ဟုဆိုကာ စာအိတ်ဖြူလေးတစ်အိတ်ကို လှမ်းပေးလိုက်၏။

''အေးကွယ်. . . သာဓု. . . သာဓု. . . သာဓု. . .
မောင်ပြားကြီးတစ်ယောက် ဘုန်းကြီးလို့ အသက်ရှည်ပြီး
လှူနိုင်တန်းနိုင်တဲ့ သာဓကတွေ ဖြစ်ပါစေကွယ်''

ကျွန်ုပ်က ဆုတောင်းမေတ္တာပို့သလိုက်ပြီး ညနေပိုင်းတွင် ဘိုကလေး၊ ကျွန်းညိုမှ (၆)နာရီထွက်သော အမြန်သင်္ဘောနှင့်ပင် ရန်ကုန်မြို့ဆီသို့ ပြန်လည်ရောက်ခဲ့ရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

(၇)

သို့ဖြင့် နောက်တစ်လခန့်ကြာသောအခါ ပုဇွန်တောင်ရပ် တောင်လုံးမြန်တွင်ရှိသည့် လိပ်စာအတိုင်း မောင်ပြားကြီးကိုယ် တိုင်ရေးလိုက်သည့်စာ ရောက်လာ၏။ စာထဲတွင်. . .

သို့

ဆရာကြီးမြစကြာခင်များ. . .

ကျွန်တော့်ကို ဖရလောကသား (နာနာဘာဝတစ္ဆေ)တွေအ

အရိပ်အယောင် မပြတော့ပါဘူး။ ကျွန်တော်လည်း ကျန်းမာ

လာပါတယ်။ ဆရာကြီးဟာ ကျွန်တော့်ရဲ့ အသက်သခင်ဆိုရင်လည်း

မများပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဟို . . . ကျက်သရေမရှိတဲ့ အိမ်မက်တွေလည်း မမက်တော့ပါဘူး။ ဒါပေမယ့် ဆရာကြီးရေ . . . ကျွန်တော့်မိန်းမ ဥမ္မာစိုးလည်း မရှိတော့ဘူး။ တစ်ညနေမှာ မျိုက်တောထဲက ပေါ်တူဂီ သင်္ဘောပျက်ဘက် ထွက်သွားတယ်လို့ မြင်လိုက်ကြသူတွေက ပြောကြပါတယ်။

ကျွန်တော်လည်း ရဲဘော်နှံ့ကို တိုင်ချက်ဖွင့်ပြီး လှစုလှဝေနဲ့ မျိုက်တောထဲကိုရှာဖွေပေမယ့် မတွေ့ပါဘူး။ အဲ . . . ထူးခြားဆန်းကြယ်မှုတစ်ခုကတော့ ကျွန်တော်တို့ လှစုလှဝေနဲ့ ရှာနေချိန်မှာ ပေါ်တူဂီ သင်္ဘောပျက်ကြီးလည်း နွံထဲဆီကို တစ်စတစ်စ နစ်မြုပ်သွားလိုက်တာ အစအနတောင်မှ မမြင်ရတော့ပါဘူး။

ဒါကြောင့် . . . ကျွန်တော့်မှာ အသက်ရှင်နေပေမယ့် ချစ်ဇနီးလေးအတွက် တမြေ့မြေ့ လောင်ကျွမ်းနေတဲ့ဝေဒနာကို ဆရာကြီးမြစကြာနဲ့ပဲ ကုသချင်ပါတယ်။

ဆရာကြီး အလုပ်အားလပ်ရင် ဘိုကလေး ကျွန်းညိုဘက်ကို အေးအေးဆေးဆေး လာခဲ့စေချင်ပါတယ်ခင်ဗျာ။

ချစ်တဝည့်

မောင်ပြာကြီး (ကျွန်းညို)

ဟု ရေးသားထားသည်ကို ဖတ်လိုက်ရလေတော့၏။

စာဖတ်သူများ ကျန်းမာ လိုရာပြည့်ဝကြပါစေ

မောင်ကျော်စွာ

www.burmeseclassic.com

## စိန်မိုးယံစာပေမှထွက်ရှိသည့်စာအုပ်များ

၁။ ဝရဖိန် (ပရဆန်းကြယ်ဂမ္ဘီရဝတ္ထုတိုများ)
၂။ ဝရဖိန် (ပရဆန်းကြယ်လုံးချင်းဝတ္ထု)
၃။ ဂမ္ဘီရဝိဉာဉ် (ပရဆန်းကြယ်ဂမ္ဘီရဝတ္ထုတိုများ)
၄။ မိုးဆက်ရှင် (အချစ်လုံးချင်းဝတ္ထု)
၅။ မင်းပုည (စုံထောက်လုံးချင်းဝတ္ထု)
၆။ ဓနုတ်ကိုကိုဇော် (ဟာသဝတ္ထုတိုများ)
၇။ ဓနုတ်ဟိဏ်းဇော် (ဂမ္ဘီရဝတ္ထုတိုများ)
၈။ ဝင်းဇော်(သုံးဆယ်) (စုံထောက်ဝတ္ထုတို့များ)
၉။ ဝင်းဇော်(သုံးဆယ်) (ဂမ္ဘီရဝတ္ထုတိုများ)
၁၀။ ရွှေယမင်းဦး (အညံ့အနိုက်ကြုံလျှင် ဓာတ်ရိုက် ဓာတ်ဆင်ယတြာများ – ၂)
၁၁။ ပန်းချီရဲမာန် (ပုံပြဗုဒ္ဓဝင်ရုပ်စုံ)
၁၂။ ပန်းချီရဲမာန် (ပုံပြင်ငါးရာ့ငါးဆယ်ပုံပြင်)
၁၃။ ပန်းချီအဓိပတိ (အံ့ဖွယ်သုတ ဂမ္ဘီရပုံပြင်)

www.burmeseclassic.com

www.burmeseclassic.com



# ရဆွန်ကျော်ဦး

မစိမ်းညို

www.burmeseclassic.com

www.burmeseclassic.com



# ဇလွန်ကျော်ဦး

## မစီမီးညို

အရှိန်ပြင်းပြင်းနှင့် တဝေါဝေါမြည်သံပေး၍ ချောင်းရင်ခွင် အတွင်းသို့ လိမ့်ဝင်လာသည့် လှိုင်းလုံးကြီးများ။ ခွေးပု ရုတ်တရက် တွေ့လိုက်ရ၍ ကြောက်လန့်သွားမိသည်။ ကြည့်လေ။ သည်ချောင်း ရိုးထဲတွင် မိသားစုဝမ်းရေးအတွက် ရောက်ခဲ့ဖူးသည်က အကြိမ်ကြိမ် အခါခါပင်။

ခုလို လှိုင်းလုံးကြီးများကို မတွေ့ဖူး၊ မမြင်ဖူးခဲ့။ ထို့ကြောင့် ခွေးပု လှေပေါ်မှကြည့်ရင်း လှော်တက်ကို တင်းကြပ်စွာဆုပ်ကိုင်ပြီး လှေကို ထိန်းနေရသည်။ လှိုင်းလုံးကြီးများက ခွေးပုရှိရာသို့ အရှိန် ပြင်းပြင်းနှင့်လာနေသည်က ရင်ထိတ်စရာဖြစ်နေသည်။ ခွေးပု လှိုင်း လုံးကြီးများကိုကြည့်ရင်း ကြောက်လန့်ပြီး ချောင်းကွေ့ကော်ရှိရာသို့ လှေဦးတည်ပြီး အားကုန်လှော်ခတ်နေခဲ့ဖြစ်သည်။ သို့တိုင် လှိုင်း

www.burmeseclassic.com

www.burmeseclassic.com



# ဇလွန်ကျော်ဦး

## မစီမီးညို

အရှိန်ပြင်းပြင်းနှင့် တဝေါဝေါမြည်သံပေး၍ ချောင်းရင်ခွင် အတွင်းသို့ လှိမ့်ဝင်လာသည့် လှိုင်းလုံးကြီးများ။ ခွေးပု ရုတ်တရက် တွေ့လိုက်ရ၍ ကြောက်လန့်သွားမိသည်။ ကြည့်လေ။ သည်ချောင်း ရိုးထဲတွင် မိသားစုဝမ်းရေးအတွက် ရောက်ခဲ့ဖူးသည်က အကြိမ်ကြိမ် အခါခါပင်။

ခုလို လှိုင်းလုံးကြီးများကို မတွေ့ဖူး၊ မမြင်ဖူးခဲ့။ ထို့ကြောင့် ခွေးပု လှေပေါ်မှကြည့်ရင်း လှော်တက်ကို တင်းကြပ်စွာဆုပ်ကိုင်ပြီး လှေကို ထိန်းနေရသည်။ လှိုင်းလုံးကြီးများက ခွေးပုရှိရာသို့ အရှိန် ပြင်းပြင်းနှင့်လာနေသည်က ရင်ထိတ်စရာဖြစ်နေသည်။ ခွေးပု လှိုင်း လုံးကြီးများကိုကြည့်ရင်း ကြောက်လန့်ပြီး ချောင်းကွေ့ကော်ရှိရာသို့ လှေဦးတည်ပြီး အားကုန်လှော်ခတ်နေဆဲဖြစ်သည်။ သို့တိုင် လှိုင်း

www.burmeseclassic.com

www.burmeseclassic.com



လုံးကြီးများကြားမှ ဒိုးတဝါးတွေ့လိုက်ရသည့် မိန်းမသဏ္ဍာန်တစ်ခုက ပေါ်လာပြန်သည်။

"တင်"

"ဝုန်း"

ခွေးပုကြည့်၍ အံ့ဩထိတ်လန့်နေစဉ် "ဝုန်း" ဆိုသော လှိုင်းလုံးကြီးတစ်လုံး ရိုက်ခတ်သံနှင့်အတူ ခွေးပု လှိုင်းလုံးကြားတွင် ပျောက်သွားသည်။

"ကျွန်မစွည်းကို ... ပြန်ပေးပါရှင် ... ပြန်ပေးပါ"

ခွေးပု လှိုင်းကြားတွင် ပျောပါရင်း အားသွန်ကူးခတ်နေမိသည်က မည်မျှကြာမြင့်ခဲ့သည်မသိ။ ခန္ဓာကိုယ်တစ်ခုလုံး နုံးချိလေးလံနေသည့်တိုင် ခွေးပုနားထဲတွင် အဆက်မပြတ် ကြားနေရသည့် အသံက ထွေးမ်းဆိုးလာပြန်သည်။

"ကျွန်မ ... ဝစ္စည်းကို ... ပြန်ပေးပါရှင် ... ပြန်ပေးပါ"

"ငါ ... မယူဘူး ... ငါမယူဘူး"

"ကိုခွေးပု ... ကိုခွေးပု"

လှိုင်းလုံးကြားတွင် ခွေးပု အားသွန်ကူးခတ်နေမိစဉ် ရုတ်တရက် ခေါင်းတွန်းလိုက်သောအသံနှင့်အတူ ဝိုးဝိုးဝါးဝါး ပေါ်လွင်လာသည့်အခါ ခွေးပု လေးလံသော မျက်စိကို အားယူပြီး ဖွင့်ကြည့်လိုက်မိစဉ် ဝိုးတဝါးတွေ့လိုက်ရသည့် မိန်းမသဏ္ဍာန်ကြောင့် အံ့အား

www.burmeseclassic.com



ထင့်သွားမိသည်။

"နင် . . . နင် . . . ဘယ်သူလဲ . . . နင့်ပစ္စည်းကို . . . ငါမယူဘူး . . . မယူဘူး"

"ကိုခွေးပု . . . သတိထားဦးလေ . . . ခင်ထားလေ ခင်ထား . . . ကိုခွေးပု အိပ်နေရင်း အသံနဲ့အကြီး အော်သံကြားလို့ . . . ခင်ထားလာနိုးတာ"

"ဟင်း"

ခွေးပုသောအခါ နိုးနိုးသောမျက်နှာဖြင့်ကြည့်ရင်း ပြောနေသည့် ခင်ထားအသံကြောင့် ခွေးပုသတိပြန်ရပြီး မတ်ခနဲကျင်သို့ စလုံလေဲ ကြည့်လိုက်မိသည်။

"ခင်ထား . . . ငါ့ကို . . . ငါ့ကို . . . ချောင်းထဲက မိန်းမတစ်ယောက် . . . သူ့ပစ္စည်းတွေ ပြန်တောင်းနေတယ် . . . ပြီးတော့ ငါ့နောက်ကို လိုက်လုံးကြီးတွေ လိုက်လာလို့"

"ရှင့်ကို မိန်းမတစ်ယောက်က . . . ပစ္စည်းတောင်းနေတယ် . . . ဟုတ်လား"

"ဟုတ်တယ် . . . ခင်ထား. . . ပြီးတော့ လိုင်းတွေကြားမှာ . . . ငါရှုနေရတာ"

ခင်ထားက တစ်ကိုယ်လုံး ချွေးစီးများဖြင့်ပြီး တုန်တုန်ရင် ဖြစ်နေသည့် ခွေးပုကိုကြည့်ပြီး ပုဆိုးဝိုင်းလေးနှင့် ချွေးများကို သုတ်



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်သည်။ သို့တိုင် ခွေးပုအကြောက်မပြေနိုင်ဘဲ ဖြစ်နေသည်။

"ရှင် ... တစ်ခုခုကို စိတ်စွဲလန်းပြီး အိပ်မက်တွေ မက်နေတာနဲ့တူတယ်၊ ဒီနေ့ ... မဝန်းရွာက ဒေါ်ထွေးရီ မှာထားတဲ့ငါး သွားပို့ရဦးမယ် မဟုတ်လား ... ကိုသောင်းရန် ... ရှင့်ကို စောင့်နေတာကြာပြီ"

ခင်ထားစကားကြောင့် ခွေးပု ကဲကဲလားပေါက်မှ လှမ်းကြည့် လိုက်မိသည်။ မြင်တွေ့လိုက်ရသော ချောင်းချေပြင်က တည်တည် ငြိမ်ငြိမ် စီးဆင်းနေဆဲဖြစ်သည်။ ခွေးပုရင်ထဲက အကြောက်မပြေ နိုင်ဘဲ ရှိနေဆဲပင်။ တဝေါဝေါမြည်သံပေး၍ တက်လာသည့် လှိုင်း လုံးကြီးများ။ ပြီး ... ပစ္စည်းပြန်တောင်းနေသည့် မိန်းမအသံ။

တကယ်တော့ ခွေးပုသည် ချောင်းရိုးကိုမှီပြီး တံငါအလုပ်ဖြင့် အသက်မွေး လာခဲ့သည်ကကြာပြီ။ ခုလို ထိတ်လန့်တုန်လှုပ်ဖွယ် အိပ်မက်မျိုး တစ်ခါဖူးမျှ မမက်ဖူးခဲ့။ ခုတော့ အိပ်မက်ထဲတွင် ပစ္စည်းပြန်ပေးတောင်းခံနေသည့် မိန်းမအသံကြောင့် ခွေးပု အံ့ဩနေမိ သလို ရင်တထိတ်ထိတ် ခုန်နေဆဲဖြစ်သည်။

♛ ♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



ခွေးပု လော့တက်ကိုယူပြီး ချောင်းထဲသို့ ဆင်းခဲ့သည့်တိုင် မငံ့မငဲ့ဖြစ်နေဆဲပင်။ သည်ချောင်းရိုးကိုမှီပြီး အသက်မွေးနေရသည့်ဘဝ။ ထူးခြားသည်က ခွေးပု မမက်စဖူးမက်နေသည့် အိပ်မက်ပင်။ အိပ်မက်ထဲတွင် ထူးထူးခြားခြား လှိုင်းလုံး ကြီးများနှင့် မိန်းမအသံ။ ပြီး ကန့်ဗလာပင်ကြီး။

ကန့်မလာပင်များက ခွေးပုတို့ချောင်းကမ်းဘေးတွင် အစီအရီပေါက်နေသည်က အများကြီးပင်။ တကယ်တော့ ခွေးပု ချောင်းရိုးတစ်ခွင် မရောက်ဖူးသည့်နေရာ မရှိခဲ့။ ဖားရှာ ငါးရှာရင်း ခြေရာထပ်ခဲ့သည်ဆိုလျှင် မမှားခဲ့။ ပြီး သည်ချောင်းရိုးဘေးတွင် ရှာတည်ပြီး လယ်လုပ်ငန်းထက် တံငါအလုပ်ဖြင့် အသက်မွေးနေသူက များသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခွေးပု ... မြန်မြန်လာဟေ့ ... ရေစစ်သွားရင် ငါးရှာဖို့ မလွယ်ဘူးကွ"

"အေး...အေး...လာပြီ...လာပြီ"

ခွေးပု ချောင်းရေပြင်ကိုကြည့်ပြီး မည်မျှ အတွေးလွန်နေသည် မသိ။ သောင်းရန် သဝိပေးစကားသံကြားမှ ကမန်းကတမ်း လှေပေါ်ဆင်းပြီး လှေဦးတည့် ထွက်ခဲ့သည်က ချောင်းစုချောင်း။

ချောင်းစုချောင်းက ချောင်းမငြိမ်းမပ(?)တ်။ ပင်လယ်ပေါက်နှင့် ဆက်နွယ်သော ချောင်းမကြီးဘေးတွင်ရှိသော ချောင်းလက်တက် တစ်ခုဖြစ်သည်။ သည်ချောင်းစုချောင်းက အလုည့်သင့်လျှင် သားငါးကို စပါးသယ်သလိုရသည်။ ဒါကြောင့်လည်း တံငါသည်များက မျက်စိကျသည်။ ခက်နေသည်က သည်ချောင်းပင်။ သည်ချောင်းက ရွာစဉ်လေးငါးရွာကျော်ပြီးသည်နှင့် ရေတိမ်ချောင်းဖျားဖြစ်၍ ငါးများ နိုအောင်းတတ်သည်။ ပြီး ယခင်က မော်တော်လေးများ အသွားအလာရှိခဲ့သည့် ချောင်းတစ်ချောင်းလည်းဖြစ်သည်။

"ခွေးပု ... မင်းကိုကြည့်ရတာ ... ခုဏလော ... တစ်ခုခုကို ထိတ်လန့်ကြောက်ရွံ့နေသလိုပါလား ... မင်း ဘာဖြစ်နေတယ်ဆိုတာ ... ငါသိအောင်ပြော စမ်းပါဦး ... ခွေးပုရာ"

လှေဦးတွင်ထိုင်ပြီး လှေလှော်နေသော သောင်းရန်၏ အမေး စကားကြောင့် ငူငူကြီးထိုင်နေသော ခွေးပု အဖြေစကားတုန့်ပြန်ရန်



www.burmeseclassic.com

www.burmeseclassic.com



ခက်နေမိသည်။ ကြည့်လေ။ ခွေးပုအဖြစ်က ထူးခြားနေသည်။ အုံးလေးရက်ခြားဆိုသလို မက်နေသည့် အိပ်မက်ပင်။ သည်အိပ်မက်က စမက်ခဲ့သည့် အိပ်မက်အတိုင်းပင် ပစ္စည်းပြန်တောင်းနေသည့် မိန်းမနှင့် လှိုင်းလုံးကြီးများ။ ပြီး ... ချောင်းကမ်းပါးဘေးမှ ကန့်ဗလာပင်။

"ခုတလော ငါ ညဘက်အိပ်ရမှာ ... အလိုလိုကြောက်နေမိတယ် သောင်းရန်ရာ၊ အဲဒါ ... ငါ ဘာလုပ်ရမှန်းမသိလို့ ... စိတ်ညစ်နေရတယ်"

"မင်း ... အလုပ်ပင်ပန်းလို့ ... မအိပ်နိုင်တာဖြစ်ပါလိမ့်မယ် ခွေးပုရာ ... သင့်ရာဆေးဝါးလေးလည်း သောက်ကြည့်စမ်းပါဦး"

"မဟုတ်ဘူး ... သောင်းရန် ... မဟုတ်ဘူး ... ငါ ကောင်းတဲ့အိပ်မက်ဆိုးတွေ ... ဆက်ဆက်မက်နေလို့ ... အိပ်လို့မရတာကို ... ပြောတာပါ"

ခွေးပုက အိပ်မက်မက်ခဲ့သည့်အကြောင်းကို သောင်းရန်ကို ပြောပြလိုက်မိသည်။ ခွေးပုစကားကြားမှ သောင်းရန် အတန်ကြာသည်အထိ စကားမဆိုဘဲ ချောင်းရေပြင်ကို ကြည့်နေသည်။ ပြီးမှ... ။

"အေးကွာ ... မင်းမက်ခဲ့တဲ့ ... အိပ်မက်တိုင်းဆို အတော်ဆန်းတယ်လို့ ပြောရမှာဘဲ ... ငါ ညဏ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



သလောက်တွေးမိရင် . . . မင်း ဒီချောင်းထဲမှာ အမှား အယွင်းများ တစ်ခုခုလုပ်မိခဲ့လို့လား . . . ပြန်စဉ်းစား ကြည့်ပါဦး ခွေးပုရာ"

"ငါ ဒီအလုပ်နဲ့ ချောင်းရိုးမြောင်းရိုးထဲမှာ . . . လုပ်စား လာတာ မင်းလည်းအသိပဲ သောင်းရန်ရာ . . . ခက်နေ တာက ငါ ဘာတစ်ခုမှ အမှားအယွင်းမလုပ်ခဲ့ဘူး ဆို တာ . . . ငါ့ကိုယ်ငါသိတယ် . . . သောင်းရန်ရာ"

"ကဲ . . . စဉ်းစားမနေပါနဲ့တော့ ခွေးပုရာ . . . အချိန်ရှိ တုန်း တို့သွားကြရအောင် . . . ချောင်းထဲရောက်မှ ငါးရမှာ၊ ခုတောင် . . . အတော်လေးမှောင်လာပြီ ဟိုနေ့ ညက ဖိုးကူးတို့သားအဖတွေ ငါးတွေအတော်ရသွား တယ်"

သောင်းရန်က ပြောပြောဆိုဆို လှော်တက်ကို အားစိုက်ပြီး လှော်နေသည်မို့ ခွေးပု မနေသာ။ လှော်တက်ကိုထိန်းရင်း ချောင်းစု ချောင်းထဲသို့ လှေဦးဝင်လိုက်သည်။ ဘယ်နေရာကြည့်ကြည့် ည အမှောင်ရိပ်နှင့်အတူ ချောင်းကမ်းပါးနစ်ဖက်ဆီမှ အစီအရီဖြင့် ပေါက်နေသည့် ဓနိ၊ ကန့်မလာ၊ ကနစို၊ လမုပင်များနှင့် ကမ်းစပ်၌ ခြုံနွယ်ပိန်းပေါင်းများ လွှမ်းခြုံနေသည့် ချောင်းစုချောင်း. . .။

"သောင်းရန် . . . ဖိုးကူးတို့ ငါးရှာသွားလို့ ချောင်းထဲမှာ ငါးခိုနိုင်ပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်မပူစမ်းပါနဲ့ . . . ခွေးပုရာ . . . ငါ ဟိုတစ်လောက တွေ့ခဲ့တဲ့ မဆယ်ဂလိုင်ကွေ့ဖက်ကို တို့သွားမယ်ကွာ အဲဒီကို ဘယ်သူမှမရောက်လို့ ငါးတွေခိုနေမှာ ကျိန်းသေပဲ"

"နေပါဦး သောင်းရန်ရဲ့ . . . အဲဒီ မဆယ်ဂလိုင်ကွေ့က သရဲခြောက်တယ် မဟုတ်လား"

"ဒေး . . . သရဲတော့ ခြောက်တယ်ပြောတာပဲကွာ ငါတော့တစ်ခါမှ မကြုံခဲ့ဘူး။ ကဲပါကွာ . . . တို့သွားပြီး အခြေအနေကြည့်ကြတာပေါ့"

သောင်းရန်စကားကြောင့် ခွေးပု လှော်တက်ကို ခပ်သွက်သွက် လှော်ခတ်လိုက်သည်။ ချောင်းရေစီးက ရေထရက်မို့လားမသိ။ ရေကူ အရှိန်ဖြင့် စီးဆင်းနေဆဲ ဖြစ်သည်။ ရေစီးနှင့်အတူ ပင်လယ်ဖက်ဆီမှ ရေထဖြင့် ဝင်လာမည့် ငါးပုဇွန်တွေ။ သည်ငါးပုဇွန်တွေက အစာ ရှာရင်း ချောင်းစုချောင်းတွင် ခိုအောင်းနေမည်မှာ ကျိန်းသေပင်။

ခုလည်း ညအမှောင်ဆိုသော်လည်း လရောင်မှုန်ပျပျအောက် တွင် ဗိုးတဝါးနှင့် တွေ့လိုက်ရသည့် မဆယ်ဂလိုင်ဝဲကွေ့။ ခွေးပုကြည့် ရင်း ရင်အလိုလို ထိတ်လာသည်။ ထိုစဉ် ညအမှောင်ကြား ပေါ်ထွက်လာသော အသံများက ချောင်းရိုးတစ်ခွင် ပေါ်လာသည်။

"ဝုန်း"

"ဝုန်း"



www.burmeseclassic.com

www.burmeseclassic.com



"သောင်း . . . သောင်းရန်၊ တို့ကို သရဲခြောက်တယ်နဲ့တူတယ်"

"မဟုတ်ပါဘူး ခွေးပုရာ . . . ငါးတွေပွက်နေတဲ့အသံပါကွဲ . . . တို့လုပ်ငန်း စရအောင်"

သောင်းရန်က ပြောပြောဆိုဆို လှေပဲ့ဆီသို့လာနေ၍ ခွေးပုလှော်တက်ကိုထိန်းရင်း ချောင်းရေပြင်အခြေအနေကိုကြည့်ပြီး နားစွင့်လိုက်မိသည်။ ငါးပွက်သံများက ဆက်တိုက်ပေါ်လာ၍ ခွေးပုပျော်သွားမိသည်။ ခွေးပု မပျော်လို့မဖြစ်။

ခုတစ်လော ခွေးပုတို့ ချောင်းရိုးအနှံ့ ဘယ်လိုငါးရှာရှာ မရခဲ့။ ပြန်တော့လည်း အိမ်ဟင်းစားဖို့လောက်သာ။ သည်ည ငါးများများရခဲ့လျှင် ဖောက်သည်ယူနေကြ ဒေါ်ထွေးမီကို ပေးဖို့ရှိသည်။ ခွေးပုကွန်ကိုယူပြီး လှေဦးတွင် ပြောင်းထိုင်လိုက်သည်။ သောင်းရန်ကလှေကိုထိန်းရင်း ရေစီးသံနှင့် တွေ့လိုက်ရသည့် မဆယ်ဂလိုင်ကွေ့ဆီသို့ လှေဦးတည်လိုက်သည်။ သည်မဆယ်ဂလိုင်ဝဲကွေ့က မလွယ်။ ငါးကြီးများ ခိုအောင်းနေသော်လည်း ဘယ်တံငါသည်မှ မရှာရဲချေ။ ရေစီးသန်ပြီး ဝဲအော်သံနှင့်အတူ ဂလိုင်ထဲရောက်လျှင် အသက်ရှင်ဖို့မလွယ်။

❦ ❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com



"သောင်းရန် . . . ရွှေမှာ ငါးပွက်သံကြီးတွေကြားရတယ် လော်ကွာ"

"ဖြစ်ပါ့မလား ခွေးပုရယ် . . . တော်ကြာ ဂလိုင်ဝဲဖက်ပါ သွားရင် မလွယ်ဘူးကွ"

"မပါပါဘူး သောင်းရန်ရာ . . . မင်းထိန်းပြီးလော်ရင် ရပါတယ်ကွာ . . . ဟိုမှာ တွေ့လား"

ခွေးပုက လှေဦးတွင်ထိုင်ပြီး ရှေ့ပြန်ပစ်ရန်ပြင်ရင်း သောင်းရန်ကို ပြောလိုက်သည်။ သောင်းရန် လှေကိုထိန်းရင်း ကြည့်လိုက်မိသည်။ လရောင်မှုန်ပျပျအောက်မှ ချောင်းရေပြင်တွင် ဂယက်ထနေသည့် ငါးအုပ်ကြီးမြင်ကွင်းက အသည်းယားစရာ ဖြစ်နေသည်။ သောင်းရန် လှေကိုထိန်းပြီး မဆယ်ဂလိုင်ဝဲကွေ့နှင့် နီးနိုင်သမျှ လှေကိုကပ်လိုက်သည်။ ခွေးပု ဂယက်ထနေသော ချောင်းရေပြင်ကို ကြည့်ရင်း ငါးပွက်သံကြားရာဆီသို့ ကွန်ကိုပစ်ချလိုက်သည်။

"ဗွမ်း"

"ဝုန်း . . . ဝုန်း"

"ဟာ . . . ခွေး . . . ခွေး . . . ပု"

လှေဦးတွင် မဘ်တပ်ရပ်ပြီး ကွန်ပစ်နေသော ခွေးပု၏ ကွန်ပစ်ရင်း ရုတ်တရက် ရေထဲသို့ကျသွားသည့်အသံနှင့်အတူ လှေကို ဆောင့်တိုးလိုက်သော ငါးကြီးတစ်ကောင်ကို လရောင်မှုန်ပျပျ အော[illegible] မမျှော်လင့်ဘဲတွေ့လိုက်ရ၍ သောင်းရန်အံ့သြသွားမိသည်။

www.burmeseclassic.com



အရှိန်ဖြင့် စီးဆင်းနေသော မဆယ်ဂလိုင်ဝဲကျေ့ ရေစီးနှင့်အတူ ခွေးပု ပေါ်လာနိုးကြည့်ရင်း သောင်းရန် မှင်သက်မိနေသဲပင်။ ပြီးမှ သတိရပြီး ခွေးပုကို တကြော်ကြော်ခေါ်ရင်း ရေစီးအရှိန်ဖြင့် မျောပါသွားသောလှေကို အားကုန်လှော် ခတ်လိုက်မိသည်။ ပြီး . . . သောင်းရန် ချောင်းရေပြင်အနှံ့ ရှာကြည့်သော်လည်း ခွေးပုအရိပ်အယောင်ကို မတွေ့ရတော့ချေ။

သောင်းရန် ချောင်းရေပြင်အနှံ့ကြ ်ရင်း ရင်ထဲတွင် ဆို့နှင့်နေမိသည်။ မဆယ်ဂလိုင်ဝဲကျေ့ဆီမှ ရေစီးသံ(ဲ) တဟဲဟဲမြည်နေသံက ညအမှောင်ကြားတွင် အသည်းထိတ်စဖွယ် ကြားနေရဆဲဖြစ်သည်။

"ဖြစ်ရလေ . . . ခွေးပုရယ် . . . ငါ့ကြောင့် . . . မင်းခုလို . . . ဖြစ်ရတာ"

♛ ♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်. . . ကွန်ပစ်ချပြီး ကွန်ထဲမိနေတဲ့ ငါးကြီး ဆောင့်ရုန်းလို့ ရေထဲကျသွားတာ . . . ဘကြီးမိုး"

"အင်း. . . ကံကြီးပေလို့သာပေါ့ ခွေးပုရယ် . . . မင်း အဖြစ်က မသေကောင်း မပျောက်ကောင်းကွယ် . . . တို့တစ်ရွာလုံးက မင်းကို သေပြီလို့ ထင်ထားကြတာ ဒီဂလိုင်ဝဲကနေ ဘယ်လိုနဲ့ မင်းကနေ့ပလာပင်ကြီးသေးတာ တောထဲ ပြန်ရောက်လာတာလဲ . . . ပြောစမ်းပါဦး"

ဘကြီးမိုးစကားကြောင့် ခွေးပုချောင်းချေပြင်ကို အလိုလို ကြည့်ရောက်သွားမိသည်။ ကြည့်လေ။ ခွေးပုနှင့် သောင်းရုံးနှင့် ဆယ်ဂလိုင်ဝဲကျွေ့တွင် ညဘက် ငါးရှာစဉ် ကြုံခဲ့ရသည့်ကာ ကျာချမ်းစရာအဖြစ်ပင် မဟုတ်ပါလား။

www.burmeseclassic.com



"ကျွန်တော် ကွန်ထဲမိနေတဲ့ ငါးကြီးဆွဲပြေးလို့ ဂ႔ံ်ဝဲ ကွေ့နားရောက်သွားခဲ့တာ ... အဲဒီနားမှာ သင်္ဘော လေးတစ်စင်းကို တွေ့ခဲ့ရသေးတယ် ... ဘကြီးမိုး"

"ဟေ ... သင်္ဘောလေးတစ်စင်း ... ဟုတ်လား"

"ဟုတ်တယ်... ဘကြီးမိုး"

ခွေးပုစကားကြောင့် ဘကြီးမိုးမျက်နှာ ရုတ်ချည်းပြောင်းလဲ သွားသလို အံ့အားသင့်သွားသည့်မျက်နှာက အထင်းသားပေါ်လာ သည်။ ပြီး ခွေးပုကို မယုံကြည်နိုင်သည့်အကြည့်ဖြင့် ကြည့် လိုက်ပြီး...

"တကယ်တွေ့ခဲ့တာလား ... ခွေးပု"

"တကယ်ပါ...ဘကြီးမိုးရဲ့၊ ကျွန်တော် သင်္ဘောနား ရောက်တော့ လူတွေအများကြီးတွေ့ခဲ့ရတယ် ... အဲဒီလူတွေရဲ့အော်သံတွေကြားရလို့ ကျွန်တော် ကြောက် လန့်ပြီး ကူးပြေးခဲ့တာ၊ ကျွန်တော် သတိရလို့ ကြည့် လိုက်တော့ ချောင်းကမ်းပါးက ကန့်မလာပင်ကြီးဘေးမှာ ရောက်နေတာ တွေ့ရတာပဲ"

"အင်း...မင်းကြုံတွေ့ခဲ့ရတဲ့အဖြစ်က အံ့သြစရာလို့ ပြောရမှာပဲ ... တကယ်တော့ မင်း မဆယ်ဂလိုင်တွေ့ နားမှာတွေ့ခဲ့တဲ့ သင်္ဘောလေးက အဘတို့ငယ်ငယ်တုန်း က ဟောဒီ ချောင်းစုချောင်းထဲမှာ ခရီးသည်တွေပို့နေတဲ့

www.burmeseclassic.com



သင်္ဘောလေးတစ်စင်းပဲ ... ခွေးပု"

"ဒါဆို ... အဲဒီ သင်္ဘောလေးက ဒီချောင်းထဲမှာ နစ်ခဲ့တာ၊ ဟုတ်လား ... ဘကြီးမိုး"

"ဟုတ်တယ် ခွေးပု ... အင်း ... မင်းနဲ့အကြောင်း တိုက်ဆိုင်တယ်လို့ ပြောရမှာပဲ ခွေးပု ... အဲဒီချောင်း ထဲမှာ သင်္ဘောလေးနဲ့ ပတ်သတ်ခဲ့တဲ့ အဖြစ်တစ်ခု ရှိခဲ့ ဖူးတယ် ... ပြောရရင်တော့ကွာ မင်းကို အိပ်မက်ခဏ ခဏပေးတဲ့ မိန်းကလေးနဲ့ ဆက်နွယ်တယ်လို့ အဘ ထင်တယ် ... အဲဒီ မိန်းကလေးနာမည်က မစိမ်းညို့လို့ ခေါ်တယ်"

"ဗျာ ... မစိမ်းညို ... ဟုတ်လား"

"ဟုတ်တယ် ခွေးပု ... မစိမ်းညိုရဲ့ မိဘတွေက ဟောဒီ ချောင်းဝရွာတစ်နယ်လုံးမှာ သိပ်ချမ်းသာကြတဲ့ သူတွေပေါ့ကွာ"

ဘကြီးမိုးစကားကြောင့် ခွေးပု အံ့သြသွားမိသည်။ မစိမ်းညိုဟူ သော နာမည်လေးကို အခါခါရေရွတ်နေမိသည်။ မစိမ်းညိုသည် ဘာကြောင့် ခွေးပုကို ခဏခဏ အိပ်မက်ပေးပြီး ပစ္စည်းတောင်းနေ သည့်အဖြစ်က ထူးဆန်းသလိုဖြစ်နေသည် မဟုတ်ပါလား။

"ဒါဆို ... အဲဒီ မစိမ်းညိုက သူ့ပစ္စည်းတွေ ပြန်တောင်း နေတာလဲဘကြီးမိုး ကျွန်တော်လည်း စဉ်းစားလို့မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ ... အဲဒီ မစိမ်းညိုဆိုတဲ့ မိန်းကလေးနဲ့ အဘတို့က ခွေ့ရိုပ်မျိုးရိုပ် မကင်းခဲ့တာတော့ အမှန်ပဲ၊ ဪတော့ ... မင်း မစိမ်းညို အိပ်မက်ပေးပြီး ပစ္စည်းပြန် တောင်းတယ်ဆိုတော့ ကောန္တ သူနဲ့ပတ်သက်ခဲ့တဲ့ ပစ္စည်း တစ်ခုခု မင်းဆီမှာရောက်နေလို့ အစွဲအလန်းကြီးကြီးနဲ့ ပြန်တောင်းနေတာ ဖြစ်လိမ့်မယ်"

ဘကြီးမိုးစကားကြောင့် ခွေးပု ကြက်သီးမွေးညင်းထသွား မိသည်။ ပြီး ခေါင်းကိုကုတ်ပြီး အတန်တန်စဉ်းစားနေမိစဉ် ရုတ်တ ရက် သတိရသွားမိသည်။

"ဘကြီးမိုးကို ပြစရာတစ်ခုတော့ရှိတယ် ... အဲဒါ ဘကြီးမိုး ... ကြည့်ပေးပါဦး"

ခွေးပုက အခန်းထဲသို့ဝင်ပြီး သေတ္တာလေးထဲမှ အဝတ်စဖြင့် ချည်နှောင်ထားသော ပစ္စည်းလေးကို ပြလိုက်သည်။ ဘကြီးမိုးသည် အဝတ်စဖြင့် ချည်နှောင်ထားသော ပစ္စည်းလေးကို တဖြည်းဖြည်း ကြည့်လိုက်သည်။

"လက် ... လက်စွပ်ကလေးပါလား ခွေးပု ... နေပါဦး ဒီလက်စွပ်ကလေးကို မင်း ... ဘယ်ကရလာ ခဲ့တယ်ဆိုတာ ဘကြီးကို ပြောစမ်းပါဦး"

"ကျွန်တော် မသေယ်ဂလိုင်ဝဲကျေးနားမှာ ကွင်းစံတုန်းက ရလာခဲ့တာ ... ဘကြီးမိုး"

www.burmeseclassic.com

www.burmeseclassic.com



ဘကြီးမိုးသည် ကြေးညှိရောင်တက်နေသော လက်စွပ်ကလေးကို အပြန်ပြန် အလှန်လှန်ကြည့်ကာ ခွေးပုမျက်နှာကို ကြည့်လိုက်သည်။ ပြီး . . . လက်စွပ်ကလေးကို အခါခါ ပွတ်တိုက်လိုက်သော အခါ ဝင်းလဲ့စွာ အရောင်ထွက်လာသည်ကို ခွေးပုကြည့်ရင်း အံ့အားသင့်သွားမိသည်။

ကြည့်လေ။ လက်စွပ်ကလေးကို ခွေးပုရခဲ့စဉ်က သတိမထားမိခဲ့။ သာမန်လက်စွပ်ကလေးတစ်ကွင်းဟုသာ ထင်ခဲ့သည်။ ခု ဘကြီးမိုးလက်ထဲရောက်မှ တန်ဖိုးရှိသည့် ရွှေလက်စွပ်ကလေးမှန်း သိခဲ့ရသည်။

"အင်း . . . တိုတိုနဲ့ပြောရရင်တော့ကွာ . . . အဲဒီ မစိမ်းညိုဆိုတဲ့ မိန်းကလေးက စံပယ်ဆိုတဲ့သဘော်လေးနဲ့ သူ့ချစ်သူနဲ့ မင်္ဂလာဆောင်ဖို့ မြို့တက်ပြီး ရွာအပြန်မှာ မဆယ်ဂလိုင်ဝဲကွေ့နား အရောက် ဒီရေရိုက်ပြီး သဘော်လေး တိမ်းမှောက်ခဲ့တယ် ဆိုပါတော့ကွာ။ အဲဒီတုန်းက မင်္ဂလာဆောင်ဝတ်ဖို့ဝယ်လာတဲ့ လက်ဝတ်လက်စားတွေ အတော်ပါလာတယ် . . . ဒါပေမဲ့ မပျော်လင့်တဲ့ ကံကြမ္မာဆိုးကြောင့် မစိမ်းညိုဟာ သူ့ချစ်သူနဲ့ မင်္ဂလာမဆောင်လိုက်ရဘဲ ဘဝချင်းလွဲခဲ့ရတဲ့ အဖြစ်ပေါ့ကွာ . . . အဲဒီ သဘော်လေးမှောက်တဲ့ည ကညဆိုရင် မဆယ်ဂလိုင်ဝဲကွေ့မှာ အော်သံအကျူ အညီတောင်းတဲ့ အသံတွေ ကြားကြနေရလို့ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



သူမှ အဲဒီနေရာမှာ သားငါးမရှာရဲကြဘူး . . . တကယ် တော့ မစိမ်းညိုဟာ သူနဲ့အတူပါလာတဲ့ လက်ဝတ် လက်စားတွေကို အစွဲအလန်းကြီးပြီး မကျွတ်မလွတ်ရှာ ဘဲ ဝိညာဉ်ဘဝနဲ့ ဟောဒီ ချောင်းစုချောင်းထဲမှာ တစ်ဝဲ လည်လည် ဖြစ်နေတဲ့ဘဝပဲ ခွေးပု"

ဘကြီးမိုးစကားကြောင့် ခွေးပု အလိုလို မြင်ယောင်နေမိသည်က မဆယ် ဂလိုင်ဝဲကွေ့။ ထိုချောင်းထဲတွင် နစ်ပေါင်းများစွာ နစ်မြုပ် နေခဲ့သည့် သံသေတ္တာလေး။ ထိုသေတ္တာလေးနှင့် အတူရှိနေဆဲဖြစ်သော မစိမ်းညို၏ဝိညာဉ်။

"ဒီတော့ မစိမ်းညိုဟာ မင်းနဲ့ပတ်သက်နေထယ်လို့ ပြောရမှာပဲ . . . မင်းရလာတဲ့ ဟောဒီလက်စွပ်ကလေး ကို ရောင်းချပြီး မစိမ်းညိုအတွက် ကုသိုလ်ကောင်းမှု ပြုပေးလိုက်ပါကွယ် . . . ဒါမှ သူ့ခမျာ ကောင်းရာ ဘုံဘဝကို ခံစားနိုင်ရှာမှာ . . . ဪ မစိမ်းညို . . . မစိမ်းညို"

ဘကြီးမိုးက စိတ်မကောင်းစွာပြောရင်း ချောင်းချေပြင်ကို ငေးကြည့်ပြီး ခွေးပုလက်ထဲသို့ လက်စွပ်ကလေးကို ထည့်လိုက်သည်။ ခွေးပု လက်စွပ်ကလေးကိုကြည့်ရင်း ရင်တထိတ်ထိတ်ခုန်သွားမိ သည်။ ကြည့်လေ။ ချောင်းချေပြင်နှင့်အတူ မဆယ်ဂလိုင်ဝဲကွေ့တွင် စွဲလန်းစိတ်နှင့် မကျွတ်မလွတ်နိုင်ရှာသည့် မစိမ်းညိုဘဝ။



www.burmeseclassic.com

www.burmeseclassic.com



သို့တိုင် ချောင်းရေပြင်ကိုကြည့်ရင်း ခွေးပုကြီးခဲ့ရသော အိမ်မက်ထဲမှ လှိုင်းလုံးကြီးများနှင့်အတူ "ကျွန်မပစ္စည်းကို ပြန်ပေးပါ" ဟူ၍ တောင်းခံနေသည့် မစိမ်းညိုဝိညာဉ်ရှိရာ မဆေယ်ဂလိုင်ဝဲတွေ့မှ အဖြစ်ကိုတွေးရင်း ကြက်သီးအလိုလို ထသွားမိလေတော့သည်။

စလွန်းကျော်ဦး



www.burmeseclassic.com

www.burmeseclassic.com

## ခိုင်မိုးယံစာပေမှထွက်ရှိသည့်စာအုပ်များ

၁။ ဝရဇိန် (ပရဆန်းကြယ်ဂမ္ဘီရဝတ္ထုတိုများ)
၂။ ဝရဇိန် (ပရဆန်းကြယ်လုံးချင်းဝတ္ထု)
၃။ ဝဏ္ဏိရုပ်ညာဉ် (ပရဆန်းကြယ်ဂမ္ဘီရဝတ္ထုတိုများ)
၄။ မိုးသက်ရှင် (အချစ်လုံးချင်းဝတ္ထု)
၅။ မင်းပုည (စုံထောက်လုံးချင်းဝတ္ထု)
၆။ ခနုတ်ကိုကိုဇော် (ဟာသဝတ္ထုတိုများ)
၇။ ခနုတ်ဟိတ်ဆီးဇော် (ဂမ္ဘီရဝတ္ထုတိုများ)
၈။ ဝင်းဇော်(သုံးဆယ်) (စုံထောက်ဝတ္ထုတိုများ)
၉။ ဝင်းဇော်(သုံးဆယ်) (ဂမ္ဘီရဝတ္ထုတိုများ)
၁၀။ ရွှေယမင်းဦး (အညံ့အခိုက်ကြုံလျှင် ဓာတ်ရိက် ဓာတ်ဆင်ယတြာများ – ၂)
၁၁။ ပန်းချီရဲမာန် (ပုံပြဗုဒ္ဓဝင်ရုပ်စုံ)
၁၂။ ပန်းချီရဲမာန် (ပုံပြငါးရာ့ငါးဆယ်ပုံပြင်)
၁၃။ ပန်းချီအဓိပတိ (အံ့ဖွယ်သုတ ဂမ္ဘီရပုံပြင်)

www.burmeseclassic.com

www.burmeseclassic.com



# ဓနုတ်ပါဂျက်းဇော်

## ကမ္ဘာ့ထိပ်သီး
နှင့်
## ဝိညာဉ်ပြန်သောဓား

www.burmeseclassic.com

www.burmeseclassic.com

# ဓနုတ်ဟိုဏ်းဇော်

[illegible] (မှ) [illegible]

မြန်မာပြည် စစ်ကြီးပြီးစကာလဖြစ်သည်။

ထိုအချိန်က ကျွန်ုပ်သည် စစ်ကာလအတွင်း၌ အတူလက်တွဲ တိုက်ပွဲဝင်ခဲ့သော သွေးသောက်ရဲဘော်ရဲဘက် မိတ်ဆွေကြီး တပ်မှူးသီလနေထိုင်ရာ မန္တလေးအထက်ပိုင်းရှိ ရွာလေးတစ်ရွာသို့ သွားရောက်ကာ ၎င်းနှင့် စစ်အတွင်းကာလက ဆောင်ရွက်ထားသည့် ကိစ္စတစ်ရပ်အတွက် တွေ့ဆုံပြီးပြန်လာခဲ့ရာ၊ ထိုအပြန်ခရီးတွင် ကျွန်ုပ်နေထိုင်ရာ တွံတေးကို တိုက်ရိုက်မပြန်ဖြစ်ဘဲ ရေညီးသင်းသို့ ခရီးဆက်ခဲ့ရလေ၏။

အကြောင်းကတော့ အင်းဝခေတ် နန်းစဉ်သုံးဓားတစ်လက် ကိစ္စကြောင့် ဖြစ်သည်။ ထိုဓားတစ်လက်ကို စစ်အတွင်းကာလက ဖက်ဆစ်ဂျပန်များကိုတိုက်ရင်း ကျွန်ုပ်နှင့်မိတ်ဆွေကြီး တပ်မှူးသီလ

မြန်မာပြည် စစ်ကြီးပြီးစကာလဖြစ်သည်။

ထိုအချိန်က ကျွန်ုပ်သည် စစ်ကာလအတွင်း၌ အတူလက်တွဲ၍ တိုက်ပွဲဝင်ခဲ့သော သွေးသောက်ရဲဘော်ရဲဘက် မိတ်ဆွေကြီး ကာမှိယသို့လာနေထိုင်ရာ မန္တလေးအထက်ပိုင်းရှိ ရွာလေးတစ်ရွာသို့ သွားရောက်ရာ၊ ၎င်းနှင့် စစ်အတွင်းကာလက ဆောင်ရွက်ထား သည့် ကိစ္စတစ်ရပ်အတွက် တွေ့ဆုံပြီးပြန်လာခဲ့ရာ၊ ထိုအပြန်ခရီး တွင် ကျွန်ုပ်နေထိုင်ရာ တွံတေးကို တိုက်ရိုက်မပြန်ဖြစ်ဘဲ ရွာသည်း သင်းသို့ ခရီးဆက်ခဲ့ရလေ၏။

အကြောင်းကတော့ အင်းဝခေတ် နန်းစဉ်သုံးဓားတစ်လက် ကိစ္စကြောင့် ဖြစ်သည်။ ထိုဓားတစ်လက်ကို စစ်အတွင်းကာလက ဖက်ဆစ်ဂျပန်များကိုတိုက်ရင်း ကျွန်ုပ်နှင့်မိတ်ဆွေကြီး ကသိသိလ

www.burmeseclassic.com



တို့ ဦးဆောင်သော ဝေဟ်လှန်ရေးတပ် တစ်တပ်လုံးကို ပဲခူးရိုးမ အတွင်းရှိ လိုဏ်ဂူတစ်ဂူထဲ၌ ဖက်ဆစ်ဂျပန်များ ဝိုင်းပိတ်ဆို့ တိုက် ခိုက်ခြင်းကို ခံခဲ့ကြရလေ၏။

ထိုသို့ ဖြစ်နေချိန်တွင် မမျှော်လင့်ဘဲ လိုဏ်ဂူထဲတွင် အင်းဝ ခေတ် နန်းစဉ်သုံးဓားတစ်လက်ကို ရရှိခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ထိုဓားတွင်ရှိနေသော ထူးခြားချက်ဝ ခ်ငေ်မှာ လွန်စွာမှ အံ့သြစရာ ကောင်းလှပေ၏။

အခြားတော့မဟုတ်၊ ထိုဓားကို ရရှိသော နံရံပေါ်တွင် စာ ကြောင်းများ ထွင်းထုထားလေ၏။ ထိုဓားကို တွေ့ရှိသောသူမှာ မူလဓားပိုင်ရှင်ဖြစ်သူအတွက် ရည်စူးပြီး တန်ခိုးကြီးဘုရားတစ်ဆူ ဆူတွင် သွားရောက်လှူဒါန်းပေးရန် တောင်းဆိုထွင်းထုထားသော စာပင်ဖြစ်သည်။

ထိုဓားကို ရရှိသောအချိန်က ကျွန်ုပ်တို့သည် ဖက်ဆစ်ဂျပန် တို့၏ အလစ်အငိုက် ပိတ်ဆို့တိုက်ခိုက်ခြင်းကို လိုဏ်ဂူအတွင်း ခံလိုက်ရသဖြင့် ကျွန်ုပ်တို့သည် အုပ်စုနှစ်စုခွဲကာ ဖက်ဆစ်ဂျပန်များ ကို ပြန်လည်ထိုးဖောက် တိုက်ခဲ့ကြ၏။ ထိုသို့တိုက်ခိုက်ရာတွင် ကျွန်ုပ်တို့အုပ်စုတစ်စုသည် ထိုဖက်ဆစ်ဂျပန်များအား တိုက်ခိုက် ခုခံပြီး ကျွန်ုပ်မိတ်ဆွေကြီး ကပ္ပိယသီလ ဦးဆောင်သောအုပ်စုကို တော့ အင်းဝခေတ် နန်းစဉ်သုံးဓားတစ်လက်ကို ယူဆောင်စေကာ လိုဏ်ဂူအတွင်းပိုင်း လှုတစ်ကိုယ်ဝင်အပေါက်မှ လွတ်မြောက် ရှောင်

www.burmeseclassic.com



တိမ်းစေခဲ့၏။

ကျွန်ုပ်ဦးစီးသော အုပ်စုကတော့မူ ဖက်ဆစ်ဂျပန်များကို ခုခံတိုက်ခိုက်ရင်း ထိုလူတစ်ကိုယ်ဝင်ပေါက်မှ တဖြည်းဖြည်း ဆုတ်ခွာလွတ်မြောက်ခဲ့ပါတော့သည်။

သို့ဖြင့် ဖက်ဆစ်ဂျပန်များ တစ်ယောက်မကျန် မြန်မာပြည်မြေပေါ်မှပြေးပြီး စစ်ကြီးပြီးဆုံးသွားသောအခါ ထိုဓားကိုယူဆောင်ပြီး သိမ်းဆည်းထားသော မိတ်ဆွေကြီး ကပ္ပိယသီလထံ ယခုကဲ့သို့ ကျွန်ုပ်သွားရောက်ရခြင်း ဖြစ်ပေသည်။

မိတ်ဆွေကြီး ကပ္ပိယသီလထံရောက်တော့ ထိုဓားကို ၎င်းနှင့်ညီအစ်ကိုဝမ်းကွဲတော်သူ ကျွန်ုပ်တို့ တော်လှန်ရေးတပ်တွင် ယုံကြည်အားထားစိတ်ချရဆုံး သွေးသောက်ရဲဘော် သခင်မြင့်စိုးထံ၌ ထိုအချိန်ကတည်းက တစ်ပါတည်းယူဆောင်စေကာ သိမ်းဆည်းထားနိုင်ခဲ့ကြောင်းသိရသဖြင့် သခင်မြင့်စိုးရှိရာ ရမည်းသင်းသို့ ကျွန်ုပ် ခရီးဆက်ရခြင်း ဖြစ်တော့သည်။

ရမည်းသင်းရောက်တော့ သခင်မြင့်စိုး သိမ်းဆည်းထားသော ထိုဓားကို ယူဆောင်ကာ ကျွန်ုပ်နေထိုင်ရာသို့ ချက်ချင်းပြန်ရာ ကားဖြင့် ပြန်လည်လိုက်ပါ လာခဲ့ရလေ၏။ သို့ရာတွင် ဖြစ်ချင်တော့ တောင်ငူမြို့အဝင် သချိုင်းကုန်း (သုသာန်)နှင့် မနီးမဝေး၌ ကျွန်ုပ်တို့စီးနင်းလိုက်ပါလာသော ကားစက်ချို့ယွင်းသွားသဖြင့် ထိုနေရာ၌ပင် တစ်ညအိပ်ကြရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုညက အခြားခရီးသည်များ ကြိုရာကားများကိုစောင့်ပြီး လိုက်ကြသော်လည်း ကျွန်ုပ်သည် ခရီးဆက်တိုက်ကြိုထားရသဖြင့် အတော်လေးပင်ပန်းကာ ဆက်မလိုက်တော့ဘဲ တောင်ငူမြို့ရှိ ကျွန်ုပ်၏ အဒေါ်တစ်ဦးထံသို့ ဝင်ရောက်နားခိုရန် ဆုံးဖြတ်လိုက်တော့သည်။

ထို့ကြောင့် ကျွန်ုပ်သည် မိုးလင်းမှ အဒေါ်ဖြစ်သူအိမ်သို့ သွားရောက်နားခိုရန် ဆုံးဖြတ်ပြီး ထိုညကတော့ တောင်ငူမြို့အဝင် သုသာန်ဇရပ်တစ်ခုမှာပင် စတည်းချခဲ့လေတော့၏။

ညသည် လပြည့်ညဖြစ်သဖြင့် လောကဓာတ်တစ်ခုလုံး အလင်းရောင်များဖြင့် ရှင်းသန့်ကြည်လင်လှလျက်ရှိ၏။

သို့ရာတွင် ထိုနေရာ ထိုဝန်းကျင်ကား သုသာန်မြေဖြစ်သဖြင့် တော်ရုံစာန်ရုံလူ အိပ်ပို့မပျော်နိုင်။ အနားကပင် ဖြတ်သွားခဲ့ကြမည် မဟုတ်ပေ။ ကျွန်ုပ်အတွက်ကတော့မူ ထိုကိစ္စမျိုး ထိုအတွေ့အကြုံ များသည် ဆိုပ်ထူးဆန်းအံ့ဩစရာ မဟုတ်သလို ကြောက်လန့် မနေ့ဝံ့စရာများလည်း မဖြစ်ပါချေ။

ထို့ကြောင့် ကျွန်ုပ် ထိုကဲ့သို့ ရွေးချယ်ဆုံးဖြတ်ပြီး သုသာန်ဇရပ် ပေါ်၌ တစ်ယောက်တည်း အိပ်စက်အနားယူခဲ့ခြင်း ဖြစ်တော့၏။

ကျွန်ုပ် ခရီးပန်းထွားခြင်းကြောင့် မေးခန့် အိပ်ပျော်သွားကာ အတန်ကြာပြီးနောက် ကျွန်ုပ်နံဘေးတွင် လူတစ်ယောက်၏ ပီပီသသ ချောင်းဟန့်သံကို ကြားလိုက်ရသဖြင့် ကျွန်ုပ် အိပ်ရာက လန့်နိုးကာ

www.burmeseclassic.com



အိပ်ရာမှ ချက်ခြင်းထကြည့်လိုက်သည့်အခါ ကျွန်ုပ်နှင့် မနီးမဝေးတွင် လူတစ်ယောက်၏ ပုံရိပ်လိုလို၊ လိပ်ပြာတစ်ကောင်လိုလို အရာတစ်ခုကို မသဲမကွဲတွေ့ရှိလိုက်ရလေ၏။

ရုတ်တရက်တော့ ကျွန်ုပ်အံ့ဩထိတ်လန့်သွားမိသည်။ သို့ရာတွင် မပီဝိုးတဝါး ထိုသဏ္ဍာန်အရိပ်၏ တောင်းဆိုအသနားခံလာသော စကားများကြောင့် ကျွန်ုပ်နဂိုမူလအတိုင်းပင်ဖြစ်ကာ ၎င်း၏စကားတို့ကို အောက်ပါအတိုင်း နားထောင်ခဲ့တော့သည်။

"ကျွန်တော့်ကို ကူညီပေးပါ မိတ်ဆွေရယ် ... ကျွန်တော် တောင်းပန်ပါတယ် ... ကျွန်တော့်ဘဝမှာ အဲဒီတော့လေးဒုက္ခရောက်နေလို့ပါ ... မိတ်ဆွေ မကူညီရင် ကျွန်တော့်ဘဝတော့ ဒီတစ်သက်ဆုံးပါပြီ"

ထူးဆန်းသော ထိုပုံရိပ်ထံမှ စကားများကြောင့် ကျွန်ုပ် စိတ်ဝင်တစား ဖြစ်သွားမိသလို၊ ၎င်းအတွက်လည်း စိတ်မကောင်းဖြစ်သွားရသည်။ စိတ်မကောင်းဖြစ်ရခြင်းမှာ တခြားတော့မဟုတ်။ ၎င်းသည် ငိုသံစွက်၍ တောင်းဆိုနေခြင်းကြောင့် ဖြစ်ပါသည်။

"ခင်ဗျားကို ဘာကူညီပေးရမှာလဲ ... ခင်ဗျားလိုချင်တဲ့ အကူအညီ ကျုပ်တတ်နိုင်တာဆိုရင် ကူညီပေးပါ့မယ် ... ပြော ခင်ဗျားကို ကျုပ် ဘာများကူညီပေးရမလဲဆိုတာ"

"ဒီလိုပါ မိတ်ဆွေ ... ကျွန်တော့်ဘဝဟာ အခုစိတ်

www.burmeseclassic.com



ဆွေ မြင်ရတဲ့အတိုင်း ပုံရိပ်မပီမသဖြစ်နေတဲ့ စိညာဉ် လောကသားတစ်ဦးပါ . . . အထူးသဖြင့် ကျွန်တော်ဟာ အခြားဝိညာဉ်လောကသားတွေလို မဟုတ်ဘဲ တွယ်ရာ မှီခိုရာမဲ့ဘဝ ရောက်နေရပါတယ်''

ထိုပုံရိပ်က စကားကို ခေတ္တဖြတ်လိုက်ပြီး အသံတွက် ငိုရှိုက် လေသည်။ ပြီးမှ စကားကိုပြန်ဆက်၏။

''အခုလိုပုံစံဘဝမျိုးရောက်ရတာကို ကျွန်တော် အစအဆုံးရှင်းပြမှ မိတ်ဆွေ သဘောပေါက်ပါလိမ့်မယ် . . . ဒါကြောင့် တဆိတ်သည်းခံပြီးတော့ နားထောင်ပေးပါ။ အဲဒီလိုမှလည်း မိတ်ဆွေ နားလည်သဘောပေါက်ပြီး ကျွန်တော့်ကို ကူညီပေးလို့ရမှာ''

''ကျွန်တော့်အကြောင်းကို အစက ပြန်ပြောရရင် ဒီလိုပါ မိတ်ဆွေ . . . ကျွန်တော်ဟာ သမ္မာအာဇီဝကျကျ ခွန်အားနဲ့ ဝမ်းကြောင်းတဲ့ ပန်းရံဆရာတစ်ဦးပါ . . . ကျွန်တော့်မှာ အသက်လောက်မက မြတ်နိုးရတဲ့ ဇနီးတစ် ယောက်လည်း ရှိပါတယ်''

''တစ်နေ့မှာပေါ့ . . . မမျှော်လင့်ဘဲ ကျွန်တော်ဟာ နေပူ မိုးရွာမရှောင် အလုပ်ဝင်ပန်းဖိစီးလာတဲ့ ဒဏ်တွေကြောင့် အပြင်းဖျားပြီး နှစ်ရက်နဲ့တစ်ညတိတိ သတိလစ်မေ့မြော ခဲ့ပါတယ် . . . အဲဒီအချိန်မှာ . . . ကျွန်တော့်ရဲ့ ခန္ဓာ

www.burmeseclassic.com



ကိုယ်ကနေ ကျွန်တော့်ဝိညာဉ်ဟာ အပြင်လောကကို ခေတ္တရောက်ရှိခဲ့ရတယ် ဆိုပါတော့ဗျာ . . . ကျွန်တော့် ဝိညာဉ်ဟာ ဆွေမျိုးသားချင်းတွေဆီ . . . ပြီးတော့ . . . မိတ်ဆွေအပေါင်း အသင်းတွေဆီ အားလုံးပျံ့နှံ့အလည် ရောက်ရှိခဲ့လို့ပေါ့"

"ဒီလိုနဲ့ . . . လွင့်မြော နေတဲ့ ကျွန်တော့်ဝိညာဉ်ဟာ နှစ်ရက်နဲ့တစ်ညပြည့်ဖို့အချိန်မှာ ကျွန်တော့် မူလခန္ဓာ ကိုယ်ထဲ ဝင်ရောက်ဖို့ ပြန်သွားချိန်မှာပဲ ကျွန်တော့် ဘဝကြီးတစ်ခုလုံး ကပြောင်းကပြန်ကို ဖြစ်သွားရတော့ တာပါပဲ မိတ်ဆွေရယ်"

ဟု ပြောပြီး ထိုပုံရိပ်က ရှိုက်ကြီးတငင် ငိုပြန်လေတော့၏ အတန်ကြာမှ စကားကိုဆက်လေသည်။

"ဘာဖြစ်လို့လဲဆိုတော့ . . . ကျွန်တော့်ခန္ဓာကိုယ်ထဲကို တခြားဝိညာဉ်တစ်ဦးက ဝင်ရောက်ပြီး ကျွန်တော့် ခန္ဓာ ကိုယ်နဲ့ အသက်ရှင်နေထိုင်နေလို့ပါပဲခင်ဗျား . . . မိတ် ဆွေပဲ ဒီကိစ္စကို စဉ်းစားကြည့်ပါဦးဗျာ . . . ကျွန်တော် ပိုင်ဆိုင်တဲ့ ခန္ဓာကိုယ်ထဲကို တခြားဝိညာဉ်တစ်ဦး အစား ထိုးဝင်သွားရတဲ့ကိစ္စ ကျွန်တော့်ဘဝမှာ ဒီလောက်ကြီး မားတဲ့ ဆုံးရှုံးမှုမျိုး ရှိဦးတော့မလား"

"ဪတော့ . . . ကျွန်တော့်ခန္ဓာကိုယ်ထဲ အစားထိုးဝင်



www.burmeseclassic.com

www.burmeseclassic.com



သွားတဲ့ ဝိညာဉ်ဟာ တခြားသူမဟုတ်ဘဲ ကျွန်တော် ကိုယ်တိုင် ပန်းရံအတတ်ပညာနဲ့ ရှသွင်းပေးခဲ့တဲ့လူဗျ၊ ဒီလူဟာ လူ့ဘဝမှာတုန်းက လူကောင်းမဟုတ်ဘူး၊ အရက်သောက် ... ဖဲရိုက်နဲ့ အင်မတန် ဆိုးတေမိုက် မဲတဲ့လူ ... အခုတော့ ... ကြည့်စမ်း ... ဒီလူဟာ ကျွန်တော့်ခန္ဓာကိုယ်ထဲ ဝိညာဉ်အစားထိုးဝင်ရောက်ပြီး ကျွန်တော့်အသက်မကမြဲဒ်နိုးလှတဲ့ ဇနီးကိုပါ အပိုင် သိမ်းရက်လေတယ်ဗျာ ... ကျွန်တော့်ဇနီးကကော့ ဒီအကြောင်းကို လုံးဝသိရှာပုံမပေါ်ဘူး ... ကျွန်တော့် အမှတ်အထင်နဲ့ပဲ ရှိနေခဲ့တယ် ... ဒီထက်ဆိုးရွားလှတဲ့ အဖြစ်က ဒီလူယုတ်မာကြောင့် အခု ကျွန်တော့်ဇနီးမှာ ကိုယ်ဝန်ရှိနေပြီဗျ ... တော်တော်ရက်စက်ယုတ်မာ တဲ့လူဗျာ ... ကျွန်တော်ဖြင့် ရင်နာလို့ မဆုံးပါဘူး မိတ်ဆွေရယ်"

ထိုပုံရိပ်က မောသွားဟန်နှင့် စကားကို ဖြတ်တောက်လိုက်ပြီး စိတ်မကောင်းဖွယ် ငိုပြန်တော့သည်။ ကျွန်ုပ်လည်း ၎င်းပြောသမျှ နားထောင်ရင်းအတော်လေး စိတ်မကောင်း ဖြစ်ရပါသည်။ ကြားရ သောစကားနှင့် ကြုံရသောအဖြစ်အပျက်က တကယ့်ကို ယုံလို့ ကြည့်နိုင်စရာလည်း ကောင်းလှပေ၏။

သို့ရာတွင် ... ကျွန်ုပ်မျက်မှောက်ကြားရ ကြုံသည့် အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အဖျက်မို့ မယုံကြည်၍လည်းမရကောင်ခဲ့။ ပြီးတော့. . ဘုရားရဟန်းများဟောကြားထားသော တရားဒေသနာတော် အများအပြားတွင် သုံးမယ့်တစ်ဘုံကျင်လည်ကုန်သော သတ္တဝါများစွာတို့အနက် ဝိညာဉ်လောကသားများကျင်လည်ရာသည် အင်မတန်မှ ဆန်းပြားနက်နဲလှသည်ဟူ၍ ရှိပေရာ။ ထို့ကြောင့် ထိုကဲ့သို့ ကြုံနေရသော ဖြစ်ရပ်မျိုးမှာ တကယ်ပင်မှန်ပေလိမ့်မည်။

ထိုပုံရိပ်သည် ငိုရှိုက်နေရင်း ငှ်းလန်းမှ ဆက်ပြောလာပြန်တော့၏။

"ဒါနဲ့ ကျွန်တော်လည်း . . . အဲဒီလူ ညဘက်အိပ်တဲ့ အချိန်မှာ အိမ်မက်အမျိုးမျိုးပေးပြီး နေရာဖယ်ပေးဖို့ တောင်းပန်ခဲ့တယ်၊ အကြိမ်ကြိမ်ပါပဲ . . . ဒါပေမယ့် ဒီလူ ဒီစကားမျိုးပြောထွက်လာလိမ့်မယ်လို့ မထင်မိဘူးဗျာ . . . သူဒီနေရာကနေ မဖယ်ပေးပါရစေနဲ့တဲ့ . . . မကြာခင်အချိန်မှာ သူ့ရင်ခွဲသွေးလေးကလည်း လူ့လောကထဲ ရောက်တော့မယ် . . . ကျွန်တော့်ဇနီးကိုလည်း ကျွန်တော်ချစ်သလို ချစ်သတဲ့ဗျာ . . . အဲဒါကြောင့် သာယာချမ်းမြေ့နေတဲ့ သူတို့မိသားစု ဘဝလေးကို မဖျက်ဆီးဖို့ ကျွန်တော့်ထံမှာ ငိုပြီးပြန်တောင်းပန်တယ် . . . မိတ်ဆွေစဉ်းစားကြည့်ပါဦးဗျာ . . . ဒီလိုစကားမျိုးကို ကျွန်တော်ကသာ သူ့ကိုပြောရမှာ

www.burmeseclassic.com



သူသာ ကျွန်တော့်နေရာကို လုတဲ့သူ ... ဒါကြောင့် ကျွန်တော်ဟာ ပုံစံမပီ တွယ်ရာမဲ့ ဝိညာဉ်ဘဝကို ရောက်နေတာပါ မိတ်ဆွေ..."

"ဒီလိုနဲ့ ... ကျွန်တော်လည်း နေ့စဉ်နဲ့အမျှ စိတ်ဆင်းရဲသောကကြုံရပြီး ... ကြုံရာမရတဲ့အဆုံး ကျွန်တော်တို့ ဝိညာဉ်လောကသားတွေနဲ့ အမြဲထိတွေ့ဆက်ဆံမြင်နိုင်တဲ့ သချိုင်းစောင့်ဘိုးဘိုး တစ်ဦးထံမှာ ဒီအကြောင်းကိုစွ အကုန်ပွင့်ပြော အကြံတောင်းတဲ့အခါမှာ အဲဒီလူရဲ့ အုတ်ဂူကို ဖြိုလိုက်ရင် အဲဒီလူရဲ့ ဝိညာဉ်အပြင်ကို ပြန်ရောက်ပြီး ကျွန်တော့်ခန္ဓာကိုယ်ထဲ ကျွန်တော့်ဝိညာဉ် ပြန်ဝင်နိုင်မယ်လို့တော့ပြောတယ် ... အဲဒီလူရဲ့ အုတ်ဂူကို ရိုးရိုးသာမန်ပစ္စည်းနဲ့ ဖြိုဖျက်လို့မရဘဲ ဘုန်းတန်ခိုးရှိတဲ့ လူတွေကိုင်ဆောင်တဲ့ ပစ္စည်းတစ်ခုခုနဲ့ ဖြိုဖျက်မှ ဒီလူရဲ့ ဝိညာဉ်ဟာ ပြန်ထွက်နိုင်မှာတဲ့"

"ဒါကြောင့် ... ကျွန်တော့်ဘဝကို ကယ်တင်နိုင်မယ့်လူ နေ့စဉ်နဲ့အမျှ စောင့်မျှော်ရင်း အခုလို မိတ်ဆွေမမျှော်လင့်ဘဲရောက်လာပြီး မိတ်ဆွေထံမှာပါလာတဲ့ ဓား တစ်လက်ဟာ ဘုန်းတန်ခိုးရှိတဲ့ ပုဂ္ဂိုလ်တွေ ကိုင်ဆောင်တဲ့ဓားဖြစ်မှန်း ကျွန်တော် သိလိုက်ရတဲ့အတွက် မိတ်



www.burmeseclassic.com

www.burmeseclassic.com



ခွေထဲမှာ အခုလို အကူအညီ တောင်းရတာပါ"

ဟု ရှင်းပြလာသော ထိုပုံရိပ်စကားအဆုံးတွင် ကျွန်ုပ် ဓာတ်ရည်လည် နားလည်သဘောပေါက်သွားပြီး ချက်ချင်းဆုံးဖြတ်ချက် ချလိုက်လေတော့၏။

"ဒီကိစ္စဆို ဘာမှမပူပါနဲ့ဗျာ ... ခင်ဗျားကို ကျုပ် ကူညီပါ့မယ်၊ ကဲ ... ကျုပ် ဒီဓားနဲ့ ဖြိုဖျက်ပေးရမယ့် အုတ်ဂူကိုသာ ပြပေတော့"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ထိုပုံရိပ်သည် လွန်စွာမှ ဝမ်းပန်းတသာဖြစ်ကာ ကျွန်ုပ်အား အကြိမ်ကြိမ်ကျေးဇူးတင် ကြောင်းပြောရင်း ထိုင်ရှိခိုးလေတော့၏။

ထို့နောက် ... ကျွန်ုပ်သည် ၎င်းခေါ်ဆောင်ရာနောက်သို့ လိုက်သွားခဲ့၏။ အတန်ကြာလျှောက်လှမ်းပြီးသောအခါ အနည်း ငယ်ပေါင်းပြနေသော အုတ်ဂူတစ်လုံးရှေ့တွင် ရပ်လိုက်ပြီးနောက် ၎င်းက...

"အဲဒီ အုတ်ဂူပဲ မိတ်ဆွေ"

ဟု ညွှန်ပြလေ၏။ ထိုအခါ ... ကျွန်ုပ်သည် ၎င်းပြော ထားသည့်အတိုင်း အုတ်ဂူခေါင်းပိုင်းမှစ၍ အရင်ဖြိုချရန်အတွက် ဓားကို လက်မှကျစ်ကျစ်ပါအောင် ဆုပ်ပြီး အားကုန်ခုတ်ချလိုက်လေ တော့၏။

"ချွင်"



www.burmeseclassic.com

www.burmeseclassic.com



"ချလွင်"

အုတ်ဂူနှင့် ဓားထိခတ်လိုက်သံအဆုံးတွင် ကျွန်ုပ်၏ ဓားသည်လည်း အံ့ဩစရာကောင်းလောက်အောင် လက်ထဲမှ လွင့်စဉ်ပျောက်ကွယ်သွားရလေတော့သည်။ မည်သည့်နေရာမျှ အစရှာ၍မရတော့ချေ။ လွန်စွာမှ ထူးဆန်းလှပေါ်တကား။

♛ ♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဒါဆို ... မောင်ထိပ်သီး ကြုံတွေ့မြင် မက်ရတဲ့ အိပ်မက်ဟာ အတော့်ကို ထူးဆန်းတာပါလား"

"ဟုတ်တယ် ဦးလေး ... ကျုပ်တစ်သက်မှာ ဒီလောက် ထူးဆန်း အံ့ဩစရာကောင်းတဲ့ အိပ်မက်မျိုး တစ်ခါမှ မကြုံဖူးတာမို့ ကျုပ်ကိုယ်တိုင်တောင် အဲဒီကိစ္စအတွက် ယနေ့အချိန်အထိ ပြန်အမှတ်ရပြီး စိတ်မကောင်းဖြစ်နေ တုန်းပဲဗျာ"

ဟု ကျွန်ုပ်က ထိုကိစ္စကိုကြုံတွေ့ပြီး ခြောက်လခန့်အကြာတွင် ကျွန်ုပ်၏ ဦးလေးဖြစ်သူ ဦးသိရိအား အကြောင်းစုံပြန်ပြောပြလိုက်ခြင်း ဖြစ်ပေ၏။

"ဒါနဲ့ နေစမ်းပါဦး ... ပျောက်ဆုံးသွားတဲ့ အဲဒီဓားကို မောင်ထိပ်သီးလုံးဝ ရှာမတွေ့တော့ဘူးလား ... ပြီး တော့ ကိုယ်စားဝင်ထားတဲ့ ဝိဉာဉ်မိသားစု အဖြစ်အပျက် ကရော အပြင်မှာ တကယ်ပဲ တွေ့သလား"

ဟု မေးလာသဖြင့် ကျွန်ုပ်သည် သက်ပြင်းရှည်လျားစွာ ချလိုက်ပြီး ...

"အင်း ... ဟုတ်တယ်ဦးလေး ... ကျုပ် ... အဲဒီ တောင်ငူမြို့အဝင် သုသာန်ဇရပ်ပေါ်မှာ အိပ်ပျော်ပြီး အိပ်မက်မက်တယ် ... အိပ်မက်ထဲက အဖြစ်အပျက် အတိုင်းမက်ပြီး အိပ်မက်က လန့်နိုးလာတဲ့အချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမားလက်ထဲမှာ လုံးဝမရှိတော့ဘဲ ပျောက်ဆုံးသွားတယ် ... ပြီးတော့ ...အိပ်မက်ထဲက ဝိညာဉ် မိသားစုအဖြစ်အပျက်ကတော့ အပြင်မှာတကယ်ရှိသလား ... မရှိသလားဆိုတာလည်း ဘယ်လိုမှ အတတ်ပြောလို့မရခဲ့ဘူး ... ကျုပ် ခုနပြောသလို စိတ်မကောင်းတာက စစ်အတွင်းမှာ ကျုပ်တို့ လိုအပ်ဂူထဲက မမျှော်လင့်ဘဲရခဲ့တဲ့မား ... အဲဒီမားရဲ့ မူလပိုင်ရှင်ဆန္ဒအတိုင်း မဖြည့်ဆည်းပေးနိုင်ခဲ့တဲ့အတွက်ကြောင့် ကျုပ်လုံးဝ စိတ်မကောင်းဖြစ်ခဲ့ရတာပဲ ဦးလေး"

ဟု ကျွန်ုပ်က စိတ်မကောင်းဟန်ဖြင့် ရှင်းပြပြောဆိုလိုက်လေတော့သတည်း။

ဝန်ခံချက်။ ။ မိတ်ဆွေတစ်ဦး၏ ပြောပြချက်ကို အခြေခံ၍ ရေးဖွဲ့ပါသည်။

ခနှတ်ဟိတ်ထီးဇော်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# သုန္ဒာဆွေ (သမြေပုံ)

## ညခရီးတစ်ခုရဲ့ထိတ်လန့်စရာ

ကျွန်တော်နှင့် မောင်သန်းပင်း ရွာကလေးကိုရောက်တော့ မှောင်စပြုနေပြီ။ တူတော်မောင် သတို့သားလောင်း ထွန်းထွန်းဦးက ခရီးဦးကြိုပြုပြီး သူ့မင်္ဂလာမဏ္ဍပ်ရှိရာ ရွာလယ်ပိုင်းကို ခေါ်သွားကြသည်။ ကျွန်တော်ရောက်တယ်ဆိုရင်ပဲ သူလာနှုတ်ဆက်၊ ငါလာနှုတ်ဆက်နှင့် နားချိန်ပင်မရ။ အတူပါလာသူ မောင်သန်းဝင်းကို အားနာသော်လည်း မတွေ့ရတာကြာပြီဖြစ်တဲ့ ဆွေမျိုးဉာတိ အပေါင်းအသင်းများနဲ့တွေ့တော့ စကားလက်ဆုံ ပြောမကုန်ဖြစ်နေမိသည်။ ကျွန်တော့်ညီနှင့် ခယ်မကလည်း ဆွေမျိုးကလည်းများ။ အပေါင်းအသင်းကလည်း များလှသဖြင့် မင်္ဂလာမဏ္ဍပ်အတွင်း လူစည်ကားလှပေသည်။

"ကဲ . . အစ်ကိုကြီး နောက်မှစကားပြော ဟိုမှာ ဦးလေး



www.burmeseclassic.com

www.burmeseclassic.com

# သုန္ဒရာဆွေ (သမြေ့ရုံ)

## ညခရီးတစ်ခုရဲ့ထိတ်လန့်ခြင်း

ကျွန်တော်နှင့် မောင်သန်းဝင်း ရွာကလေးကိုရောက်တော့ မှောင်စပြုနေပြီ။ တူတော်မောင် သတို့သားလောင်း ထွန်းထွန်းဦးက ခရီးဦးကြိုပြုပြီး သူ့မင်္ဂလာမဏ္ဍပ်ရှိရာ ရွာလယ်ပိုင်းကို ခေါ်သွားကြသည်။ ကျွန်တော်ရောက်တယ်ဆိုရင်ပဲ သူလာနှုတ်ဆက်၊ ငါလာနှုတ်ဆက်နှင့် နားချိန်ပင်မရ။ အတူပါလာသူ မောင်သန်းဝင်းကို အားနာသော်လည်း မတွေ့ရတာကြာပြီဖြစ်တဲ့ ဆွေမျိုးဉာတိ အပေါင်းအသင်းများနဲ့တွေ့တော့ စကားလက်ဆုံ ပြောမကုန်ဖြစ်နေမိသည်။ ကျွန်တော့်ညီနှင့် ခယ်မကလည်း ဆွေမျိုးကလည်းများ၊ အပေါင်းအသင်းကလည်း များလှသဖြင့် မင်္ဂလာမဏ္ဍပ်အတွင်း လူစည်ကားလှပေသည်။

"ကဲ . . အစ်ကိုကြီး နောက်မှစကားပြော ဟိုမှာ ဦးလေး



www.burmeseclassic.com

www.burmeseclassic.com



ရန်ထွန်းအိမ်မှာ စားဖို့သောက်ဖို့စီစဉ်ထားတယ် . . . ဒီက
ညှော်သည်ပါ တစ်ခါထဲသွားကြတာပေါ့ . . . ကဲ . . . လာ
ညဘက် ရွာတီးဝိုင်းနဲ့ဖျော်ဖြေဦးမှာ . . . အဲဒီကမှ တစ်ခါ
ပြန်လာတာပေါ့"

ညီဝမ်းကွဲ စိန်သောင်းက ဓာတ်မီးတစ်လက်ဖြင့် လာခေါ်
နေသဖြင့် ဆွေမျိုးမိတ်သင်္ဂဟများကို တောင်းပန်ပြီး ခဏလိုက်
သွားသည်။

"ကဲ . . . ဆရာတို့ ရေချိုးချင်ရင် ပေ ါဒီမှာ အဆင်သင့်
ခပ်ထားတယ်၊ ရေချိုးပြီးမှ စားကြတာပေါ့"

အစ်ကိုရန်ထွန်းအိမ်မှ သူရင်းငှားက ရေချိုးရန်အဆင်သင့်
ပြင်ပေးသဖြင့် အားနာပါးနာ ကျွန်တော်တို့ ရေချိုးလိုက်ပါသည်။
ရေမိုးချိုးပြီး ရွာခံလူငယ်များနှင့်အတူစားဖို့ နေရာယူလိုက်ကြသည်။

"ထမင်းမစားခင် နည်းနည်းသောက်ပေါ့ကွာ . . . ဆေး
ဖြစ်ဝါးဖြစ် တို့တောအရက်ကလေး မြည်းကြပါဦး . . .
မင်္ဂလာဆောင်မှာညှော်ခံဖို့ လိုရမယ်ရ တောင်ပေါ်က မှာ
ထားတာကွ . . . သဘာဝချက်အရက်ပဲ . . . ဘာဓာတု
ပစ္စည်းမှမရောဘူး"

အစ်ကိုရန်ထွန်းမှ တောသဘာဝ ချက်လုပ်ထားသော အရက်
ပုလင်းနှစ်ပုလင်းကို ကျွန်တော်တို့ဝိုင်းသို့ ချပေးပါသည်။ အရက်
နှင့်မြည်းရန် တောကြောင်သားဟင်းပါချပေးသဖြင့် ကျွန်တော်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မောင်သန်းဝင်း တောကြောင်သားမြည်းလိုက် အရက်အနည်းငယ် သောက်လိုက်ဖြင့် အတော်အတန် မူးသာပြီဖြစ်သဖြင့် အရက် သောက်ခြင်းကို ရပ်ပစ်လိုက်သည်။ ထမင်းဗိုင်းပါ အဆင်သင့်ဖြစ် နေသဖြင့် မင်္ဂလာဆောင်တွင် ကျွေးမွေးသော ဟင်းလျာများကို ဆာဆာဖြင့် တဝစားလိုက်သည်။

"အစ်ကိုရေ . . . မနက်မှ တစ်ခါတွေ့သေးတာပေါ့၊ မင်္ဂလာဆောင်အိမ် ပြန်သွားဦးမယ် . . . ဟိုမှာ ဆွေမျိုး တွေ၊ အပေါင်းအသင်းတွေကို ခဏနေ ပြန်လာမယ်လို့ ပြောလာခဲ့တာ"

ဟု နှုတ်ဆက်ရင်း ကျွန်တော့်ညီ စိန်သောင်းနှင့်အတူ မင်္ဂလာမဏ္ဍပ်သို့ ကျွန်တော်တို့ ပြန်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . ဘယ်သူလဲလို့၊ ငါ့မောင် . . ကျော်လွင်ကိုး။ ကြည့်စမ်းဟယ် ဝလို့၊ ဒါထက် နင့်ဇနီး မနှင်းနုတို့ကော နေကောင်းရဲ့လား။ မနက်ကျ တို့အိမ်လာခဲ့ဦးနော်"

အစ်မဝမ်းကွဲတော်သူ အုတ်တွင်းကုန်းရွာမှ မမြင့်သူက ကျွန်တော့်ကိုမြင်တော့ အားရဝမ်းသာနှုတ်ဆက်ရင်း အိမ်လည်ခေါ်နေသည်။

"အစ်မ ဒီညမပြန်ဘူးလား . . . ၁၅–မိနစ်လောက် လျှောက်ရတာ ပြန်ပေါ့ . . . ကျွန်တော်တို့ပါ တစ်ခါထဲ လိုက်မယ် . . . မနက် မဂ်လာညစ်ခံပွဲကျမှ ပြန်လာသည်၊ ဒီမှာက တီးတာဆိုတာတွေနဲ့ နောက်ပြီး ချက်ပြုတ်မှာ တွေနဲ့ အိပ်ရမှာလည်း မဟုတ်ဘူး . . . ကျွန်တော်တို့က



www.burmeseclassic.com

www.burmeseclassic.com



ခရီးပန်းလာတာ၊ အစ်မတို့ရွာကို လိုက်အိပ်မယ်"

ကျွန်တော်က နားအေးပါးအေးနေလိုသဖြင့် အစ်မတို့ရွာမှာ သွားအိပ်လိုကြောင်း အစ်မကိုပြောလိုက်မိသည်။

"ဟဲ့ . . . ငါပြန်လို့ ဘယ်ဖြစ်မလဲ၊ ကိုယ့်တူ ကိုယ့်သား မင်္ဂလာပွဲ . . . အောက်ခြေသိမ်းလုပ်ကိုင်စောင့်ရှောက် ပေးရမှာဟဲ့ . . နင်တို့သွားချင်ရင် စိန်သောင်းတို့ညီအစ်ကိုတွေ ပို့ကိုပို့နိုင်းလိုက်မယ် . . . ညကြီးမင်းကြီး သွားမနေပါနဲ့ဟယ်၊ တစ်ညတစ်လေ ဒီလိုပဲ ဖြစ်သလိုအိပ်လိုက်ကြတာပေါ့"

"ကဲ . . အစ်မ လုပ်စရာရှိတာသာလုပ်၊ ဟိုမှာ အောင်ငြိမ်းတို့လူစု လှမ်းခေါ်နေလို့ ကျွန်တော်သွားလိုက်ဦးမယ်"

ကျွန်တော်လည်း ငယ်သူငယ်ချင်း အောင်ငြိမ်းနှင့် ကျော်ဝတို့ စကားဝိုင်းသို့ ထွက်လာမိသည်။ အစ်မ မမြင့်သူက ချက်ရေးပြုတ်ရေးကိစ္စအတွက် အမျိုးသမီးအုပ်စုဘက်သို့ ထွက်သွားလေသည်။

"သူငယ်ချင်း နေကောင်းရဲ့နော်၊ ဘယ်လိုလဲ . . . သီးနှံတွေ စပါးတွေအတော်ရရဲ့လား၊ စိုက်ပျိုးရေးသမားတွေ ခေတ်ပဲကွာ . . . အစစ အဆင်ပြေမှာပေါ့"

ကျွန်တော်က သူငယ်ချင်းများကို နှုတ်ဆက်လိုက်ရာ သူငယ်ချင်းကျော်ဝက . . .

"ငါ့လစ္စီး . . . မင်းဆီက အရက်စော်နံလိုက်တာကွာ



www.burmeseclassic.com

www.burmeseclassic.com



ဒီအရွယ်အထိ သောက်တုန်းပဲလားကွ"

"မဟုတ်ပါဘူးကွာ . . . အပေါင်းအသင်းတွေတွေ့တာနဲ့ တစ်ခွက်တစ်ဖလားငုံလာတာပါ . . . စွဲစွဲမြဲမြဲရယ် မဟုတ်ပါဘူး . . . အချမ်းပြေလေးပါကွာ"

ဟု မလုံမလဲဖြင့် ကျွန်တော်ဖြေလိုက်သည်ကို မောင်သန်းဝင်းက ပြုံးလျက် ကျွန်တော့်စကားကို ခေါင်းညိတ်ထောက်ခံလိုက်သည်။

♛ ♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



ရွာတီးဝိုင်းအဖွဲ့၏ တေးသံများကလည်း ကောင်းလှသဖြင့် လာရောက်နားထောင်ကြသူများ မဏ္ဍပ်အတွင်းသာမက အိမ်ပေါ် ထပ်မှာပင် လူအပြည့်ဖြစ်နေသည်။

"အစ်ကိုရေ . . ဒီအတိုင်းဆို တစ်ညလုံး ကျွန်တော်တို့ အိပ်ရမှာမဟုတ်တော့ဘူး . . . ခရီးပန်းလာတာ ခဏဖြစ် ဖြစ် လှဲချင်လိုက်တာ အစ်ကိုရယ်"

မောင်သန်းငင်းက တဝါးဝါးသမ်းရင်း ကျွန်တော့်ကို တီးတိုး စကားဆိုလာသည်။ ကျွန်တော့်ကို အားကိုးပြီး အဖော်အဖြစ် လိုက်လာသူဖြစ်သဖြင့် ကျွန်တော်လည်း သူခဏနားနေရန် ဘယ်လို စီစဉ်ရမှန်းမသိ ဖြစ်နေသည်။

"ငါ့ညီရေ . . လူတွေဒီလောက်များနေတာ၊ ခဏလှဲဖို့ တောင် ဘယ်လိုစီစဉ်ရမှန်းမသိတော့ဘူး . . . ကဲကွာ မထူးတော့ပါဘူး . . . အစ်မ မမြင့်သူတို့ရွာ သွားအိပ်မယ် ကွာ . . . ဒီရွာနဲ့ ဘာမှမဝေးဘူး . . . မိနစ် (၂၀)ထက် ပိုမလျှောက်ရဘူး . . . တို့ဒေသက အေးချမ်းတယ်၊ မြွေမ ကြောက်ရင် ဘယ်အချိန်သွားသွား အန္တရာယ်မရှိဘူး ကဲ . . ပြောနေကြာတယ် . . သွားမယ်ကွာ"

ကျွန်တော်က ကျွန်တော်တို့ရွာနဲ့ တစ်မိုင်ခန့်ဝေးသော အစ်မ မြင့်သူတို့ရွာသို့သွားရန် ပြင်လိုက်သည်။ မြွေကင်း အန္တရာယ်အတွက် လက်နှိပ်ဓာတ်မီးယူသွားသင့်သဖြင့် သူငယ်ချင်းလှထွန်း၏ ဓာတ်ခဲ



www.burmeseclassic.com

www.burmeseclassic.com



နှစ်လုံးထိုးမာတ်မီးကို ခေတ္တငှားလိုက်သည်။

"သူငယ်ချင်း ... ငါ့မာတ်မီးက မာတ်ခဲအားသိပ်မကောင်းတော့ဘူး ... ဒါပေမယ့် မြွေတွေကင်းတွေတော့ မြင်နိုင်ပါတယ် ... အိမ်သာသွားချင်ရင်တော့ အိမ်ရှေ့ အိမ်ကိုသာသွားပေရော့ ... ဒီအိမ်နောက်ဖေးမှာက ချက်တဲ့ပြုတ်တဲ့အဖွဲ့တွေနဲ့"

ကျွန်တော်လည်း ဘာမှပြန်ပြောမနေတော့ဘဲ လှထွန်းမာတ်မီး ယူလာပြီး ရွာထဲကအသာ ထွက်လာမိတော့သည်။ ကျွန်တော်တို့ ဘယ်မှာသွားအိပ်မည်ဆိုတာကိုလည်း အားနာသဖြင့် ဘယ်သူ့မှ မပြောခဲ့ချေ။ ကျွန်တော်တို့ ရွာကထွက်လာတော့ ညရှစ်နာရီ ခွဲခန့်ရှိချေပြီ။ ကျွန်တော်တို့နှစ်ယောက်သား သောက်ထားသော အရှိန်ကြောင့် ရီဝေရီဝေနှင့် ရွာကလေးထဲမှ တိတ်တဆိတ် ထွက် လာပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းညချမ်းဖြစ်သဖြင့် နှင်းမှုန်များကလည်း တဖွဲဖွဲ ကျလျက်ရှိသည်။ လက်နှိပ်ဓါတ်မီးကလည်း ရှေ့တစ်လန်ကွာလောက်ပင် ကောင်းကောင်းအလင်းရောင် မပေးနိုင်။ ခေါင်းငုံ့လျက် ကိုယ့်ခြေလှမ်း ရှေ့သုံးတောင်ကွာလောက်သာ ကြည့်လျှောက်နိုင်တော့သည်။

"အစ်ကိုရေ ဆေးလိပ်တစ်လိပ် ယူဖွာလာတာကမှ ဓါတ်မီးထက် အလင်းရောင်ရဦးမယ် . . . လင်းတဲ့ဓါတ်မီး ငှားခဲ့ပြီးရော . . . ကျွန်တော်တော့ အစ်ကိုနောက်ကနေ မှန်းလိုက်နေရတယ် . . . သောက်ထားတာတောင် ဘာမှ ရောက်ကုန်မှန်းမသိတော့ဘူး . . . ချမ်းလာလို့ပါဗျာ"

"မင်းကလည်းကွာ ဘာမှမစိုးရိမ်စမ်းပါနဲ့. ငါရှိနေတာနဲ့. အဲဒီ

www.burmeseclassic.com



အုတ်တွင်းကုန်းဆိုတဲ့ရွာက လှမ်းခေါ်တောင် ကြားနေရတာ လာစမ်းပါ လမ်းလျှောက်ရင်း တဖြည်းဖြည်းနွေးလာမှာပါ"

ကျွန်တော်က မောင်သန်းဝင်ကိုပြောရင်း ခြေလှမ်းမြန်မြန် လှမ်းနေသဖြင့် သူနှင့်ကျွန်တော် တစ်လန်ကွာလောက် လှမ်းသွားသည်။

"အစ်ကို နေပါဦး။ ဒီမှာ ဘာကြီးမှန်းမသိဘူး ကျွန်တော့်အနား ဆန်ကောတစ်ချပ်နဲ့ ယပ်ခပ်နေသလို တဝိုးဝိုးနဲ့ . . . ဒီဘက် ခါတ်မီးထိုးပြစမ်းပါဦး . . . ကြက်သီးကို ဖျန်းကနဲထ သွားတာပဲ"

"မင်းကလည်း မှုံးမှုံးရှုးရှုးနဲ့ ပြောနေပြန်ပြီ . . . အတူတူ သွားတဲ့လူချင်း ငါတော့ဘာမှ မကြားရမခံစားရဘူး။ မင်း စိတ်ထင်လို့ပါကွာ . . . ကဲ . . . ငါ ခါတ်မီးနဲ့ ထိုးကြည့်ပြီးပြီ၊ ဘာရှိလို့လဲ . . . ကဲလာ . . . ငါနဲ့ကပ်လိုက်"

ကျွန်တော်က မောင်သန်းဝင်ကို ကျွန်တော်နဲ့ ကပ်လိုက်ရန် ပြောပြီး လူသွားလမ်း အလယ်ခေါင်ကနေ တဖြည်းဖြည်းသွားပါသည်။

"အောင်မလေး . . . ဟဲ့ မောင်သန်းဝင်း လုပ်ပါဦး . . . ငါ့မျက်နှာနားကပ်ပြီး မင်းပြောသလို ဆန်ကောတစ်ချပ်နဲ့ ယပ်ခပ်နေသလို တဝိုးဝိုးနဲ့ . . ."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်အစ်ကို ကျွန်တော် သိလိုက်တယ် . . . တာလာပြန်ပြီ အစ်ကိုရေ . . . ကျွန်တော်တို့ကို ရှေ့ကနေလုပ်လိုက် ဘေးကနေလုပ်လိုက်နဲ့ . . . မဖြစ်ဘူး . . . နောက်ပြန်လှည့်မှ ကျွန်တော် ကြောက်လာပြီ"

"ဒီလောက်လျှောက်လာပြီးမှ ပြန်လှည့်မသွားချင်တော့ဘူးတို့ လက်ထဲတုတ်တိုတစ်ချောင်းတောင် မပါဘူးကွာ . . . ဟာ . . . ဟော့ကောင် ငါ့ အနားကပ်နေ ခုတစ်ခါ အသံပိုပြင်းလာတယ်"

"ဟုတ်တယ် အစ်ကို . . . ပြန်လှည့်ကြပါစို့ . . . ကျွန်တော် ရောက်ချင်ရာရောက် ထွက်ပြေးချင်စိတ်ပေါက်လာပြီ"

ကျွန်တော်လည်း လန့်လာသည်။ မောင်သန်းဝင်း ထွက်ပြေးမှာစိုးလို့ သူ့လက်ကို ဆွဲထားရသေးသည်။ ရှာဘက်ကို လှမ်းအော်ရင်လည်း မင်္ဂလာဆောင်က တီးသံမှုတ်သံ သီချင်းသံများကြောင့် ကြားနိုင်မည်မထင်။ တဝိုးဝိုးလုပ်နေသည့် အသံကလည်း ပိုလို့သာ ဆိုးလာသည်။ နောက်ခုံးလမ်းပေါ်မှဆင်းပြီး လှည်းလမ်းကြောင်းပေါ် နှစ်ယောက်သား ဆင်းလာခဲ့သည်။ လှည်းလမ်းကြောင်းပေါ်ရောက်တော့ တဝိုးဝိုးအသံမကြား ယပ်ခပ်သလိုလည်း မလုပ်တော့။ ဒီ ဘက်လမ်းပေါ်မှ လှည့်လှည်းသံလို အသံနက်ကြီးနဲ့ ထွက်လာသည် ... ရွာလမ်းကို အမြန်နှုန်းတင်၍ သွားနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



လှည်းလမ်းကြောင်းနှင့် ယှဉ်နေသော လူသွားလမ်းမှာ တဖြည်းဖြည်းနှင့် လှည်းလမ်းကြောင်းနဲ့ ကွာမှန်းမသိကွာလျက်ရှိရာ ကြောက်လန့်ဖွယ်အသံနှင့် တဝိုးဝိုးယပ်ခပ်သလိုလုပ်နေမှုလည်း မခံစားရတော့ပေ။ သို့သော် ကြောက်စိတ်က မပြယ်ဘဲ နှင်းထုထု ညမှောင်မှောင်ထဲ နှစ်ယောက်သား လက်တွဲမဖြုတ်ရဲတော့ချေ။ တဖြည်းဖြည်း အုတ်တွင်းကုန်းရွာနားနီးလာပြီဖြစ်သဖြင့် ရဲစိတ် များပြန်ဝင်လာသလို ဖြစ်လာသည်။

"ဗျို့ . . . ဆရာတို့"

ဟူသော အသံက ထန်းနှစ်ပင်ခြေ ရင်းမှ ရုတ်တရက် ထွက်လာသည်။

"အောင်မယ်လေး . . . လုပ်ပါဦး အစ်ကို"

မောင်သန်းဝင်းက ကျွန်တော့်ကို ပြေးဖက်လိုက်ပါသည်။ ကျွန်တော်က ထန်းပင်ရင်းသို့ လက်နှိပ်ဓါတ်မီးထိုးကြည့်လိုက်ရာ လူတစ်ယောက်ရပ်နေသလို မသဲမကွဲ မီးရောင်မှိန်မှိန်အောက်တွင် မြင်လိုက်ရသည်။

"လူပါကွ . . . မကြောက်စမ်းပါနဲ့ တို့နှစ်ယောက်စလုံး သိုင်းတတ်ထားတာပဲ"

ကျွန်တော်က နှစ်သိမ့်စကားဆိုနိုက် ထန်းပင်အောက်မှ စကားသံထွက်လာပြန်သည်။

"ကျုပ် ထန်းရည်ခိုးတက်နေတာဗျို့ ခင်ဗျားတို့ နှစ်ဦးယှ



www.burmeseclassic.com

www.burmeseclassic.com



သွား . . . ကျုပ်အတွက် ပြန်တက်ယူလိုက်ဦးမယ်"

ပြောပြောဆိုဆို ထန်းပင်ပေါ်တက်သွားသဖြင့် ကျွန်တော်တို့လည်း ထန်းပင်အောက်က ထန်းရည်နှစ်အိုးကို ယူလိုက်သည်။

"ငါ့ညီရေ အချမ်းပြေ အကြောက်ပြေ အစ်မမြင့်သူတို့အိမ်ကျ တဝသောက်ကြတာပေါ့ကွာ"

ဟု မောင်ငနှံးဝင်ကို ပြောပြီး ထန်းပင်ပေါ်မှလူကို မိတ်မီးနှင့်ထိုးကြည့်ရာ ထန်းပင်ပေါ် အလင်းမရောက်သဖြင့် မမြင်ရ။

"ကျေးဇူးပဲ ဆရာရေ"

❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ခါတ်မီးတစ်လက်ဖြင့် ရှေ့ကိုကြည့်ဂရုစိုက်သွားနေသလို မောင်သန်းဝင်းကလည်း ထန်းရည်အိုးနှစ်လုံးကို မဖိတ်အောင် ဂရုစိုက်သွားနေရသည်။ ရွာနှင့် တစ်ဖာလုံလောက်သာ ဝေးတော့သဖြင့် ဖြေးဖြေးမှန်မှန်သာသွားနေပါသည်။ မင်္ဂလာဆောင်က သီချင်းဆိုသံများကလည်း ကြားနေရဆဲ ဖြစ်ပါသည်။ အုတ်တွင်းကုန်းရွာထိပ်မှ ဦးလေးထွန်းဝအိမ်က မီးရောင်တလက်လက်ကို လှမ်းမြင်နေရပြီ။

"ဟာ . . . အစ်ကို . . . ကျွန်တော့် လက်ပေါ် အေးကနဲ ဆိုပြီး မြွေတစ်ကောင်ပတ်လိုက်သလိုပဲ ကြည့်စမ်းပါဦး ကျွန်တော် ထန်းရည်အိုးတွေ လွှတ်ချလိုက်တော့မယ်"

"မင်းကလည်း ခုထိအကြောက်မပြေသေးဘူး . . . ကဲ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာလဲ မြေ . . . ထန်းရည်စက်မှန်တော့ အေးကာနဲ့ ဖြစ်သွားတာဖြစ်မှာပေါ့ကွာ"

မောင်သန်းဝင် လက်နှစ်ဖက်လုံးကို ဓါတ်မီးဖြင့်ထိုးကြည့် ရာ ဘာကောင်မှမတွေ့ရ။

"ဟာ . . . ကျုန်တော် မကိုင်ချင်တော့ဘူး . . . ဓါတ်မီး ကျွန်ဘော့်ပေး အစ်ကိုပဲကိုင်ဗျာ ဘာမှန်းကိုမသိဘူး . . . ကော်ကြာ အေးကနဲဆို မြွေပတ်လိုက်သလို ဖြစ်ဖြစ်သွား တယ် . . . ဓါတ်မီးနဲ့ ထိုးကြည့်တော့လည်း ဘာမှမရှိ ဘူး"

"ကဲပါကွာ . . . ရွာထိပ်ပဲရောက်နေပြီ ငါပဲကိုင်ပါတော့ မယ် . . ကဲ . . . ပေး ပေး"

ကျွန်တော် သူ့လက်ထဲမှ ထန်းရည်အိုး နှစ်လုံးကိုယူပြီး သွား နေရာ ရွာထိပ်အဝင်ခွေးများထွက်လာပြီး ကျွန်တော်တို့နောက် အတင်းထိုးလိုက်နေပါသည်။

"ဦးလေးထွန်းဝ ရေလုပ်ပါဦး ဓါတ်မီးပါယူခဲ့ပါ . . . ကျွန်တော်တို့ကို ခွေးတွေဝိုင်းဆွဲတော့မယ်"

ရွာထဲမှခွေးများ ထွက်လာပြီး ဟောင်လိုက်အူလိုက် အတင်း ပြေးဆွဲလိုက်လုပ်နေသဖြင့် အသည်းတထိတ်ထိတ် ရင်တုန်ဖြစ် နေရသည်။ ထိုစဉ် ဦးလေးထွန်းဝနှင့် သူ့သားကြီးကောင် ဓါတ်မီးများ ကိုယ်စီကိုင်လျှက် ထွက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . . ဘယ်သူတွေလဲ ကွ"

ဟူသော ဦးလေးထွန်းဝအမေးကို

"ကျွန်တော် ဟိုဘက်ရွာက ကျော်လွင်ပါ . . . ဦးလေး လုပ်ပါဦး ကျွန်တော်တို့ကို ခွေးတွေကိုက်တော့မယ်"

"ဟယ် . . . ငါ့တူပါလား ဘယ့်နှယ်အချိန်မတော်ကြီး ဟာ . . . မင့်လက်ထဲ ဘာကြီးကိုင်ထားတာလဲ"

ဦးလေးထွန်းဝတို့သားအဖ ဓါတ်မီးရောင်ကြောင့် ကျွန်တော်တို့ ထင်းထင်းလင်းလင်းမြင်နေရသည်။ ကျွန်တော်တို့ အနား၌ ခွေး ဆယ်ကောင်ခန့် ဟောင်လိုက် အူလိုက်ဖြင့် အသည်းယားဖွယ် မြင်နေရသည်။

"ဟော့ကောင် မောင်ကျော်လွင် မင်းလက်ထဲက ဘာကြီး တွေလဲကွ လွှင့်ပစ်လိုက်စမ်းပါ အဲဒါကို မြင်လို့ခွေးတွေ ဒီလောက်ဖြစ်နေတာကိုး"

"ထန်းရည်အိုးပါ . . . ဦးလေးထွန်းဝရဲ့ ဘာဖြစ်လို့လဲ"

"ဟော့ကောင် ဘယ်ကထန်းရည်အိုးဟုတ်လို့လဲ အိုးကွဲကြီး ထဲ ဘာကြီးထည့်လာမှန်းမသိဘူး အမြန်လွှင့်ပစ်လိုက်စမ်း"

ကျွန်တော်လည်း ဦးလေးထွန်းဝ ဓါတ်မီးရောင်ဖြင့် အထဲ အချာကြည့်လိုက်ရာ အိုးကွဲထဲ ထန်းသီးလုံးကြီးများ ထည့်ထား သည်ကိုတွေ့လိုက်ရသဖြင့် တအံ့တဩဖြစ်သွားလျှင် လက်ထဲမှ လွှတ်ချလိုက်သည်။ ကျွန်တော် လွှတ်ချလိုက်သော အိုးကွဲနှင့်

www.burmeseclassic.com

www.burmeseclassic.com



ထန်းသီးလုံးကြီးများသည် တလိမ့်လိမ့်ဖြင့် လှည်းလမ်းကြောင်းသို့ လိမ့်ဆင်းသွားတော့သည်။ ခွေးများ တအားထိုးဟောင်ပြီး ထန်းသီးလုံးနောက်ပြေးလိုက်ကြသည်ကို ထိတ်ထိတ်လန့်လန့် တွေ့လိုက်သည်။ လှည်းလမ်းကြောင်းတစ်လျှောက် တဖုတ်ဖုတ်ထွက်ပြေးသည့် ခြေသံကြားသဖြင့် ဓါတ်မီးများဖြင့် ထိုးကြည့်ရာ ဘာ မှုမတွေ့ရသော်လည်း ခွေးများဟောင်၍ နောက်မှအပြေးလိုက်နေသည်ကို ကျွန်တော်တို့တွေ့လိုက်သည်။

"ကဲ . . . ကဲ ငါတူတို့ အိမ်ထဲဝင်ကြဦး ဘယ်လိုဖြစ်တာလဲ . . . ဦးလေးပြောပြပါဦး မင်းတို့ဟာ ဘာတွေဖြစ်ပြီး ဘာတွေလုပ်လာတာလည်း မသိဘူး"

ဦးလေးထွန်းဝက ကျွန်တော်တို့ကို သူ့အိမ်ထဲခေါ်သွားသဖြင့် ကျွန်တော်နှင့် မောင်သန်းဝင်းလိုက်သွားသည်။ မောင်သန်းဝင်က ထိတ်လန့်တုန်လှုပ်လျှက်ရှိနေသဖြင့် ရေတစ်ခွက် တောင်းတိုက်လိုက်၏။ ကျွန်တော်က မင်္ဂလာဆောင်အိမ်ကနေ ဒီရွာကို အိပ်ဖို့လာသည့်အကြောင်း။ ကျွန်တော်တို့ရွာနှင့် ဒီရွာသွားသည့် လှည်းလမ်းအတိုင်း လျှောက်လာရာ ဆန်ကောဖြင့် ယပ်ခပ်သလို ခံစားနေရသဖြင့် လှည်းလမ်းကြောင်းအတိုင်း လျှောက်လာမိကြောင်း။ ထန်းနှစ်ပင်နားရောက်တော့ ထန်းရည်ခိုးတက်သူနဲ့တွေ့လို့ ထန်းရည်နှစ်ခွက် ပေးလိုက်ကြောင်း။ သူပေးလိုက်သည့် ထန်းရည်မှာ အိုးကွဲနှင့် ထန်းသီးလုံးသာဖြစ်နေကြောင်း ကြုံတွေ့သမျှကို အသေးစိတ်ရှင်းပြတော့

www.burmeseclassic.com



ဦးလေးထွန်းဝက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေပါသည်

"အင်း ..ဖြစ်နိုင်ချေရှိတယ် ... မကျွတ်မလွတ်ဘူး ထင် ...တယ်အေးလေ အသေဆိုးနဲ့သေရတာပဲ ဘယ်ကောင်းရာ မွန်ရာရောက်မလဲ"

ဦးလေးထွန်းဝ တစ်ယောက်ဘာပြောမှန်းမသိဖြစ်နေသဖြင့် ကျွန်တော်တို့ နှစ်ဦးအကြောင်းသား ဖြစ်နေသည်။

"အဖေကလည်း ဒီလူအကြောင်းသိသာနဲ့ စိတ်ကောင်းလည်းမရှိ အကျင့်လည်းမကောင်းတော့ ဘယ်တော့မှ ကောင်းရာမရောက်ဘူး"

ဦးလေးထွန်းဝသားဘပါ ဝင်ပြောပြန်ရာ ကျွန်တော်လည်း မအောင့်အီးနိုင်တော့ဘဲ ဘယ်သူ ဘာဖြစ်တာလဲဟု မေးလိုက်မိပါသည်။

BURMESE CLASSIC

"အော် ...ငါ့တူတို့ ဘယ်သိပါ့မလဲ ...တို့ရွာက မိခက်နဲ့ညားတဲ့ ဟိုကာနွားက ငမဲညိုဆိုတဲ့ကောင်ပေါ့ကွာ နေ့တိုင်းမူးရူးနေတာ တော်ကြာဘယ်သူ့ကြက်ခိုးလို့ တော်ကြာဘယ်သူ့ ဘဲခိုးလို့နဲ့ လက်ခြေကလည်းဆော့ တော်ကြာဘယ်သူနဲ့ ရန်ဖြစ်လို့ တော်ကြာဘယ်သူရိုက်လို့နဲ့ အော့ကြောလန်ပေါ့ကွာ ...လွန်ခဲ့တဲ့ နှစ်ပတ်လောက်က အဲဒီထန်းနှစ်ပင်ပေါ်မှာနေ တျလိုက်တာ ထန်းရည်အိုးကွဲတွေကြားမှာ မြင်းမကောင်း ရှုမကောင်း

www.burmeseclassic.com


ရှပ်ပျက်ဆင်းပျက် သေသနေလိုက်တာ မှောင်ရိုးကျင်းမှာ သိရတယ် ... အဲဒီကောင်တွေ သဲမှာဝရောက်နေ ထင်ပါရဲ့ကွာ ... မင်းတို့ ကြုံသလို ဘယ်သူ့မှတော့ မကြုံသေးဘူးသေးဘူး သာဝလည်း သူ့ထန်းပင်ကို မတက်တော့ဘူးကွ"

BURMESE CLASSIC

"ဦးလေးထွန်းဝ ... ရှင်းပြမှ ကျွန်တော်တို့ အဖြေကြီး ကြောက်သွားမိသည် ... မှုးမစင်း အသင်မခြင် တတ်သော ကိုယ့် ကိုယ်ကိုလည်း မကျေမနပ် ဖြစ်နေမိ သည် ... ညကြီးမင်းကြီး သက်စွန့်ဆံဖျားဆိုတက်တဲ့ ထန်းရည်ကို ဘယ်ကလာတဲ့ လူမှန်းမသိတဲ့ ကို ဘယ် သူပေးမှာလဲ ... နောက်ပြီး ထန်းပင်ပေါ် ဖြစ်တက်သွား ရင်လည်း သူတက်သွားတာ မြင်ရမှာပေါ့ ... ဒီထန်း ပင်နားရောက်အောင် ရွာအထွက်ကတည်းက ခြောက် လှန့်ပေးတာဖြစ်မှာ လို့လည်းတွေးလိုက်မိပါသည် ... အကယ်၍သာ ဦးလေးထွန်းဝနှင့်မတွေ့ဘဲ အိမ်အထိ ထန်းရည်အိုးဟု သတ်မှတ်ထားသော အိုးကွဲနှင့်ထန်းသီး ကို ယူလာမိရင် ... ကျွန်ုပ်၏ သက်မတွေ့ရဲ့တော့ပါ ဖြစ်စဉ်အားလုံးကို တွေးရင်းအသည်း ထိတ်ရင်မိုလာမိ သည် ... ထိုညက ကျွန်တော် ဟိုတွေးသည်တွေးရင်း ကြောက်စိတ်များဖြင့် ရင်တထိတ်ခုန်၍ အိပ်ရတော့၏


www.burmeseclassic.com

www.burmeseclassic.com



မောင်သန်းဝင်းတစ်ယောက် ကျွန်တော်နှင့်ကျောခြင်း ကပ်လျှက် တမေ့းမျှ အိပ်ရပုံမပေါ်ပါ . . . ထိုစဉ်က အကြောင်းကို တွေးလေတိုင်း ယနေ့ထိ ရင်တုန်မစဲဖြစ်မိပါတော့သည်။

သုနန္ဒာဆွေ(သမြေပြန်)

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

**စာမူကလောင်ရှင်သစ်များဆီသို့သတင်းကောင်းပါးခြင်း . .**

စိန်မိုးယံစာပေတိုက်မှလစဉ်ထွက်ရှိသော

၁။ ဝရဇိန် (ပရဆန်းကြယ်ဂမ္ဘီရဝတ္ထုတိုများ)

၂။ ဝရဇိန် (ပရဆန်းကြယ် လုံးချင်းဝတ္ထု)

၃။ ဂမ္ဘီရဝိဇ္ဇာဥ် (ပရဆန်းကြယ်ဂမ္ဘီရဝတ္ထုတိုများ)

တွင် ဖော်ပြရန် စာပေဝါသနာပါသူ၊ ကလောင်ရှင်အသစ်များ အနေနှင့် ပရဆန်းကြယ်ဂမ္ဘီရဝတ္ထုတိုများကိုပေးပို့နိုင်ပါသည်။

စာမူရေးသားရာတွင် A4 စာမျက်နှာ(၈)မျက်နှာမှ (၁၂)မျက်နှာ အတွင်း ရေးသားပေးပို့ရပါမည်။ ကိုယ်တွေ့ဖြစ်ရပ်ဆန်း၊ ဂမ္ဘီရ ပရလောကနှင့်သက်ဆိုင်သော သရဲ၊ သစ္စေ၊ ဝိဇ္ဇာဥ်အစရှိသည့် အကြောင်းရာများကို ဦးစားပေးရေးသားပေးပို့နိုင်ပါသည်။

စာမူဖော်ပြခံရပါက စာမူခနှင့်စာအုပ်လက်ဆောင်များကို ပေးမည်ဖြစ်ပါသည်။

BURMESE CLASSIC

စာမူရေးသားပေးပို့လိုပါက–

ဓာတ်ပုံ(၂)ပုံ၊ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်တိုင်ရေးစာမူဖြစ်ပါကြောင်းဝန်ခံကတိများနှင့် အတူ ပေးပို့နိုင်ပါသည်။

**စာမူကိစ္စနှင့်ဝေဖန်အကြံပေးလိုပါက–**

အမှတ်(၄၄)၊ ပထမထပ်၊ အင်းဝလမ်း၊ ကျောက်မြောင်းရပ်ကွက်၊

တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉၅၁၀၀၉၃၇

www.burmeseclassic.com